# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၂ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်၊ စနေနေ့။ Saturday, 19 September 2020 ၁၀၁၄၀


**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏ အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိအကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏ အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)

# ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားများ တောင်ကြီးမြို့၊ ပင်းတယမြို့နှင့် ဟိုပုံးမြို့တို့၌ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၈**

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှမော်ဦးနှင့် တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၁၅ ရက်မှ စက်တင်ဘာ ၁၇ ရက်အထိ ရှမ်းပြည်နယ် တောင်ကြီးမြို့၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့တို့သို့ သွားရောက်၍ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြဆွေးနွေးခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖



အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၌ စက်တင်ဘာ ၁၅ ရက်က ကျင်းပသည့် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားတွင် ဆွေးနွေးပြောကြားစဉ်။

# စင်ကာပူနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၅၃ ဦးအား ပြန်လည်ခေါ်ဆောင်

နေပြည်တော် စက်တင်ဘာ ၁၈

**နိုင်ငံတကာ ခရီးသည်တင်လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် စင်ကာပူနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၅၃ ဦးအား မြန်မာအမျိုးသားလေကြောင်း(MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။**

ၤင်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ/သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ၁၄ ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည်။ စင်ကာပူနိုင်ငံမှ ကယ်ဆယ်ရေးလေယာဉ်ကို အပတ်စဉ် သောကြာနေ့တိုင်း ပျံသန်းပြေးဆွဲလျက်ရှိပြီး ယနေ့အထိ စင်ကာပူနိုင်ငံမှ ကယ်ဆယ်ရေးလေယာဉ် ၁၈ ကြိမ် ပျံသန်းပြေးဆွဲခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



စင်ကာပူနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

## ကြေးမုံ ယနေ့ ဖတ်စရာ

**မြန်မာပြည်သူများအတွက် ကိုဗစ်ကာလမှာ ငှက်ခါးလေး အားခဲပြီး ပျံနေဆဲပါ**

စာမျက်နှာ » ၆

**ရန်ကုန်မြို့ရှိ ဆေးရုံကြီးလေးခု၌ ယာယီဆေးရုံများ ထားရှိမည်**

စာမျက်နှာ » ၉

**စာရင်းဝင်မည့် ကုမ္ပဏီများအတွက် ရန်ကုန်စတော့အိတ်ချိန်း၏ စာရင်းဝင်စံသတ်မှတ်ချက်များ အကြောင်း သိကောင်းစရာများ**

စာမျက်နှာ » ၂၂


**မက်စ်ဘိလပ်မြေ တိုက်ရိုက်ဝယ်ယူရရှိနိုင်သောနေရာများ**

လိပ်စာ(၁) ▶ အမှတ်(၅၂၇)၊ ရာကျော်လမ်း၊ မြို့သစ်ရပ်ကွက်၊ မြို့သစ်ဈေးအနီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

လိပ်စာ(၂) ▶ ပျဉ်းမနား-တောင်ညိုလမ်း၊ စည်ပင်ဧည့်ရိပ်သာရှေ့၊ ရွှေကြာပင်ရပ်ကွက်၊ နေပြည်တော်မြို့။

လိပ်စာ(၃) ▶ တောင်ဖီလာ၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်မြို့။

MAX CEMENT

မက်စ် ဘိလပ်မြေ

マックスセメント




www.maxcement.com maxcementmyanmar Sales Hotline 09 770 770 770

ကြေးမုံ

# စည်းကမ်းလမ်းညွှန်ချက်များ လိုက်နာခြင်းဖြင့် ဝိုင်းဝန်းကူညီ

စည်းကမ်းသည်လူ့တန်ဖိုး၊ စည်းကမ်းလိုက်နာ ဘေးကင်းကွာ စသည့်ဆိုရိုးစကားများ ရှိကြသည်။ မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေအရ ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှုများရပ်တန့်စေရန် ပြည်သူများအနေဖြင့် သက်ဆိုင်ရာများက သတ်မှတ်ထားသော စည်းကမ်းလမ်းညွှန်ချက်များကို လေးစားလိုက်နာခြင်းသည်သာ အကောင်းဆုံး ကာကွယ်၊ ထိန်းချုပ်နည်းပင် ဖြစ်ပါသည်။

လက်ရှိအချိန်အခါတွင် မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ရောဂါပိုးကူးစက်မှုမြင့်မားနေသောကာလ ဖြစ်သည်။ ထိုကာလတွင် လူတန်းစားအလွှာအသီးသီးက မိမိတို့နှင့်ဆိုင်ရာစည်းကမ်းများကို တိကျစွာလိုက်နာခြင်းဖြင့် ကူးစက်မှုကို ထိန်းချုပ်နိုင်လိမ့်မည်ဟု ယူဆပါသည်။

လူတန်းစားအလွှာအသီးသီးဟုဆိုရာတွင် ယခုရက်ပိုင်းအတွင်း မိမိသည် ပြည်ပမှပြန်လာသူလား၊ ပြည်တွင်းခရီး လှည့်လည်သွားလာခဲ့ဖူးသူလား၊ ဌာနဆိုင်ရာဝန်ထမ်းလား၊ စက်ရုံ၊ အလုပ်ရုံ၊ ကုမ္ပဏီဝန်ထမ်းလား၊ အိမ်တွင် Home Stay နေထိုင်သူလား စသည်ဖြင့်နေထိုင်လုပ်ကိုင်နေသူများကို ဆိုလိုရင်းဖြစ်ပါသည်။ ၎င်းတို့အနေဖြင့် မိမိတို့နှင့်ဆိုင်ရာဆိုင်ရာ သတ်မှတ်ထားသော စည်းကမ်းချက်များကို ဆက်လက်လိုက်နာခြင်းဖြင့် မကြာမီ အတွင်း ကူးစက်မှုများရပ်တန့်ပြီး ကပ်ရောဂါဘေးမှ ကျော်ဖြတ်နိုင်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုလေ့လာကြည့်ပါက ပထမပိုင်းတွင် ပြည်ပမှပြန်လည်ဝင်ရောက်လာသူများထံမှ ကူးစက်မှုများ တွေ့ရပြီး ဩဂုတ်လ ၁၆ ရက်နေ့နောက်ပိုင်းတွင် ပြည်တွင်းကူးစက်မှု စတင်တွေ့ရှိလာခဲ့သည်။ ပြည်ပပြန်များ၏ ကူးစက်မှုကို ကာကွယ်၊ ထိန်းချုပ်ထားနိုင်ခဲ့ပြီး ပြည်တွင်းကူးစက်မှုများကို လက်ရှိအခြေအနေတွင် ထိန်းချုပ်နိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိသည်။

ကာကွယ်ထိန်းချုပ်မှုများ ဆောင်ရွက်ရာတွင် အဓိကခက်ခဲမှုပြဿနာမှာ ဗိုင်းရပ်စ်ပိုး၏သဘောသဘာဝပင် ဖြစ်သည်။ ဗိုင်းရပ်စ်ပိုးကူးစက်ခံထားရသူများ၏ ၇၀ ရာခိုင်နှုန်းသည် ရောဂါလက္ခဏာမပြဘဲ သာမန်လူများအတိုင်း ရှိနေခြင်းက ကူးစက်မှုများပြားရခြင်း၏ အကြောင်းရင်းတစ်ခုဖြစ်နေသည်။ မိမိကိုယ်မိမိ ရောဂါပိုးသယ်ဆောင်ဖြန့်ဖြူးနေသူမှန်းသိမနေခြင်း၊ ရောဂါပိုးဖြန့်ဖြူးသူဖြစ်နေခြင်းတို့ကြောင့် ကူးစက်မှုများပြားနေရခြင်းဖြစ်သည်။ မိမိတွင် ပိုးကူးစက်ခံထားရပါက ကိုယ်ခံစွမ်းအားကောင်းနေသမျှ မည်သည့် လက္ခဏာမျှမပြဘဲ ၁၄ ရက်ကျော်လျှင် အခြားသူသို့ ကူးစက်နိုင်မှုမရှိတော့ကြောင်း လေ့လာချက်များက ဆိုသည်။

ထို့ကြောင့် ကိုဗစ်-၁၉ ရောဂါ မကူးစက်ရန်အတွက် မိမိကစ၍ ကာကွယ်ပါဆိုသည့်အတိုင်း မိမိတို့ တစ်ဦးချင်း၊ တစ်ယောက်ချင်းတွင် တာဝန်ရှိလာသည်။ မည်ကဲ့သို့တာဝန်ရှိသလဲဟုမေးလျှင် မိမိတို့တစ်ဦးချင်း၊ တစ်ယောက်ချင်းက မိမိတွင်ရောဂါပိုးရှိသည်ဟု သတ်မှတ်ပြီး မည်သူနှင့်မျှ ထိတွေ့မှုမရှိဘဲနေထိုင်မည်ဆိုပါက ကူးစက်မှုများ အမြန်ဆုံးရပ်တန့်သွားပါလိမ့်မည်။

သို့သော် လူတိုင်းသည် ထိုကဲ့သို့ လိုက်နာရန်ခက်ခဲပေလိမ့်မည်။ လူတိုင်းသည် တစ်လလောက် အလုပ်မလုပ်ဘဲ နေထိုင်စားသောက်နိုင်သော လူတန်းစားများ မဟုတ်ကြ။ နိစ္စဓူဝ ဝမ်းရေးအတွက်၊ နေရေးအတွက်၊ တာဝန်အတွက် သွားလာလုပ်ကိုင်နေထိုင်ကြသူများက အများစုဖြစ်သည်။ ထို့ကြောင့် လူအချင်းချင်း ထိတွေ့နေရမည်၊ ပြောဆိုနေရမည်၊ သွားလာနေရမည် မှန်သော်လည်း ထိုကဲ့သို့ သွားလာနေထိုင်သောအချိန်များတွင် မည်ကဲ့သို့ နေထိုင်သွားလာရမည်ကို သက်ဆိုင်ရာများက စည်းကမ်းသတ်မှတ်ချက်များ ထုတ်ပြန်ထားသည်။ ပြည်ပပြန်များကလည်း ၎င်းတို့နှင့်သက်ဆိုင်သော စည်းကမ်းလမ်းညွှန်များ၊ ပြည်တွင်းခရီးသွားရာဇဝင်ရှိသူများကလည်း မိမိတို့နှင့်ဆိုင်သော စည်းကမ်းလမ်းညွှန်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ Home Stay နေသူများ၊ စက်ရုံ၊ အလုပ်ရုံဝန်ထမ်းများကလည်း မိမိတို့ ဆိုင်ရာဆိုင်ရာ စည်းကမ်းလမ်းညွှန်ချက်များကို လေးစားလိုက်နာခြင်းဖြင့် ရောဂါကူးစက်ပျံ့နှံ့မှုများ ရပ်တန့်သွားအောင် ပူးပေါင်းကူညီကြပါရန် တိုက်တွန်းလိုက်ရပါသည်။ ။

# ကမ္ဘောဇဘဏ်က ကျောက်ဖြူမြို့သို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ပေးပို့လှူဒါန်း

**ကျောက်ဖြူ စက်တင်ဘာ ၁၈**

ကမ္ဘောဇဘဏ်သည် ကိုဗစ်- ၁၉ ရောဂါဖြစ်ပွားနေချိန်ကာလတွင် ရခိုင်ပြည်နယ်နှင့် နိုင်ငံတစ်ဝန်းရှိ ရောဂါခံစားနေရသော ပိုးတွေ့လူနာများနှင့် ၎င်းတို့ကို ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ရောဂါကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများကို ဆက်လက် ပေးပို့လှူဒါန်းလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်း ခုနစ်မျိုးနှင့် ပြည်သူ့ဆေးရုံ အထွေထွေ အသုံးပြုရန်အတွက် ငွေကျပ် သိန်း ၁၀၀ တို့ကို ပေးအပ်လှူဒါန်းသည်။

အခမ်းအနားတွင် ကမ္ဘောဇဘဏ် (ကျောက်ဖြူ)ဘဏ်ခွဲ တာဝန်ခံ ဒေါ်သန်းသန်းလွင်နှင့် ဝန်ထမ်းများက ပိုးတွေ့လူနာများနှင့် ၎င်းတို့အား ကျန်းမာရေးစောင့်ရှောက်မှုပေးနေကြသည့်ဝန်ထမ်းများအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများဖြစ်သည့် ဆေးရုံသုံးနှာခေါင်းစည်း အခုရေ ၅၀၀၀၀၊ ခေါင်းစွပ် ၂၀၀၀၊ မျက်နှာအကာ ၅၀၀၊ လက်အိတ် ၅၀၀၀၊ လက်သန့်ဆေးရည်ဘူးကြီး ၅၀၀၊ မျက်မှန် ၁၀၀၊ တစ်ကိုယ်ရေးသုံးကာကွယ်ရေးဝတ်စုံ ၂၀၀ နှင့် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ ခရိုင်ပြည်သူ့ဆေးရုံကြီး အထွေထွေ အသုံးပြုရန်အတွက် ငွေကျပ် သိန်း ၁၀၀ တို့ကို ပေးအပ်လှူဒါန်းရာ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာရဲလွင်မောင်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

**ပေးပို့လှူဒါန်း**

ရခိုင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ထိရောက်လျင်မြန်စွာ လုပ်ဆောင်နိုင်ရန်အတွက် ကမ္ဘောဇဘဏ်သည် ဧပြီလမှစတင်ကာ ပြည်နယ်အတွင်းရှိ အခြေခံပြည်သူများအတွက် ဆန်အိတ် ၁၀၀၀ နှင့် ပြည်သူ့ဆေးရုံ၊ တိုက်နယ်ဆေးရုံများရှိ ကျန်းမာရေး ဝန်ထမ်းများအတွက် ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကိုလည်းကောင်း၊ ဧပြီလကုန်တွင် လူနာများအတွက် ငွေကျပ်သိန်း ၃၀၀ နှင့် ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများကို လည်းကောင်း၊ ဩဂုတ် ၂၄ ရက်တွင် ရခိုင်ပြည်နယ်၌ ကူးစက်မှုမြန်နေချိန်တွင် စောင့်ကြည့်လူနာများအနက်မှ နေ့စဉ်စားသောက်စရိတ်ခက်ခဲသည့် ပြည်သူတစ်ဦးလျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ငွေကျပ်သိန်း ၃၀၀ ကို လည်းကောင်း၊ ဩဂုတ် ၂၆ ရက်တွင် Air KBZ အရေးပေါ်ကယ်ဆယ်ရေး အထူးလေယာဉ်ဖြင့် ငွေကျပ် သိန်း ၆၀၀ ခန့် တန်ဖိုးရှိ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းခုနစ်မျိုးကို လည်းကောင်း အချိန်နှင့်တစ်ပြေးညီ ပေးပို့လှူဒါန်းခဲ့သည်။



ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ ရောဂါမဖြစ်ပွားခင် ဖေဖော်ဝါရီ ၂၆ ရက်မှစတင်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ငွေကျပ် ၆၄၄၃၂ သိန်း လှူဒါန်းထားရှိပြီး ဆက်လက်၍လည်း နိုင်ငံတော်နှင့် ပြည်သူအတွက် လူမျိုးမရွေး၊ ဘာသာမရွေး၊ နေရာဒေသမရွေး၊ လိုအပ်သည့်အချိန်၊လိုအပ်သည့်နေရာများတွင် လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ် ပေးပို့လှူဒါန်းရန် စီစဉ်ထားရှိကြောင်း သိရသည်။

ကိုကျော်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၈-၉-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၉၀၀ | ၉,၈၀၀ | ၂၄၉ | ၂,၄၅၅,၁၀၀ |
| MTSH | ၃,၇၀၀ | ၃,၆၅၀ | ၆၆၄ | ၂,၄၄၉,၈၀၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၀ | ၀ |
| FPB | ၂၂,၀၀၀ | ၂၀,၅၀၀ | ၄၁၈ | ၉,၁၁၉,၀၀၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၅၂ | ၁၄၀,၄၀၀ |
| EFR | ၃,၀၅၀ | ၃,၀၅၀ | ၁၁၆ | ၃၅၃,၈၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် စက်တင်ဘာ ၁၈

ရန်ကုန်(ရွှေဈေး) ၁၃၁၃၀၀၀ မန္တလေး(ရွှေဈေး) ၁၃၁၃၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၃၅/၅၇၀ ကျပ် | ၅၇၀/၅၈၀ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၅၂၅/၅၅၅ ကျပ် | ၅၅၅/၅၆၅ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၆၀၀/၆၂၀ ကျပ် | ၆၆၀/၆၈၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၄၇၅/၅၀၅ ကျပ် | ၅၃၅/၅၄၅ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၃၅/၄၄၅ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၄၅/၄၅၅ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၃၅/၄၄၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၂၂.၅ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၆၈.၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၅.၇၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၂.၅၈၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၀.၉၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၀၀၉ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၆၇.၁၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၇၅.၃၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၆၆.၅ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၃.၉၆ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ဇင်မေဦး၊ ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်း၊ ဒေါ်ခိုင်မာဆွေနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်၊ ဒေါ်ဇာရည်မွန်နှင့်အဖွဲ့



MYANMAR Digital News
Presented by NPE
www.mdn.gov.mm



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

❖ ရှေ့ဖုံးမှ

အဆိုပါ “ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ရှင်းလင်းဆွေးနွေးခြင်းအခမ်းအနား”ကို စက်တင်ဘာ ၁၅ ရက်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် အစိုးရအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံဆိုင်နှင့် လွှတ်တော်ကိုယ်စားလှယ်များက ဗီဒီယိုကွန်ဖရင့်ဖြင့်လည်းကောင်း၊ စက်တင်ဘာ ၁၆ ရက် တွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့တွင် ကျင်းပသည့် “ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များရှင်းလင်းဆွေးနွေးခြင်းအခမ်းအနား”သို့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့၏ အလုပ်အမှုဆောင် ကော်မတီဝင်(၂) ဦးညီညီ(ခ) ဦးညီလေးချမ်းနှင့် ဒေသဦးစီးအဖွဲ့ဝင်များက လည်းကောင်း၊ စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့တွင် ကျင်းပသည့် “ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနား”သို့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်နှင့် ဒေသဦးစီးအဖွဲ့ဝင်များက လည်းကောင်း၊ စက်တင်ဘာ ၁၇ ရက် မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် အခမ်းအနားသို့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းကျော်(ခ)ဦးအိုက်မိန်းနှင့် ဒေသဦးစီးအဖွဲ့ဝင်များကလည်းကောင်း တက်ရောက်ခဲ့ကြသည်။



ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များနှင့် အကြံပြုချက်များကို အခမ်းအနားတက်ရောက်လာသူများက ရင်းနှီးပွင့်လင်းစွာ မေးမြန်းဆွေးနွေးခဲ့ရာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြား ဆွေးနွေးခဲ့ကြသည်။

အထက်ပါ“ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနား”များအား ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ မှ ချမှတ်ထားသော ညွှန်ကြားချက်များနှင့်အညီ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

**ဝါဆိုသင်္ကန်းများ ဆက်ကပ်**

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် ရှမ်းပြည်နယ်သို့ ရောက်ရှိနေစဉ်အတွင်း ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ရှိ စွန်းလွန်းကျောင်းတိုက် ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအဂ္ဂဓမ္မာဘိဝံသ၊ ပြည်နယ်သံဃနာယကဥက္ကဋ္ဌ သိမ်တောင်ကျောင်းတိုက်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတေဇဝန္တ၊ ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်မှ Oxford ဆရာတော် ဘဒ္ဒန္တဒေါက်တာအရှင်ဓမ္မသာမိနှင့် အောင်မြေဘုံစံကျောင်းတိုက် စစစစ ဆရာတော် အရှင်ခေမာနန္ဒ တို့အားလည်းကောင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ရှိ ရွာငယ်ကျောင်းဆရာတော် ဦးစန္ဒောဘာသနှင့် ကန်ထောင်ကျောင်းဆရာတော် ဦးဝိဇ္ဇာနန္ဒတို့အားလည်းကောင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ရှိ သာသနာလင်္ကာရကျောင်းတိုက်ဆရာတော် ဦးဝိစိတ္တသာရလင်္ကာရနှင့် နောင်တောင်းပရဟိတတပ်ဦးဘုန်းတော်ကြီးသင်ပညာရေးကျောင်းဆရာတော် အဂ္ဂမဟာပရဟိတ ဓရ ဘဒ္ဒန္တရာဇိန္ဒသီရိတို့အားလည်းကောင်း သွားရောက်ဖူးမြော်ကြည်ညို၍ ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကမ္ဘာ့ဘဏ်အုပ်စု၏ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ Vice President , Ms. Victoria Kwakwa နှင့် Virtual Meeting ဖြင့် ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၈**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် ကမ္ဘာ့ဘဏ်အုပ်စု၏ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ Vice President ဖြစ်သူ Ms. Victoria Kwakwa နှင့် ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ Virtual Meeting ဖြင့် တွေ့ဆုံဆွေးနွေးသည်။

**မူဝါဒများချမှတ်ဆောင်ရွက်**

တွေ့ဆုံဆွေးနွေးစဉ် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားစဉ်ကာလအတွင်း ကမ္ဘာ့ဘဏ်မှ Myanmar Health Service Access Project, Myanmar COVID-19 Emergency Response Project နှင့် မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ တုံ့ပြန်ဆောင်ရွက်မှုများ၊ ကမ္ဘာ့ဘဏ်အုပ်စု၏ အဖွဲ့အစည်းတစ်ခုဖြစ်သော International Development Association (IDA) မှ Financing Programs များဖြင့် ချေးငွေနှင့်ထောက်ပံ့ငွေများ ပံ့ပိုးပေးခဲ့မှုများအတွက် ကျေးဇူးအထူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေများ၊ COVID-19 Economic Relief Plan(CERP)နှင့်အညီ ကိုဗစ်-၁၉ ကြောင့် စီးပွားရေးထိခိုက်မှုများအပေါ် ဆောင်ရွက်နေသည့် ကုစားရေးအစီအစဉ်များနှင့် မူဝါဒများ ချမှတ်ဆောင်ရွက်ထားရှိမှု၊ ကမ္ဘာ့ဘဏ်၏ ပံ့ပိုးကူညီမှုဖြင့်ဆောင်ရွက်နေသည့် Public Financial Management Project ၏ တိုးတက်မှု၊ Financial Sector Development Project ဆောင်ရွက်မှု၊ မကြာမီထုတ်ပြန်သွားမည့် The Myanmar Economic Recovery and Reform Plan ဆောင်ရွက်နေမှုများအား ဆွေးနွေးပြောကြားသည်။

ကမ္ဘာ့ဘဏ်၏ Vice President ဖြစ်သူ Ms. Victoria Kwakwa က ယခုလတ်တလောတွင် မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုကြောင့် စိန်ခေါ်မှုများနှင့် ကြုံတွေ့နေရသည့် အချိန်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေး ထွက်ရှိလာပါက Vaccine Procurement အတွက် ကမ္ဘာ့ဘဏ်က ကူညီဆောင်ရွက်ပေးမည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့် ကျန်းမာရေးအသုံးစရိတ်များအတွက် ဘဏ္ဍာရေးလိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရေး၊ ကပ်ရောဂါ ပြန်လည်ကုစားရေးနှင့် ကာကွယ်ရေးလုပ်ငန်းများတွင် ကမ္ဘာ့ဘဏ်အနေဖြင့် ငွေကြေးအထောက်အပံ့နှင့် နည်းပညာအကူအညီများ ပံ့ပိုးပေးနေမှုအခြေအနေများ၊ ကမ္ဘာ့ဘဏ်က မြန်မာနိုင်ငံအတွက် ရေးဆွဲထားသည့် Country Partnership Framework for Myanmar (FY 2021-2023)နှင့် Pipeline Projects များ၊ ကမ္ဘာ့ဘဏ်၏ချေးငွေနှင့် ထောက်ပံ့ငွေများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများဆောင်ရွက်ရန် ကိစ္စရပ်များအား ဆွေးနွေးပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုမည့် Human Capital တိုးတက်ရေး ကိစ္စရပ်များ၊ ပုဂ္ဂလိကကဏ္ဍမှ ပါဝင်မှုတိုးမြှင့်လာရေး ကိစ္စရပ်များတွင် ကမ္ဘာ့ဘဏ်မှ ဆက်လက်ကူညီပံ့ပိုးပေးမည့် အခြေအနေများအား ဆွေးနွေးခဲ့ကြသည်။



**တက်ရောက်**

အဆိုပါ Virtual Meeting သို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဆက်အောင်နှင့် ဒေါက်တာမင်းရဲပိုင်ဟိန်း၊ အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်နှင့် ဌာနဆိုင်ရာအရာရှိကြီးများ၊ ကမ္ဘာ့ဘဏ်မှ Vice President Ms. Victoria Kwakwa နှင့်အတူ ကမ္ဘာ့ဘဏ်၏ အရှေ့တောင်အာရှမဲပေးအုပ်စု အမှုဆောင်ဒါရိုက်တာ Ms. Kulaya Tantitemit နှင့် ကမ္ဘာ့ဘဏ်၏ မြန်မာ၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ Country Director Ms. Mariam Sherman တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်လှစ်ပို့ချ

**နေပြည်တော် စက်တင်ဘာ ၁၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဦးစီးမှူးများနှင့် ဝန်ထမ်းများ ယခင်ကထက် စွမ်းဆောင်ရည် ပိုမိုတိုးတက်လာစေရန်ရည်ရွယ်၍ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းကို ယနေ့နံနက် ၉ နာရီက ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည်။

**သင်ကြားပို့ချ**

ရေးဦးစွာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က အဖွင့်အမှာစကားပြောကြားပြီး တက်သစ်စခေါင်းဆောင်ငယ်/ခေါင်းဆောင်သစ်များ ကျင့်သုံးရမည့် လုပ်ငန်းခွင်ထိရောက်အောင်မြင်ရေးနည်းလမ်းများခေါင်းစဉ်ဖြင့် သင်ကြားပို့ချသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဒေါ်မီမီထွေးက စိစစ်အကဲဖြတ်ရေးနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများဆိုင်ရာ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ အားသာချက်၊ အားနည်းချက်များကို ဆွေးနွေးသင်ကြားပို့ချခဲ့သည်။

အဆိုပါ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် သင်တန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး/ ပြည်နယ်ရုံး ၁၇ ရုံးမှ ဝန်ထမ်း ၁၄၀၊ ခရိုင်ရုံး ၇၂ ရုံးမှ ဝန်ထမ်း ၃၃၇ ဦး၊ မြို့နယ်ရုံး ၂၇၈ ရုံးမှ ဝန်ထမ်း ၁၀၇၉ ဦး စုစုပေါင်း ဝန်ထမ်း ၁၅၅၆ ဦး တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

**ဂျိုင်းလော (နာဂ)**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် မလေးရှားနိုင်ငံခြားရေးဝန်ကြီးနှင့် ဗီဒီယိုကွန်ဖရင့်ဖြင့် ဆွေးနွေး



**နေပြည်တော် စက်တင်ဘာ ၁၈**
အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် မလေးရှားနိုင်ငံခြားရေးဝန်ကြီး Dato’ Seri Hishammuddin Tun Hussein နှင့် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဗီဒီယိုကွန်ဖရင့်ဖြင့် ဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးစဉ် မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံတို့အကြား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေးယန္တရားကို သင့်လျော်သည့်အချိန်တွင် ပြန်လည်စတင်နိုင်ရေး အပါအဝင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရေးဆိုင်ရာ နည်းလမ်းများကို နှစ်ဖက်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

နှစ်နိုင်ငံ ဝန်ကြီးများအနေဖြင့် ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ စီးပွားရေးအပေါ် ကိုဗစ်-၁၉ ၏ အကျိုးသက်ရောက်မှုများ လျှော့ချရေးကိစ္စ၊ မြန်မာအစိုးရ၏ ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများတွင် အထောက်အကူပြုစေရန်အတွက် မလေးရှားနိုင်ငံမှ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံများ၊ အသက်ရှူစက် (Ventilators)များ၊ အခြေခံကျန်းမာရေးသုံးပစ္စည်းများ အပါအဝင် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ကူညီပံ့ပိုးပေးသွားမည့်ကိစ္စ၊ မလေးရှားနိုင်ငံတွင် ရောက်ရှိနေသည့် အထောက်အထားမဲ့ မြန်မာနိုင်ငံသားများအပါအဝင် ပိတ်မိနေသော မြန်မာနိုင်ငံသားများအား နေရပ်ပြန်လည်ခေါ်ဆောင်ရေးတွင် အဆင်ပြေချောမွေ့စေရန် အကူအညီပေးရေးကိစ္စ၊ ကိုဗစ်အလွန်ကာလတွင် မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍ ပြန်လည်ဦးမော့လာရေးအတွက် ဆန်နှင့် အခြားစားသောက်ကုန်ပစ္စည်းများ မလေးရှားနိုင်ငံ နှင့် အရှေ့အလယ်ပိုင်းဈေးကွက်သို့ ပိုမိုတင်ပို့နိုင်မည့် အလားအလာတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

နှစ်နိုင်ငံ ဝန်ကြီးများသည် လေ့စီးဒုက္ခသည်များ ဝင်ရောက်ခြင်းကို ရပ်တန့်ရန်အတွက် လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ အရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား ချုပ်ဆိုထားသည့် နှစ်နိုင်ငံ သဘောတူစာချုပ်များနှင့်အညီ ရေရှည်တည်တံ့သော အဖြေရှာရေးတို့တွင် ဒေသတွင်း ပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် တစ်နိုင်ငံ၏ စိန်ခေါ်မှုနှင့် စိုးရိမ်ပူပန်မှုကို တစ်နိုင်ငံက နားလည်ရန်နှင့် ယင်းပြဿနာများကို အာဆီယံစိတ်ဓာတ်နှင့် အာဆီယံနည်းလမ်းဖြင့် ဖြေရှင်းသွားရန် အရေးကြီးမှုတို့ကို အလေးထားဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က မလေးရှားနိုင်ငံခြားရေးဝန်ကြီး၏ နှစ်နိုင်ငံဆက်ဆံရေး ပြန်လည်တိုးမြှင့်ရန် ကမ်းလှမ်းမှုနှင့် မြန်မာနိုင်ငံအနေဖြင့် အာဆီယံအသင်းသို့ ၁၉၉၇ ခုနှစ်တွင် ဝင်ရောက်နိုင်ရေးအတွက် မလေးရှားနိုင်ငံ၏ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှုနှင့် ထောက်ခံမှုတို့အပေါ် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

Dato’ Seri Hishammuddin Tun Hussein သည် မလေးရှားနိုင်ငံခြားရေးဝန်ကြီးအဖြစ် ၉-၃-၂၀၂၀ ရက်တွင် စတင်တာဝန်ထမ်းဆောင်ခြင်းမပြုမီ ကာကွယ်ရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးနှင့် ပညာရေးဝန်ကြီးအပါအဝင် ရာထူးတာဝန်အသီးသီးကို ထမ်းဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဝါသီးနှံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲသို့ တက်ရောက်



**နေပြည်တော် စက်တင်ဘာ ၁၈**
ဝါသီးနှံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

**တာဝန်ယူဆောင်ရွက်နေ**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ဝါသီးနှံသည် ပြည်တွင်းတွင် ရက်ကန်းလုပ်ငန်းများဖြင့် ဆက်စပ်၍ ချည်ထုတ်လုပ်မှုများရှိသကဲ့သို့ အမျိုးသားပို့ကုန် မဟာဗျူဟာတွင် အထည်အလိပ်ကဏ္ဍသည် ဦးစားပေးကဏ္ဍတစ်ခုအဖြစ် ပါဝင်ကြောင်းနှင့် ဝါထုတ်လုပ်မှုတိုးတက်ရေးနှင့် တန်ဖိုးမြှင့်ကွင်းဆက်တစ်လျှောက် ဖွံ့ဖြိုးတိုးတက်ရန်လည်း လိုအပ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် နိုင်ငံ၏စီးပွားရေးတွင် ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ယူဆောင်ရွက်နေရသဖြင့် ပြည်ပတင်ပို့မှုများအပြင် ပြည်တွင်းသို့ တင်သွင်းမှုနှင့် ပြည်တွင်းတွင် ချည်ခင်ပိုမိုထုတ်လုပ်နိုင်ရေး၊ အရည်အသွေးကောင်းသည့် ချည်မျှင်များနှင့် အထည်အလိပ်များ ထုတ်လုပ်နိုင်ရေး၊ စက်ရုံများဖွံ့ဖြိုးတိုးတက်ရေးတို့ကို ပူးပေါင်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ ပြည်ပတင်ပို့မှုတိုးတက်ရေးနှင့်အတူ ပြည်ပမှတင်သွင်းရသော ချည်ခင်များနေရာတွင် ပြည်တွင်းထုတ်ချည်ခင်များကို သွင်းကုန်အစားထိုးထုတ်လုပ်နိုင်ရေးတို့ကို ရည်ရွယ်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ တိုးတက်ရေးနှင့် ပြည်ပသို့တင်ပို့ခြင်းနှင့် တင်သွင်းသည့်ကိစ္စရပ်များ၊ ပြည်တွင်းကုန်သွယ်ရေးအခြေအနေများ၊ ပို့ကုန်မြှင့်တင်ရေးနှင့် ပြည်တွင်းထုတ်ကုန်များဖြင့် ပြည်ပတင်သွင်းမှုကို အစားထိုးနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ကုန်သွယ်ရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနနှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ပညာရှင်များက စာတမ်းငယ်များဖြင့် ရှင်းလင်းဖတ်ကြားခဲ့သည်။

ဆက်လက်၍ ဝါသီးနှံကဏ္ဍ၏ တန်ဖိုးကွင်းဆက်တစ်လျှောက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ချည်မျှင်ထုတ်လုပ်မှုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ ဝါနှင့်ဝါထွက်ပစ္စည်း ကုန်သည်များနှင့် ကုန်ထုတ်လုပ်ငန်းရှင်များအသင်း၊ မန္တလေး၊ မကွေး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ဝါစိုက်တောင်သူများ၊ ချည်မျှင်စက်ရုံများ၊ ရက်ကန်းလုပ်ငန်းရှင်များ၏ ကိုယ်စားလှယ်များက ၎င်းတို့ကြုံတွေ့ရသည့် အခြေအနေများနှင့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ ငွေကြေးအရင်းအနှီးရရှိရေး၊ အရည်အသွေးကောင်းမွန်သော ချည်ခင်များရရှိရေး၊ ပြည်တွင်းချည်မျှင်စက်ရုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်ပမှတင်သွင်းလာသည့် ချည်မျှင်များနှင့် ယှဉ်ပြိုင်နိုင်ရေးနှင့် ဝါသီးနှံကဏ္ဍ တန်ဖိုးကွင်းဆက်တစ်လျှောက်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသာချက်၊ အားနည်းချက်များ၊ စိန်ခေါ်မှုများနှင့် အလားအလာများကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဝါနှင့်ဝါထွက်ပစ္စည်းကုန်သည်များနှင့် ကုန်ထုတ်လုပ်ငန်းရှင်များအသင်း၊ ချည်မျှင်စက်ရုံများ၊ ရက်ကန်းလုပ်ငန်းရှင်များ၊ မန္တလေး၊ မကွေး၊ စစ်ကိုင်းတိုင်းဒေသကြီးရှိ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကုန်သွယ်မှုဗဟိုဌာနမှ တာဝန်ခံများ၊ ဝါစိုက်တောင်သူများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# Myanmar Be Enchanted iOS Version 1.0 လွှင့်တင်ထားရှိပြီးဖြစ်

**နေပြည်တော် စက်တင်ဘာ ၁၈**
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ခရီးသွားလုပ်ငန်းဆိုင်ရာ တိကျမှန်ကန်သော သတင်းအချက်အလက်များကို ဖြန့်ဝေပေးရန်၊ မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းပြီး လုံခြုံမှုရှိသည့် ကောင်းမွန်သောပုံရိပ်ကို နိုင်ငံတကာတွင် ပိုမိုထင်ရှားလူသိများလာစေရန်၊ မြန်မာနိုင်ငံ၏ သဘာဝအလှအပ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ တိုင်းရင်းသားရိုးရာဓလေ့စရိုက်များ၊ (၁၂)လရာသီပွဲတော်များကို ဖော်ထုတ်၍ အရည်အသွေးရှိသော ပြည်တွင်း/ ပြည်ပခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်စေရေး ဆွဲဆောင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ပြုလုပ်ထားသော Myanmar Be Enchanted အမည်ရှိ Mobile Application ကို ဆောင်ရွက်ထားသည်။

Myanmar Be Enchanted Andriod version 1.0 ကို ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁ ရက်တွင် လွှင့်တင်ခဲ့ပြီးဖြစ်ရာ အောက်ပါ QR Code ကို Scan ဖတ်၍လည်းကောင်း၊ https://bit.ly/2AscTzi တွင်လည်းကောင်း၊ Google Play Store တွင်လည်းကောင်း Download ရယူနိုင်သည်။

ယခုအခါ Myanmar Be Enchanted iOS Version 1.0 ကို စက်တင်ဘာ ၁၅ ရက်မှစတင်၍ ထပ်မံလွှင့်တင်ပြီး ဖြစ်ပါသဖြင့် အောက်ပါ QR Code ကို Scan ဖတ်၍လည်းကောင်း၊ https://apple.co/2RrWZcT တွင် လည်းကောင်း၊ App Store တွင် လည်းကောင်း Download ရယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



# မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ငူဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်း

**တောင်ငူ စက်တင်ဘာ ၁၈**
(၅၆) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်ရဲတပ်ဖွဲ့မှူးရုံးနှင့် အုတ်တွင်းမြို့နယ် ရဲတပ်ဖွဲ့ဝင်တို့ စုပေါင်း၍ ယနေ့နံနက် ၉ နာရီခွဲက တောင်ငူဆေးရုံကြီး၌ သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့နောက် တောင်ငူခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဇော်လွင်ဦးနှင့် အုတ်တွင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ကိုကိုတို့က သွေးလှူဒါန်းသည့် ရဲတပ်ဖွဲ့ဝင်များအား ကြည့်ရှုအားပေးခဲ့ပြီး အာဟာရဖြည့်အစားအစာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည်။



အစည်းအဝေးသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဆေးတက္ကသိုလ် (၁) ပါမောက္ခချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ဓာတ်ခွဲ)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ကူးစက်)၊ ရန်ကုန်တိုင်းဒေသကြီးသို့ ရောက်ရှိနေသော ဗဟိုကွင်းဆင်းအဖွဲ့များ၊ ရခိုင်ပြည်နယ်သို့ ရောက်ရှိနေသော ဗဟိုကွင်းဆင်းအဖွဲ့များ၊ ဆေးရုံများမှ ပါမောက္ခ/ ဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများ၊ ဆေးရုံအုပ်ကြီးများနှင့် တာဝန်ရှိသူများတက်ရောက်သည်။

**နည်းဗျူဟာ (၃) ရပ်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ကပ်ရောဂါတစ်ခုကို ထိန်းချုပ်ရာတွင် ဖြစ်ပေါ်ပြောင်းလဲလာသည့် အခြေအနေအပေါ်မူတည်ပြီး နည်းဗျူဟာများ ပြောင်းလဲရသည်ဖြစ်ရာ ယခုအချိန်၌ ကိုဗစ်-၁၉ လူနာနှင့်ထိတွေ့ခဲ့သူများအား ရှာဖွေဖော်ထုတ်ရေး၊ ကိုဗစ်-၁၉ လူနာများ သေဆုံးမှုနည်းပါးစေရေးအတွက် ကုသမှုလုပ်ငန်းများကို အားဖြည့်ဆောင်ရွက်ရေး၊ အသွားအလာကန့်သတ်သည့် နေရာများ စနစ်တကျစီမံခန့်ခွဲနိုင်ရေးဟူသည့် အဓိကနည်းဗျူဟာ သုံးရပ်ကို အဓိကထား ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း။

လုပ်ငန်းများဆောင်ရွက်ရာတွင် ကျန်းမာရေးရှုထောင့်မှသာမက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ရှုထောင့်ပေါင်းစုံမှ ချိန်ထိုးဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအချိန်တွင် တစ်ဦးကောင်း၊ တစ်ယောက်ကောင်းဆောင်ရွက်၍ မရဘဲ အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် အချင်းချင်း နားလည်မှုရှိစွာ ချိန်သားကိုက် ညှိနှိုင်းဆောင်ရွက်ရန်မှာ အရေးကြီးပါကြောင်း၊ ယခုပြန်လည်ဦးမော့လာသည့်ကိုဗစ်-၁၉ ရောဂါကိုထိရောက်စွာကိုင်တွယ်၍ ပြန်လည်ထိန်းချုပ်နိုင်ရန်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များက ဦးဆောင်ကာ ဆောင်ရွက်မှသာလျှင် အချိန်တိုအတွင်း ထိန်းချုပ်နိုင်မည်ဖြစ်ပါကြောင်း၊ ကပ်ရောဂါထိန်းချုပ်မှုနှင့် ပတ်သက်သော ကျွမ်းကျင်မှုပိုင်းဆိုင်ရာ ကိစ္စရပ်များအား မိမိတို့ ဝန်ထမ်းများက ပံ့ပိုးပေးရမည် ဖြစ်ပါကြောင်း၊ အဓိကဦးတည်၍ ဆောင်ရွက်ရမည့်နည်းဗျူဟာမှာ ပြည်သူများအကြား ငုပ်လျှိုးနေသည့် ရောဂါပိုးရှိသူများအား စနစ်တကျအမြန်ဆုံး ဦးစားပေးအဖြစ် ဖော်ထုတ်ကြရမည်ဖြစ်ပါကြောင်း၊ အဆိုပါ ရောဂါရှိပြီး ငုပ်လျှိုးနေသူများအား ဖော်ထုတ်နိုင်မှု တစ်ရက်နောက်ကျလျှင် နောက်ကျသလောက် ကူးစက်ဖြစ်ပွားမှု များပြားလျင်မြန်သွားမည်ဖြစ်ပါကြောင်း။

**အသေးစိတ်ညှိနှိုင်း**

ဤကပ်ရောဂါသည် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်သဖြင့် ထိန်းချုပ်ခြင်းလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရမည်ဖြစ်သည့်အပြင် ကပ်ရောဂါမပြီးဆုံးခင်အချိန်အထိ ထိန်းချုပ်မှုလုပ်ငန်းများကို လျှော့ချခြင်း မရသကဲ့သို့ ပြည်သူများ အနေဖြင့်လည်း ပေါ့ဆ၍ မရပါကြောင်း၊ ယခုကာလ၌ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ထိန်းချုပ်မှုလုပ်ငန်းကို အရှိန်အဟုန်မြှင့်ကာ တင်းကျပ်စွာ လုပ်ကိုင်လျက်ရှိပြီး ဖြစ်ပေါ်လာသော အခြေအနေအပေါ်မူတည်၍ တစ်ဆင့်ပြီးတစ်ဆင့် လျှော့ချမည်ဖြစ်ပါကြောင်း၊ ယခုဖြစ်ပေါ်လျက်ရှိသော ကပ်ရောဂါ၏ အတိုင်းအဆနှင့် ပျံ့နှံ့မှု ပုံသဏ္ဌာန်ပေါ်မူတည်၍ ဝန်ကြီးဌာနသည် ဆေးရုံဆင်းခွင့်သတ်မှတ်ချက်နှင့် အသွားအလာကန့်သတ်ခြင်းကာလ သတ်မှတ်ချက်များကို ပြန်လည်သုံးသပ်လျက်ရှိပြီး လိုအပ်သလို အမြန်ဆုံးပြင်ဆင်ထုတ်ဝေမည်ဖြစ်ပါကြောင်း၊ ပုဂ္ဂလိကဆေးရုံများ၏ အခန်းကဏ္ဍသည်အရေးကြီးသဖြင့် ပုဂ္ဂလိကဆေးရုံများတွင် ကိုဗစ်-၁၉ လူနာများအား လက်ခံကုသမှုပေးရန်ကိစ္စရပ်အား ဆွေးနွေးပြီးဖြစ်ရာ မူအားဖြင့် သဘောတူညီပါကြောင်း၊ အသေးစိတ်ညှိနှိုင်းမှုများကို အမြန်ဆုံး ဆက်လက်လုပ်ဆောင်သွားကြစေလိုပါကြောင်း။

ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနကလည်း တစ်ပြည်လုံးအတိုင်းအတာဖြင့် ဤရောဂါကူးစက် ပျံ့နှံ့မှုပုံသဏ္ဌာန်ကို နေ့စဉ်သုံးသပ်လျက်ရှိပြီး တွေ့ရှိချက်များပေါ်မူတည်ပြီး ဝန်ကြီးဌာနအနေဖြင့် ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအချိန်တွင် ကျန်းမာရေးဝန်ထမ်းများ အဆင်ပြေစေရေးသည် အဓိကအရေးအကြီးဆုံး ဖြစ်သဖြင့် ဝန်ကြီးဌာနအနေဖြင့် အတတ်နိုင်ဆုံး ပံ့ပိုးပေးလျက်ရှိပါကြောင်း၊ နေရာအဆောက်အအုံ၊ ဟိုတယ်များကို နေထိုင်ခွင့်ပေးသည့် အလှူရှင်များကိုလည်း ကျေးဇူးအထူးတင်ရှိပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်သို့ မိမိဆန္ဒအလျောက် သွားရောက် တာဝန်ထမ်းဆောင်နေသော တိုင်းဒေသကြီး/ ပြည်နယ်များမှ ကျန်းမာရေးဝန်ထမ်းများကိုလည်း အထူးဂုဏ်ယူအသိအမှတ်ပြုပါကြောင်း၊ ယခုအခြေအနေသည် ကူးစက်မှုဒုတိယလှိုင်းစနေသည့် အခြေအနေဖြစ်သဖြင့် ရောဂါပိုးတွေ့ရှိသူအရေအတွက်များ ဆက်လက်မြင့်မားနိုင်မည်ဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ရောဂါကူးစက်ဖြစ်ပွားသူများ ရုတ်တရက်များပြားလာကာ အသွားအလာကန့်သတ်ထားရသူများလည်း များပြားလာသည်ဖြစ်ရာ အသွားအလာကန့်သတ်ရာနေရာအချို့တွင် အစဦးကာလ၌ အဆင်မပြေမှုများရှိခဲ့သည်ကို သိရှိရပါကြောင်း၊ ထို့သို့ အဆင်မပြေမှုများကို နားလည်သည်းခံစေလိုပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်သွားလျက်ရှိပါကြောင်း၊ အဓိက ပြောကြားလိုသည်မှာ ပြည်သူ့တစ်ဦးတစ်ယောက်ချင်းစီ တာဝန်သိစွာဖြင့် မိမိတို့ ဝန်ကြီးဌာနနှင့်ပူးပေါင်း၍ဆောင်ရွက်ပါက ဒုတိယလှိုင်း၏ ဖြစ်ပွားမှုပမာဏနှင့်အရှိန်ကို လျှော့ချနိုင်ပြီး မကြာခင် ထိန်းချုပ်နိုင်မည်ဟု ယူဆပါကြောင်း ပြောကြားသည်။

အစည်းအဝေး၌ အသွားအလာကန့်သတ်ခြင်း သတ်မှတ်ချက်များ၊ ဆေးရုံဆင်းခွင့် သတ်မှတ်ချက်များနှင့် ဓာတ်ခွဲ စစ်ဆေးမှုဆိုင်ရာ သတ်မှတ်ချက်များကို ဖြစ်ပေါ်ပြောင်းလဲလျက်ရှိသော အခြေအနေ အရပ်ရပ်နှင့် ရရှိသော အရင်းအမြစ်များနှင့် ကိုက်ညီစွာ မွမ်းမံပြင်ဆင်ရန်အတွက် ကဏ္ဍအလိုက် သက်ဆိုင်ရာ ပညာရှင်များ သီးခြားဆွေးနွေးမှုများ ပြုလုပ်ပြီး မွမ်းမံရေးဆွဲရန်၊ ကျန်းမာရေးဝန်ထမ်းများက လူနာများအားကိုင်တွယ်ကုသပေးပြီးနောက် ရောဂါကူးစက်ခံရနိုင်ခြေရှိသည့်အတွက် နေအိမ်သို့မပြန်လိုဘဲ သီးခြားနေထိုင်နိုင်ရန်၊ စားသောက်ရန်နှင့် ဆေးရုံနှင့် အဆောင်ကြိုပို့ရန် ဆောင်ရွက်နေမှုများအား ဦးစားပေး ဆောင်ရွက်ရန်၊ ကိုဗစ်-၁၉ လူနာနှင့်ထိတွေ့ခဲ့သူများ နှင့် စောင့်ကြည့်လူနာများအား ဓာတ်ခွဲစစ်ဆေးပြီးနောက် ရောဂါပိုးတွေ့ရှိပါက သက်ဆိုင်ရာ ကိုဗစ်-၁၉ ကုသရေးဌာနသို့ ရောဂါပြင်းထန်နိုင်ခြေရှိမှု အခြေအနေအလိုက် စနစ်တကျ လွှဲပြောင်းနိုင်ရေးအတွက် လုပ်ငန်းအဆင့်ဆင့် လမ်းညွှန် (flow chart)များ ရေးဆွဲဖြန့်ဝေထားရန်၊ အသွားအလာကန့်သတ်ရာနေရာများတွင် အသွားအလာကန့်သတ်ထားသူများ၏ အချက်အလက်၊ စာရင်းဇယားများကို ကွန်ပျူတာစနစ်ဖြင့် ဖြည့်စွက်ထားရှိရန်၊ဆေးတက္ကသိုလ်များရှိ ဓာတ်ခွဲခန်းများတွင် PCR စက်များ ထပ်မံတပ်ဆင်ကာ ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးမှုများ ဆောင်ရွက်ရန်၊ အသွားအလာကန့်သတ်ခြင်းခံရသူ (သို့မဟုတ်) ရောဂါပိုးကူးစက်ခံရသူ ကျန်းမာရေးဝန်ထမ်းများကို သာမက ၎င်းတို့၏ မိသားစုဝင်များကိုပါ ပံ့ပိုးမှုများဆောင်ရွက်ရန်တို့ကို ဆုံးဖြတ်ခဲ့သည်။

**ဆွေးနွေးအကြံပြု**

ထို့အပြင် ယနေ့ နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးဌာနမှ အရာရှိကြီးများသည် ဗီဒီယိုကွန်ဖရင့်ကို အသုံးပြုကာ လက်ရှိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွား ကူးစက်မှုအခြေအနေနှင့် သေဆုံးမှုအခြေအနေများ၊ ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ လက်ရှိချမှတ်ကျင့်သုံးနေသော အသွားအလာကန့်သတ်ခြင်းကာလနှင့် နေရာသတ်မှတ်ချက်များ၊ ဆေးရုံဆင်းခွင့်သတ်မှတ်ချက်များ၊ ဓာတ်ခွဲစစ်ဆေးမှုဆိုင်ရာသတ်မှတ်ချက်များနှင့်ပတ်သက်၍ ပြန်လည်လေ့လာသုံးသပ်ပြီး လက်တွေ့မြေပြင်အခြေအနေနှင့် ကိုက်ညီသော ပြုပြင်ပြောင်းလဲသင့်သည့် အချက်များကို ဆွေးနွေး အကြံပြုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် (၂၃) ကြိမ်မြောက် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးသို့ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၈**

(၂၃) ကြိမ်မြောက် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးကို ယနေ့နံနက် ၈ နာရီခွဲတွင် ဗီဒီယိုကွန်ဖရင့် စနစ်ဖြင့် ကျင်းပသည်။

**ပါဝင်တက်ရောက်**

အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်း၊ အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ၊ အာရှဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌ Mr. Masatsugu Asakawa ၊ အာဆီယံ+၃ မေခရိုစီးပွားရေးသုတေသနရုံး (ASEAN+3 Macroeconomic Research Office -AMRO) မှ ညွှန်ကြားရေးမှူး၊ အာဆီယံအတွင်းရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာငွေကြေး ရန်ပုံငွေအဖွဲ့ (IMF)မှ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူးတို့ ပါဝင်တက်ရောက်ကြသည်။

(၂၃) ကြိမ်မြောက် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးတွင် ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး Mr. Taro Aso၊ ဂျပန်ဗဟိုဘဏ်ဥက္ကဋ္ဌ Mr. Kuroda Haruhiko၊ ဗီယက်နမ်နိုင်ငံဘဏ္ဍာရေးဝန်ကြီး Mr. Dinh Tien Dung နှင့် ဗီယက်နမ်နိုင်ငံဗဟိုဘဏ်ဥက္ကဋ္ဌ Mr. Le Minh Hung တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်သည်။

ရှေးဦးစွာ IMF၊ ADB နှင့် AMRO တို့မှ ကမ္ဘာတစ်ဝန်းနှင့် ဒေသတွင်းလတ်တလော စီးပွားရေး အခြေအနေနှင့် အလားအလာများ၊ ကိုဗစ်-၁၉ နှင့်စပ်လျဉ်းသည့် စိန်ခေါ်မှုများနှင့် ဆုံးရှုံးနိုင်ခြေများအပေါ် မူဝါဒဆိုင်ရာ တုံ့ပြန်ချက်များကို တင်ပြခဲ့ကြကာ တင်ပြချက်များနှင့် စပ်လျဉ်း၍ အစည်းအဝေးတက်ရောက်လာကြသူများက အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး အစည်းအဝေး တက်ရောက်လာကြသည့် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများက မိမိတို့နိုင်ငံများအလိုက် ကိုဗစ်-၁၉ ရောဂါကြောင့် ဖြစ်ပေါ်လာသည့် လတ်တလောစီးပွားရေးအခြေအနေနှင့် စီးပွားရေးအပေါ် သက်ရောက်မှုများကို အနည်းဆုံးဖြစ်စေရန်နှင့် လျင်မြန်စွာပြန်လည် ဦးမော့နိုင်စေရန်အတွက် ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ တင်ပြကြသည်။

**ပူးပေါင်းဆောင်ရွက်**

ဆက်လက်၍အာဆီယံ+၃ ငွေရေးကြေးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များဖြစ်သည့် (၁) ဇင်းမယ်အစီအစဉ်တွင် နိုင်ငံစုံပါဝင်လာရေး (Chiang Mai Initiative Multilateralization -CMIM) အကောင်အထည်ဖော်မှု၊ (၂) အာဆီယံ+၃ မေခရိုစီးပွားရေးသုတေသနရုံး (ASEAN +3 Macroeconomic Research Office-AMRO) ၏ လုပ်ငန်းတိုးတက်မှုအခြေအနေ၊ (၃) အာရှငွေချေး စာချုပ်ဈေးကွက်အစီအစဉ် (Asian Bond Markets Initiatives -ABMI) အကောင်အထည်ဖော် ဆောင်ရွက်မှု၊ (၄) အာဆီယံ+၃ ငွေရေးကြေးရေးပူးပေါင်း ဆောင်ရွက်မှု (ASEAN+3 Finance Process) အကောင်အထည်ဖော် ဆောင်ရွက်မှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# မြန်မာပြည်သူများအတွက် ကိုဗစ်ကာလမှာ ငှက်ခါးလေး အားခဲပြီး ပျံနေဆဲပါ

ငသီတာ

အခုတလော စာတိုက်နဲ့ပို့ပေးလိုက်ပါ၊ စာတိုက်ကချေးချိုတယ်၊ စာတိုက်က အရင်လို မဟုတ်တော့ဘူး စတဲ့ အသံလေးတွေကို တစ်စတစ်စ ကြားလာရပါတယ်။ ဟုတ်ပါတယ်။ အရင်လို မဟုတ်တော့ပါဘူး၊ နှစ်ပေါင်း ၁၉၀ ကျော် သက်တမ်းရင့်ခဲ့တဲ့ ဘိုးဘွားတွေလက်ထက်တုန်းက ပြည်သူတွေအားထားခဲ့ရတဲ့ စာတိုက်ကြီးဟာ အတွေးသစ်၊ အမြင်သစ်၊ နည်းပညာသစ်တွေနဲ့ ပြန်လည်ဆန်းသစ်လာခဲ့ပါပြီ။ စာတိုက်ကို လူတွေသုံးသေးရဲ့လား၊ စာတိုက်ဆိုတာရှိသေးလားဆိုပြီး မေးခွန်းတွေနေရာမှာ အခုတော့ စာတိုက်က ဘယ်နားမှာလဲ၊ ဘယ်ကနေ ဘယ်ကို ပို့ချင်တယ်ရလား၊ အိမ်အထိ လာဝေလား စတဲ့ မေးခွန်းလေးတွေ ပြောင်းသွားပါပြီ။

မြန်မာ့စာတိုက်လုပ်ငန်းဆိုတဲ့ အမည်သီးသန့် ဖော်ပြခွင့်မရဘဲ ဌာနခွဲတစ်ခုအောက်က မရေရာတဲ့ နေရာတစ်ခုမှာ မထင်မရှားရပ်တည်နေခဲ့ရာက ၂၀၁၅ ခုနှစ် ဧပြီလ ၁ ရက်နေ့မှာ "မြန်မာ့စာတိုက်လုပ်ငန်း" ဆိုပြီး ဖွဲ့စည်းပုံ သီးသန့်ရပ်တည်ဖို့ အခွင့်အရေးရလာခဲ့ပါတယ်။ အခွင့်အရေးပေးခဲ့တဲ့ တာဝန်ရှိသူတွေကိုလည်း အခုထိ ကျေးဇူးတင်နေဆဲပါ။ နိုင်ငံတော်က လစာပေးထားတာပဲ၊ အရှုံးခံပေးနေတာပဲဆိုပြီး ရေစုန်မျော မနေဘဲ ရတဲ့အခွင့်အရေးကိုအသုံးချဖို့ IT နည်းပညာရှင်တွေ၊ ပုဂ္ဂလိကလုပ်ငန်းရှင်တွေနဲ့ပူးပေါင်းပြီး နည်းလမ်းမျိုးစုံနဲ့ လုပ်ငန်းသစ်တွေကို ၂၆.၈.၂၀၁၆ ရက်နေ့မှာ စတင်ခဲ့ပါတယ်။

Online Shopping တွေအတွက် e-commerce ဝန်ဆောင်မှုတွေ၊ ကိုယ်စားငွေကောက်ခံခြင်း လုပ်ငန်းတွေ၊ လေယာဉ်လက်မှတ်၊ ကားလက်မှတ် ရောင်းတာတွေ၊ Top up collection တွေ၊ Utilities Service တွေကို တစ်ခုပြီးတစ်ခု **နိုင်ငံတော်က အရင်းအနှီး ထပ်မံစိုက်ထုတ်ဖို့မလိုဘဲ** လုပ်ဆောင်ခဲ့ပါတယ်။ ဆက်တိုက်ဝင်လာတဲ့ လုပ်ငန်းအသစ်တွေ၊ နည်းပညာအသစ်တွေကို စာတိုက်ဝန်ထမ်းတွေဟာ လူအင်အား၊ ပစ္စည်းကိရိယာအင်အား မပြည့်မစုံနဲ့ အခက်အခဲမျိုးစုံ ရင်ဆိုင်ပြီး လိုက်ပါသင်ယူခဲ့ကြရပါတယ်။ အရှိန်အဟုန်ကြီးမားတဲ့ မြန်မာ့စာတိုက်လုပ်ငန်းရဲ့ ပြုပြင်ပြောင်းလဲမှုဒဏ်ကို မခံနိုင်သည့် မလုပ်၊ မရှုပ်၊ မပြုတ် ဘေးထိုင်၊ ဘိုင်ကျ၊ ဘုပြောသည့် အရာထမ်း၊ အမှုထမ်းအချို့ကတော့ အချိန်မတိုင်ခင် ပင်စင်ယူ၊ နုတ်ထွက်၊ ပြောင်းရွှေ့ခြင်းတွေနဲ့ လက်တွဲဖြုတ်ခဲ့ကြတဲ့သူတွေလည်း မနည်းတော့ပါဘူး။

စာတိုက်ရဲ့ ပုံမှန်လုပ်ငန်းတွေကနေ ခွဲထွက်ပြီး ပုဂ္ဂလိကလုပ်ငန်းရှင်တွေနဲ့ ပူးပေါင်းကာ Computer တွေ၊ Phone Device တွေ၊ Tablet တွေမျိုးစုံကို ကိုင်တွယ်ပြီး ဝန်ဆောင်မှုတွေကို ပေးလျက်ရှိပါတယ်။ အဓိက အပြောင်းအလဲအနေနဲ့ ချောပစ္စည်းတွေကို အချိန်နဲ့တစ်ပြေးညီ ရောက်ရှိရာနေရာကို သိရှိခြေရာခံနိုင်တဲ့ Delivery Monitoring System ကို အကောင်အထည်ဖော်ပြီး Tracking System ကို ပြည်သူတွေအတွက် ဖြည့်ဆည်းပေးနိုင်ခဲ့တာပါပဲ။ စာတိုက်ဝန်ထမ်းတွေက IT နည်းပညာတွေနဲ့ရင်းနှီးပြီး လွယ်ကူစွာသုံးစွဲဆောင်ရွက်ပါက အနာဂတ်မှာ e-Government ဖွံ့ဖြိုးတိုးတက်ဖို့ မြန်မာ့စာတိုက်လုပ်ငန်းက အထောက်အကူပေးနိုင်မှာ ဖြစ်ပါတယ်။

အခုအချိန်အထိ မြန်မာ့စာတိုက်လုပ်ငန်းမှာ စိတ်ရှည်၊ သည်းခံ၊ ဇွဲရှိစွာနဲ့ မိုးထဲ ရေထဲမှာ အတူရုန်းကန်ပေးနေကြတဲ့ စာတိုက်ဝန်ထမ်း ငှက်ခါးလေးတွေရဲ့ ကြိုးစားမှုကြောင့် နိုင်ငံတကာမှာ နောက်ကျမကျန်ရစ်ခဲ့ဘဲ Universal Postal Union (UPU) ရဲ့ Regional Project တွေမှာ လိုက်ပါဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ၂၀၁၉ ခုနှစ်မှာ Gold Level Award ကို ရရှိခဲ့ပါတယ်။ အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့လုပ်ငန်း (International EMS) မှာလည်း ၂၀၁၉ ခုနှစ်မှာ တစ်ကမ္ဘာလုံးတွင် အဖွဲ့ဝင်လုပ်ငန်းပေါင်း (၁၉၈) အနက် အဆင့် (၁၆) နဲ့ Bronze Level ကို ရရှိခဲ့ပါတယ်။ စာပို့လုပ်ငန်းဖွံ့ဖြိုးမှုမှာတော့ ၂၀၁၆ ခုနှစ်မှာ အဆင့် (၁၂၆) ကနေ ၂၀၁၈ ခုနှစ်မှာ အဆင့် (၉၁) ကို တက်လှမ်းနိုင်ခဲ့ပါတယ်။ အောင်မြင်မှုတွေဟာ လွယ်လွယ်နဲ့ ရခဲ့တာမဟုတ်သလို အောင်မြင်မှုတွေကို ဆက်လက်ထိန်းသိမ်းဖို့လည်း အထူးကြိုးစားကြရဦးမှာပါ။

ကိုဗစ်ကာလအတွင်းမှာ ရပ်ဆိုင်းထားရတဲ့ သယ်ယူပို့ဆောင်ရေး ကဏ္ဍမှာ စာတိုက်အနေနဲ့ ချောလမ်းပိတ်ဆို့မှုကြားထဲက သက်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်တွေနဲ့အညီ အစိုးရ၊ ဌာနဆိုင်ရာများနဲ့ အများပြည်သူတွေရဲ့ ချောစာ၊ ပစ္စည်းတွေကို သယ်ယူပို့ဆောင်ပေးနေပါတယ်။ အပြည်ပြည်ဆိုင်ရာချောတွေအတွက်လည်း ရပ်ဆိုင်းသွားတဲ့ ခရီးသည်တင်လေယာဉ်တွေအစား Cargo Flight တွေပြောင်းလဲပြီး သယ်ယူပို့ဆောင်နိုင်အောင် ကြိုးစားခဲ့ပါတယ်။ အခုလိုအချိန်မျိုးမှာ ရပ်ဝေးမှာရှိတဲ့ မိဘညီအစ်ကိုမောင်နှမတွေဆီကို မြန်မာစားစရာလေးတွေ ပေးပို့နိုင်ဖို့ ချောလမ်း ရပ်တန့်မသွားအောင် သက်ဆိုင်ရာနိုင်ငံတွေနဲ့ ချိတ်ဆက်ပြီး ခက်ခဲစွာ ပေးပို့ပေးနေပါတယ်။ ဒီအချိန်မှာ စာတိုက်ကို ယုံကြည်အားကိုးပြီး အသုံးပြုလာကြတဲ့ ပြည်သူတွေကိုလည်း ကျေးဇူးတင်နေမှာပါ။

နိုင်ငံတော်ကစိုက်ထုတ်ကျခံပေးနေတဲ့ အရှုံးလည်းကာမိအောင်၊ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်တဲ့ မြန်မာ့စာတိုက်ရဲ့ ဂုဏ်သိက္ခာလည်းတက်အောင် ငှက်ခါးလေးတွေက အခုထက်ပိုပြီး ကြိုးစားသွားမှာပါ။ ကော်နီရဲ့ "အိမ်မှာနေချင်တာပေ့ါ" သီချင်းလေး ထဲကလို စာတိုက်ဝန်ထမ်းတွေဟာ အိမ်မှာနေချင်သော်လည်း စာတိုက်က ပို့ပေးမှ၊ ဝေပေးမှ ရောက်ရှိနိုင်မယ်၊ ပေးပို့သူနဲ့ လက်ခံရရှိသူတွေ လုပ်ငန်းအဆင်ပြေနိုင်မယ်၊ ဝမ်းသာနိုင်မယ်ဆိုတဲ့ နိုင်ငံသားကောင်းပီသတဲ့ တာဝန်သိစိတ်တွေနဲ့အတူ အသက်ကို ပဓာနမထားဘဲ မြန်မာ့စာတိုက်လုပ်ငန်းရဲ့ Vision ဖြစ်တဲ့ လူတိုင်းအတွက် မြန်မာ့စာတိုက် (Myanmar Post for Everyone) ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ပြည်သူတွေကို ဝန်ဆောင်မှုပေးနေဆဲပါ။

ကိုဗစ်ကာလမှာ မြန်မာပြည်သူတွေအတွက် ငှက်ခါးလေးများ အားခဲပြီးပျံသန်းနေဆဲပါလို့.........။ ။

■ **ကိုဗစ်ကာလအတွင်းမှာ ရပ်ဆိုင်းထားရတဲ့ သယ်ယူပို့ဆောင်ရေးကဏ္ဍမှာ စာတိုက်အနေနဲ့ ချောလမ်းပိတ်ဆို့မှုကြားထဲက သက်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်တွေနဲ့အညီ အစိုးရ၊ ဌာနဆိုင်ရာများနဲ့ အများပြည်သူတွေရဲ့ ချောစာ၊ ပစ္စည်းတွေကို သယ်ယူပို့ဆောင်ပေးနေပါတယ်။ အပြည်ပြည်ဆိုင်ရာချောတွေအတွက်လည်း ရပ်ဆိုင်းသွားတဲ့ ခရီးသည်တင်လေယာဉ်တွေအစား Cargo Flight တွေပြောင်းလဲပြီး သယ်ယူပို့ဆောင်နိုင်အောင် ကြိုးစားခဲ့ပါတယ်။**

■ **ကိုဗစ်ကာလမှာ မြန်မာပြည်သူတွေအတွက် ငှက်ခါးလေးများ အားခဲပြီးပျံသန်းနေဆဲပါ.........။**








## အကျိုးဆက်



ရန်ကုန်မှစပြီးတော့ ရောဂါပြန့်ပွားတဲ့အချိန်ကို သတ်မှတ်လိုက်မယ်ဆိုရင် ဩဂုတ်လ နောက်ပိုင်းအပတ်ပါ။ ဒီဩဂုတ်လနောက်ပိုင်းအပတ်မှာစပြီး ပြန့်ပွားလာတယ်။ စပြီး ပြန့်ပွားလာတယ်ဆိုတာကို စက်တင်ဘာလ အစောပိုင်းမှာ၊ လဆန်းပိုင်းမှာဆိုရင် အများပြည်သူက သိလာပြီ။ သိလာတဲ့အချိန်မှာတော့ ပိုပြီးတော့ သတိထားလာပြီ။ အခုဆိုရင် တတိယပတ်ထဲကို ဝင်လာပြီ။ တတိယပတ်ထဲကို ဝင်လာပြီဆိုတော့ ဒီအချိန်မှာ ကျွန်မတို့ ထိန်းထိန်းသိမ်းသိမ်းလုပ်သွားတယ်ဆိုရင် နောက်တစ်ပတ်၊ နှစ်ပတ်အတွင်းမှာ အကျိုးဆက်ဟာ ပေါ်လာမှာပါ။ ဘယ်သူမှတော့ အကန့်အသတ်ကြားထဲမှာ မနေချင်ဘူး။ ဒါပေမယ့် ဒီကန့်သတ်မှုတွေဟာ ရေရှည်မှာ မြန်မြန်ဆန်ဆန် ဒီအခြေအနေကနေပြီးတော့ ကျွန်မတို့ ရုန်းထွက်နိုင်အောင်လို့ သေသေချာချာ သတိထားပြီးတော့ အားလုံးကနေပြီး ပူးပေါင်းဆောင်ရွက်ပေးစေချင်ပါတယ်။

(Coronavirus Disease 2019 (COVID–19)ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စက်တင်ဘာလ ၁၅ ရက်နေ့တွင် နိုင်ငံအတွင်း COVID–19 ရောဂါပြန့်ပွားမှု အခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁၈-၉-၂၀၂၀) ရက်နေ့၊ နေ့လည် (၂:၀၀)နာရီ**

၁။ (၁၇-၉-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၄၀၄) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁ | မန္တလေးတိုင်းဒေသကြီး | အမရပူရမြို့နယ် | ၄ |
| | | ချမ်းအေးသာစံမြို့နယ် | ၁ |
| | | မဟာအောင်မြေမြို့နယ် | ၁ |
| | | ငါန်းဇွန်မြို့နယ် | ၄ |
| | | ပြည်ကြီးတံခွန်မြို့နယ် | ၁ |
| | | ဝမ်းတွင်းမြို့နယ်* | ၁ |
| | စုစုပေါင်း | | ၁၂ |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | ကွမ်းခြံကုန်းမြို့နယ် | ၁ |
| | | မင်္ဂလာဒုံမြို့နယ် | ၈ |
| | | သာကေတမြို့နယ် | ၁၆ |
| | | အလုံမြို့နယ် | ၁ |
| | | ကြည့်မြင်တိုင်မြို့နယ် | ၁၃ |
| | | ဒလမြို့နယ် | ၈ |
| | | ကမာရွတ်မြို့နယ် | ၂ |
| | | တာမွေမြို့နယ် | ၁၉ |
| | | ပုဇွန်တောင်မြို့နယ် | ၄ |
| | | သင်္ဃန်းကျွန်းမြို့နယ် | ၁၅ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် | ၇ |
| | | မင်္ဂလာတောင်ညွန့်မြို့နယ် | ၆ |
| | | လသာမြို့နယ် | ၅ |
| | | လှိုင်မြို့နယ် | ၁၃ |
| | | လှိုင်သာယာမြို့နယ် | ၂၃ |
| | | အင်းစိန်မြို့နယ် | ၇ |
| | | ဒဂုံမြို့နယ် | ၁၈ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် | ၃ |
| | | လမ်းမတော်မြို့နယ် | ၁၃ |
| | | မှော်ဘီမြို့နယ် | ၂ |
| | | ရန်ကင်းမြို့နယ် | ၂ |
| | | ဒဂုံဆိပ်ကမ်းမြို့နယ် | ၂ |
| | | ဗိုလ်တထောင်မြို့နယ် | ၂ |
| | | ဗဟန်းမြို့နယ် | ၄ |
| | | သန်လျင်မြို့နယ် | ၁၇ |
| | | ကျောက်တံတားမြို့နယ် | ၅ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် | ၁၀ |
| | | ခရမ်းမြို့နယ် | ၄ |
| | | လှည်းကူးမြို့နယ် | ၂ |
| | | ဒေါပုံမြို့နယ် | ၇ |
| | | မရမ်းကုန်းမြို့နယ် | ၁၂ |
| | | မြောက်ဥက္ကလာပမြို့နယ် | ၁၈ |
| | | တောင်ဥက္ကလာပမြို့နယ် | ၈ |
| | | ပန်းဘဲတန်းမြို့နယ် | ၄ |
| | | စမ်းချောင်းမြို့နယ် | ၅ |
| | | ဆိပ်ကြီးခနောင်တိုမြို့နယ် | ၂ |
| | | ရွှေပြည်သာမြို့နယ် | ၆ |
| | | တွံတေးမြို့နယ် | ၁ |
| | | ကော့မှူးမြို့နယ် | ၃ |
| | | သုံးခွမြို့နယ် | ၁ |
| | စုစုပေါင်း | | ၂၈၇ |
| ၃ | ရခိုင်ပြည်နယ် | စစ်တွေမြို့နယ် | ၂၃ |
| | | ကျောက်ဖြူမြို့နယ် | ၁၀ |
| | စုစုပေါင်း | | ၃၃ |
| ၄ | မွန်ပြည်နယ် | မော်လမြိုင်မြို့နယ် | ၃ |
| | | ဘီးလင်းမြို့နယ် | ၁၂ |
| | | ကျိုက်ထိုမြို့နယ် | ၃ |
| | | သထုံမြို့နယ် | ၁ |
| | စုစုပေါင်း | | ၁၉ |
| ၅ | ပဲခူးတိုင်းဒေသကြီး | ပဲခူးမြို့နယ် | ၃ |
| | | ကျောက်တံခါးမြို့နယ် | ၁ |
| | | မင်းလှမြို့နယ် | ၁ |
| | | အုတ်ဖိုမြို့နယ် | ၂ |
| | | သနပ်ပင်မြို့နယ် | ၅ |
| | စုစုပေါင်း | | ၁၂ |
| ၆ | ပြည်ထောင်စုနယ်မြေ နေပြည်တော် | ဇမ္ဗူသီရိမြို့နယ် | ၃ |
| | | ပျဉ်းမနားမြို့နယ် | ၃ |
| | | ဒက္ခိဏသီရိမြို့နယ် | ၁ |
| | စုစုပေါင်း | | ၇ |
| ၇ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့နယ် | ၈ |
| | | ဘိုကလေးမြို့နယ် | ၁ |
| | | ဖျာပုံမြို့နယ် | ၅ |
| | | မအူပင်မြို့နယ် | ၁၅ |
| | | ဓနုဖြူမြို့နယ် | ၁ |
| | | ဒေးဒရဲမြို့နယ် | ၂ |
| | စုစုပေါင်း | | ၃၂ |
| ၈ | စစ်ကိုင်းတိုင်းဒေသကြီး | ခင်ဦးမြို့နယ်** | ၁ |
| | စုစုပေါင်း | | ၁ |
| ၉ | ရှမ်းပြည်နယ် (တောင်ပိုင်း) | ဆီဆိုင်မြို့နယ် | ၁ |
| | စုစုပေါင်း | | ၁ |
| | (၁၇-၉-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | ၄၀၄ |

* ရန်ကုန်မြို့တွင် ကျန်းမာရေးစစ်ဆေးခြင်းဖြစ်ပါသည်။

** ပြည်ပနိုင်ငံသို့ ခရီးသွားရာဇဝင်ရှိသဖြင့် ရန်ကုန်မြို့တွင် အသွားအလာကန့်သတ်ထားရှိပါသည်။

၂။ (၁၈-၉-၂၀၂၀) ရက်နေ့၊ နေ့လည် (၂:၀၀)နာရီအထိ ထပ်မံ သေဆုံးသူ (၇) ဦးရှိပါသည် -

| စဉ် | Case | အသက် | ကျား/မ | ဆေးရုံ | သေဆုံးသည့် ရက်စွဲ |
|---|---|---|---|---|---|
| ၁ | Case-3767 | ၆၁ နှစ် | ကျား | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၁၇-၉-၂၀၂၀) ညနေ (၅:၄၀) နာရီ |
| ၂ | Case-3986 | ၇၄ နှစ် | ကျား | မြောက်ဥက္ကလာပအထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး | (၁၇-၉-၂၀၂၀) နံနက် (၁၀:၁၅) နာရီ |
| ၃ | Case-4003* | ၇၀ နှစ် | ကျား | ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး | (၁၆-၉-၂၀၂၀) နံနက် (၃:၁၀) နာရီ |
| ၄ | Case-4020 | ၇၅ နှစ် | မ | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၁၇-၉-၂၀၂၀) နံနက် (၅:၄၅) နာရီ |
| ၅ | Case-4030 | ၆၂ နှစ် | ကျား | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၁၇-၉-၂၀၂၀) နံနက် (၇:၄၀) နာရီ |
| ၆ | Case-4049* | ၇၅ နှစ် | ကျား | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၁၅-၉-၂၀၂၀) ည (၁၂:၅၅) နာရီ |
| ၇ | Case-4057* | ၄၈ နှစ် | မ | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၁၆-၉-၂၀၂၀) နံနက် (၁:၁၀) နာရီ |

*အဆိုပါလူနာများသေဆုံးချိန်တွင် ဓာတ်ခွဲနမူနာရယူ၍ ပေးပို့စစ်ဆေးထားဆဲဖြစ်ပြီး COVID–19 ရောဂါပိုးရှိကြောင်း ဓာတ်ခွဲအဖြေ ရရှိပြီးနောက် ထုတ်ပြန်ခြင်းဖြစ်ပါသည်။

၃။ ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူပေါင်း (၆၈) ဦး ရှိပြီဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဖို့ မိမိမှစ၍ စည်းကမ်းများကို လိုက်နာစို့

# ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ သန်း ၃၀ ကျော် ရှိလာ

**ဝါရှင်တန် စက်တင်ဘာ ၁၈**
ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ သန်း ၃၀ ကျော်အထိ ရှိလာပြီဖြစ်ကြောင်း အမေရိကန်အခြေစိုက် ဂျွန်ဟော့ကင်း တက္ကသိုလ်၏ အချက်အလက်များအရ သိရသည်။

**တစ်ကျော့ပြန်လည်မြင့်တက်**

လွန်ခဲ့သည့်နှစ်နှောင်းပိုင်းက တရုတ်နိုင်ငံမှစတင်ဖြစ်ပွားခဲ့သည့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ အရေအတွက်သည်လည်း ကမ္ဘာတစ်ဝန်းတွင် ၉၅၀၀၀၀ ကျော်ရှိသွားပြီဖြစ်သည်။

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုတွင် အမေရိကန်၊ အိန္ဒိယနှင့် ဘရာဇီးနိုင်ငံတို့သည် အများဆုံးဖြစ်ပြီး ဥရောပတစ်ဝန်းတွင်လည်း ကူးစက်မှုများ တစ်ကျော့ပြန် ပြန်လည်မြင့်တက်လာခဲ့ကြောင်း သိရသည်။

ကမ္ဘာ့မြောက်ခြမ်းမှ နိုင်ငံအများစုသည်လည်း ဆောင်းဦးရာသီသို့ ချဉ်းကပ်ဝင်ရောက်လာချိန်တွင် ကိုဗစ်-၁၉ ကပ်ရောဂါ၏ ဒုတိယလှိုင်းဒဏ်ခံစားရမည်ကို စိုးရိမ်လျက်ရှိကြသည်။ ဗြိတိန်နိုင်ငံတွင်လည်း ကိုဗစ်-၁၉ ရောဂါ ဒုတိယအကြိမ် မြင့်တက်လာမှုကို ထိန်းချုပ်ရန် ကာလတိုအသွားအလာကန့်သတ်ချက်များချမှတ်ခြင်း အပါအဝင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အစီအမံများကို နိုင်ငံတစ်ဝန်းတွင် ထပ်မံလုပ်ဆောင်ရန် အစိုးရက စီစဉ်လျက်ရှိသည်။

အစ္စရေးနိုင်ငံက ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ထိန်းချုပ်ရန် နိုင်ငံတစ်ဝန်း ခရီးသွားလာခွင့် ကန့်သတ်ချက်ကို စက်တင်ဘာ ၁၈ ရက်တွင် ဒုတိယအကြိမ် ပြန်လည်ချမှတ်ခဲ့သည်။ အာဖရိကဒေသတွင်လည်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက် တစ်သန်းကျော်အထိ ရှိလာခဲ့သည်။

ဂျွန်ဟော့ကင်းတက္ကသိုလ်၏ အချက်အလက်များအရ အမေရိကန်နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆ ဒသမ ၈ သန်းကျော်၊ သေဆုံးသူ နှစ်သိန်းကျော်နှင့်အတူ ကမ္ဘာတစ်ဝန်း ကူးစက်သေဆုံးမှုတွင် အများဆုံးနိုင်ငံအဖြစ် ရှိနေဆဲဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုတွင် အိန္ဒိယနိုင်ငံသည် အခြားသောနိုင်ငံများထက် လျင်မြန်စွာကူးစက်ဖြစ်ပွားခဲ့ပြီး လွန်ခဲ့သည့်ရက်ပိုင်းက နေ့စဉ်ကူးစက်သူအရေအတွက်သည် ၉၀၀၀၀ အထိ ရောက်ရှိခဲ့ကြောင်း သိရသည်။ ထို့ပြင် အိန္ဒိယနိုင်ငံ၌ အထူးကြပ်မတ်ကုသခုတင်များနှင့် အောက်ဆီဂျင် အထောက်အပံ့ပြတ်လပ်ခြင်းတို့ဖြစ်ပေါ်ခဲ့စဉ် သေဆုံးသူဦးရေသည်လည်း ၈၀၀၀၀ ကျော် ရှိလာခဲ့သည်။

**သေဆုံးမှုဒုတိယအများဆုံး**

ဘရာဇီးနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄ ဒသမ ၄ သန်းရှိပြီး သေဆုံးသူ ၁၃၅၀၀၀ ကျော်ရှိခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ဘရာဇီးနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုတွင် အမေရိကန်နိုင်ငံပြီးနောက် ဒုတိယအများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။

လက်တင်အမေရိကတွင်မူ အာဂျင်တီးနားနှင့် မက္ကဆီကိုတို့သည် ကူးစက်သေဆုံးမှုအများဆုံးဖြစ်ပြီး အာဂျင်တီးနားနိုင်ငံသည် လွန်ခဲ့သည့် တစ်ရက်တာအတွင်း ကူးစက်ခံရသူ ၁၃၀၀၀ နီးပါးရှိကာ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၀၀၀၀၀ ကျော်ရှိလာခဲ့သည်။ မက္ကဆီကိုနိုင်ငံသည် နေ့စဉ်ကူးစက်ခံရသူ ၃၀၀၀ ကျော် ရှိပြီး စုစုပေါင်းကူးစက်ခံရသူ ၆၈၀၀၀၀ ကျော်ရှိသွားပြီဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံအများအပြားနှင့် ဆေးဝါးကုမ္ပဏီအများစုသည် ဘေးကင်းပြီး အကျိုးသက်ရောက်မှု ရှိသည့် ကာကွယ်ဆေးတစ်မျိုးရရှိရန် အရင်းအမြစ်များကို ရှာဖွေစုဆောင်းလျက်ရှိကြောင်း သိရသည်။

**ကိုးကား-ဘီဘီစီ**
**ဘာသာပြန်-အလင်းသစ်**





# ဂျပန်ဝန်ကြီးချုပ်သစ် ဆူဂါ အဓိကမူဝါဒလုပ်ငန်းစဉ်များအတွက် ဝန်ကြီးများနှင့်ဆွေးနွေး

**တိုကျို စက်တင်ဘာ ၁၈**
ဂျပန်ဝန်ကြီးချုပ်သစ် ဆူဂါသည် စည်းမျဉ်းပိုင်းဆိုင်ရာပြုပြင်ပြောင်းလဲမှုနှင့် ဒစ်ဂျစ်တယ်လိုက်ဖေးရှင်းလုပ်ငန်းစဉ်များတွင် ပိုမိုထိရောက်စေရေးအတွက် ကျင့်သုံးလိုသည့်အဓိကမူဝါဒများနှင့်ပတ်သက်၍ ယနေ့တွင် သက်ဆိုင်ရာဝန်ကြီးများနှင့် သီးခြားစီဆွေးနွေးမှုပြုလုပ်ခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းဌာနကဖော်ပြသည်။

ဆူဂါအနေဖြင့် အဆိုပါနယ်ပယ်နှစ်ရပ်လုံးတွင် ၎င်း၏ကိုယ်ပိုင်အမြင်များကို ချပြလိုပြီး အုပ်ချုပ်ရေးပိုင်းပြုပြင်ပြောင်းလဲရေးဝန်ကြီး ကိုနိုတာရို၊ ဒစ်ဂျစ်တယ်အသွင်ပြောင်းရေးဝန်ကြီး တာကူရာတို့နှင့် တစ်ဦးစီ သီးခြားတွေ့ဆုံခဲ့ရာတွင် ၎င်း၏အမြင်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆွေးနွေးခဲ့ခြင်းဖြစ်သည်။ ဆူဂါအစိုးရအဖွဲ့သည် လုပ်ငန်းဆောင်တာများကို ယမန်နေ့က စတင်ထမ်းဆောင်နေပြီဖြစ်ပြီး ၎င်းက ဂျပန်ပြည်သူများ၏ မျှော်လင့်ချက်နှင့်ကိုက်ညီရန် အစွမ်းကုန်ကြိုးစားလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကတိပြုခဲ့သည်။ နိုင်ငံသားများအနေဖြင့် အစိုးရပိုင်းဝန်ဆောင်မှုပေးခြင်းများနှင့်ပတ်သက်ပြီး မကျေနပ်ချက်ကို လွတ်လွတ်လပ်လပ်ရေးသားနိုင်ရန် ဝန်ကြီးကိုနိုက ကိုယ်ပိုင်ဝက်ဘ်ဆိုက်တည်ထောင်ခဲ့ကြောင်းနှင့် ဝန်ကြီးချုပ်သစ်၏ အရှိန်မြှင့်ဆောင်ရွက်ရေးအစီအစဉ်များကို ယခင်ကာလများတွင် ကြုံတွေ့ဖူးခြင်းမရှိဟု ချီးကျူးစကားဆိုခဲ့သည်။ **ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-မေလွဲ့သင်း**

# စင်ကာပူ၊ ထိုင်းနိုင်ငံများမှ ခရီးသွားများကို အင်္ဂလန်သို့ ဝင်ရောက်ရာတွင် ၁၄ ရက် သီးခြားနေထိုင်စေရေးစာရင်းမှ ပယ်ဖျက်

**လန်ဒန် စက်တင်ဘာ ၁၈**
စင်ကာပူနှင့် ထိုင်းနှစ်နိုင်ငံတို့ကို အင်္ဂလန်နှင့် စကော့တလန်တို့သို့ ဝင်ရောက်ရာတွင် ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် နေအိမ်တွင် ၁၄ ရက် သီးခြားနေထိုင်စေသည့် အစီအစဉ်မှ ပယ်ဖျက်လိုက်ကြောင်း ဗြိတိန်အာဏာပိုင်များက ယနေ့တွင် အတည်ပြုပြောကြားခဲ့သည်။

စက်တင်ဘာ ၁၉ ရက် ဗြိတိန်ဒေသစံတော်ချိန် နံနက် ၄ နာရီမှ စတင်ပြီး အဆိုပါနိုင်ငံများမှ ခရီးသွားများအနေဖြင့် ယခင်ကကဲ့သို့ ဗြိတိန်နိုင်ငံသို့ ဝင်ရောက်ရာတွင် ၁၄ ရက်သီးခြားနေထိုင်စေခြင်းမှ ကင်းလွတ်ခွင့်ရမည်ဖြစ်သည်။ အဆိုပါပယ်ဖျက်လိုက်မှုကို ဗြိတိန်အစိုးရဝက်ဘ်ဆိုက်နှင့် စကော့တလန်အစိုးရဝက်ဘ်ဆိုက်တို့တွင် တစ်ပြိုင်နက်တည်း ကြေညာခဲ့ခြင်းဖြစ်သည်။

စင်ကာပူနိုင်ငံသည် လက်ရှိတွင် တရုတ်၊ မလေးရှား၊ ဘရူနိုင်း၊ တောင်ကိုရီးယား၊ ဂျပန်နိုင်ငံတို့နှင့် နယ်စပ်ဖြတ်ကျော်ခရီးသွားလာခွင့် ပြုလုပ်ထားပြီးဖြစ်သကဲ့သို့ ထိုင်း၊ ဟောင်ကောင်၊ အင်ဒိုနီးရှားတို့နှင့်လည်း ယင်းသို့သော အစီအမံကို ပြုလုပ်ရန် စီစဉ်နေပြီဖြစ်သည်။ စင်ကာပူနိုင်ငံ သည် ၂၄ နာရီအတွင်း ကူးစက်သူ ၁၈ ဦးသာရှိခဲ့ရာ အဆိုပါ အရေအတွက်သည် ခြောက်လအတွင်း အနိမ့်ဆုံးကူးစက်မှုနှုန်းထားလည်းဖြစ်ကြောင်း သိရသည်။

**ကိုးကား-စီအင်န်အေ၊ ဘာသာပြန်-မေလွဲ့သင်း**




| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ဆိုင်ရာ နောက်ဆုံး အခြေအနေ | | |
|---|---|---|
| | ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၃၀၃၈၃၁၀၂ ဦး |
| | သေဆုံးသူ | ၉၅၁၁၇၅ ဦး |
| | ပြန်လည်ကျန်းမာလာသူ | ၂၂၀၆၄၀၆၄ ဦး |



# ဘရာဇီးနိုင်ငံ ဆော်ပေါ်လိုမြို့၌ ကလေးငယ် ၁၈ ရာခိုင်နှုန်းကျော် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရ

**ဆော်ပေါ်လို စက်တင်ဘာ ၁၈**
ဘရာဇီးနိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်သည့် ဆော်ပေါ်လို၌ ကလေးငယ် ၁၈ ရာခိုင်နှုန်းကျော်သည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဆော်ပေါ်လိုမြို့သည် ယခုလအစောပိုင်းက ပုဂ္ဂလိကကျောင်းများသို့ တက်ရောက်နေသည့် အသက်(၄)နှစ်မှ (၁၄)နှစ်အကြားရှိ ကလေးငယ် ၂၀၀၀ ခန့်ကို သွေးနမူနာစစ်ဆေးမှုများပြုလုပ်ခဲ့ရာ ယင်းကလေးငယ် ၂၀၀၀ အနက်မှ ၁၈ ဒသမ ၄ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု တွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသည့် ကလေးငယ်များထဲမှ ၆၆ ရာခိုင်နှုန်းသည် ဖျားခြင်းသို့မဟုတ် ချောင်းဆိုးခြင်းကဲ့သို့သော လက္ခဏာမပြကြောင်းလည်း သိရသည်။ ထို့ပြင် ဆင်းရဲနွမ်းပါးသော ဒေသများရှိကျောင်းများတွင် တက်ရောက်နေသော ကလေးငယ်အများစုအကြားတွင် ကူးစက်မှုပိုမိုများပြားကြောင်း သိရသည်။

ဆော်ပေါ်လိုဒေသခံအာဏာပိုင် အဖွဲ့အစည်းများသည် မေလလယ်ကတည်းက ကျောင်းများကို ပိတ်ထားခဲ့ခြင်းဖြစ်သည့်အတွက် လာမည့်လမှစတင်ကာ ကျောင်းများကို ပြန်လည်ဖွင့်လှစ်ရန် စီစဉ်ခဲ့သော်လည်း နိုဝင်ဘာလ သို့မဟုတ် ယင်းလနောက်ပိုင်းမှသာ ကျောင်းများကို ပြန်လည်ဖွင့်လှစ်ရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ဘရာဇီးနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၄ ဒသမ ၄ သန်းဖြင့် ကမ္ဘာတစ်ဝန်းကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုတွင် တတိယမြောက်အများဆုံးနိုင်ငံဖြစ်သည်။ ဘရာဇီးနိုင်ငံ၌ မကြာသေးသည့် ရက်ပိုင်းအတွင်းက နေ့စဉ်ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ အရေအတွက် လျော့ကျခဲ့သော်လည်း နေ့စဉ်ကူးစက်သူအရေအတွက်သည် ၃၀၀၀၀ နှင့် ၄၀၀၀၀ အကြားတွင် ရှိနေဆဲ ဖြစ်ကြောင်းသိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အလင်းသစ်**

# ယီမင်ပဋိပက္ခအား ငြိမ်းချမ်းစွာအဖြေရှာရန်လိုအပ်ဟု ကုလသမဂ္ဂအကြီးအကဲ ဂူတာရက်စ် ပြောကြား



**နယူးယောက် စက်တင်ဘာ ၁၈**

ယီမင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေချိန်ဖြစ်သည့်အတွက် နိုင်ငံအတွင်းဖြစ်ပွားနေသည့် ပဋိပက္ခအား ငြိမ်းချမ်းစွာအဖြေရှာရန်လိုအပ်ကြောင်း ကုလသမဂ္ဂအကြီးအကဲ အန်တိုနီယို ဂူတာရက်စ်က ပြောကြားခဲ့သည်။

ဂူတာရက်စ်သည် စက်တင်ဘာ ၁၇ ရက်တွင် အွန်လိုင်းမှတစ်ဆင့်ပြုလုပ်သည့် ယီမင်ပဋိပက္ခဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးတစ်ရပ်တွင် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ အဆိုပါ အွန်လိုင်းအစည်းအဝေးသို့ကုလသမဂ္ဂလုံခြုံရေးကောင်စီအမြဲတမ်းအဖွဲ့ဝင်နိုင်ငံအားလုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

**တောင်းဆို**

အစည်းအဝေးကျင်းပပြီးနောက် ပူးတွဲထုတ်ပြန်ချက်တစ်ရပ်ထုတ်ပြန်ခဲ့ပြီး ယင်းထုတ်ပြန်ချက်ထဲတွင် ယီမင်နိုင်ငံ၌ ပြည်တွင်းစစ်ကြောင့် အရပ်သားများ ဆက်လက်သေဆုံးနေရခြင်းနှင့်စပ်လျဉ်း၍ တက်ရောက်လာသည့် နိုင်ငံများအားလုံးက စိုးရိမ်မိကြောင်း ထုတ်ဖော်ပြောကြားချက်ပါရှိသည်။

ထို့ပြင် အရပ်သားများအား အကာအကွယ်ပေးခြင်းအပါအဝင် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှု ဥပဒေအောက်တွင် အဖွဲ့ဝင်အားလုံးအနေဖြင့် ၎င်းတို့၏ တာဝန်ဝတ္တရားများကို ဖြည့်စွမ်းပေးရန် တက်ရောက်လာသူများက တောင်းဆိုခဲ့ကြသည်။

**ပြောကြား**

ယီမင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၀၀ ကျော်ရှိကြောင်းနှင့် ယီမင်ပဋိပက္ခ အဆုံးသတ်ရေး ကြိုးပမ်းမှုများကို ကုလသမဂ္ဂအနေဖြင့် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဂူတာရက်စ်က ပြောကြားခဲ့သည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အလင်းသစ်

# အမေရိကန်ပြည်ထောင်စု၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဖြန့်ချိရေး အစီအစဉ်တွင် အမေရိကန်ဒေါ်လာ ခြောက်ဘီလီယံ ပံ့ပိုးပေးရန်လိုအပ်

**ဝါရှင်တန် စက်တင်ဘာ ၁၈**

အမေရိကန်ပြည်ထောင်စု၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဖြန့်ချိရေး လုပ်ငန်းစဉ် ထိရောက်ရေးအတွက် အမေရိကန်အောက်လွှတ်တော်က ဒေါ်လာ ခြောက်ဘီလီယံ ပံ့ပိုးပေးရန် လိုအပ်ကြောင်း ကျန်းမာရေး ထိပ်တန်းအရာရှိတစ်ဦးက ဝါရှင်တန်ပို့စ်သတင်းဌာနသို့ ပြောကြားခဲ့သည်။

ထရမ့်အစိုးရအဖွဲ့က အမေရိကန်ပြည်သူ သန်းပေါင်းများစွာအတွက် ကာကွယ်ဆေးဖြန့်ချိရေး လမ်းပြမြေပုံ အသေးစိတ်ကို စက်တင်ဘာ ၁၆ ရက်တွင် ချပြခဲ့ပြီးနောက် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေး ဌာနကြီးရေးမှူး ရက်ဒ်ဖီးလ်က ၎င်း၏ဌာနအနေဖြင့် ဆေးဝါးဖြန့်ချိရေးအတွက် ဘဏ္ဍာရေးပိုင်းထောက်ပံ့မှု မရရှိသေးကြောင်း၊ ဘဏ္ဍာရေးပိုင်းပံ့ပိုးမှုက ဆေးဝါးဖြန့်ချိရေးတွင် ထိရောက်ပြီး အဓိကကျသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ရက်ဒ်ဖီးလ်က ကာကွယ်ဆေးများကို အပူချိန် အနုတ် ၉၄ ဒီဂရီဖာရင်ဟိုက်တွင် ထိန်းသိမ်းရမည်ဖြစ်သလို ထိန်းသိမ်းရေး၊ ဖြန့်ချိရေးနှင့် ထိုးနှံပေးရေးလုပ်ငန်းစဉ်များအားလုံးအတွက် အမေရိကန်ဒေါ်လာ ၅ ဒသမ ၅ မှ ၆ ဘီလီယံကြား လိုအပ်မည်ဖြစ်ပြီး အဆိုပါငွေကြေးရရှိမှုအတွက် အောက်လွှတ်တော်မှ အတည်ပြုချက်ရရှိရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ကိုးကား - အေအက်ဖ်ပီ၊ ဘာသာပြန် - မေလဲ့သင်း



# ဂျပန်ဝန်ကြီးချုပ် ဆူဂါနှင့် မကြာမီ တွေ့ဆုံဆွေးနွေးရန် မျှော်လင့်ဟု အမေရိကန်သမ္မတ ထရမ့် ပြော

**ဝါရှင်တန် စက်တင်ဘာ ၁၈**

ကာလရှည်ထမ်းဆောင်ခဲ့သည့် ဝန်ကြီးချုပ်ဟောင်းရှင်ဇိုအာဘေးထံမှ ပြီးခဲ့သည့်တစ်ရက်က တာဝန်လွှဲပြောင်းရယူခဲ့သည့် ဂျပန်ဝန်ကြီးချုပ် ဆူဂါအား အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဂုဏ်ပြုစကား ပြောကြားခဲ့ပြီး အနာဂတ်တွင် ဆူဂါနှင့် ဆွေးနွေးရန်မျှော်လင့်ဟု ပြောကြားခဲ့သည်။

"ဂုဏ်ယူပါတယ် ဝန်ကြီးချုပ် ဆူဂါ။ ကြီးမားတဲ့သမိုင်းကြောင်းရှိတဲ့ ဝန်ကြီးချုပ် ဆူဂါအနေနဲ့ ဂျပန်နိုင်ငံအတွက်၊ ကမ္ဘာကြီးအတွက် လုပ်စရာတွေ အများကြီးရှိပါတယ်။ မကြာမီ တွေ့ဆုံဆွေးနွေးရဖို့ မျှော်လင့်ပါတယ်" ဟု သမ္မတ ဒေါ်နယ်ထရမ့်က တွစ်တာ၌ ရေးသားခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် သမ္မတအဖြစ် ရွေးကောက်ခံခဲ့ရသည့် နိုင်ငံရေးအတွေ့အကြုံမရှိသော ဒေါ်နယ် ထရမ့်နှင့် ဆက်ဆံရာတွင် ကမ္ဘာ့ခေါင်းဆောင်အများစုက စိန်ခေါ်မှုတစ်ရပ် ကြုံတွေ့ခဲ့ရသည်။ သို့သော် အသက် (၆၅)နှစ်အရွယ် ရှင်ဇိုအာဘေးက အသက် (၇၄)နှစ်အရွယ် ဒေါ်နယ်ထရမ့်နှင့် အလွန်နီးကပ်သော ဆက်ဆံရေးတစ်ရပ် ထူထောင်နိုင်ခဲ့ပြီး ဂေါက်သီးပြိုင်ပွဲများ အတူကစားကာ ထရမ့်က အာဘေးအား သူ၏ သူငယ်ချင်းကောင်းတစ်ယောက်ဟု ခေါ်ဆိုခဲ့သည်။

ဝန်ကြီးချုပ် ဆူဂါသည် ရှင်ဇိုအာဘေးနှင့် ဂျပန်နိုင်ငံရှိ အခြားလွှတ်တော်အမတ်များကဲ့သို့ နိုင်ငံရေးမျိုးဆက်မှ ဆင်းသက်လာသူမဟုတ်ပေ။ ဂျပန်နိုင်ငံအရှေ့မြောက်ပိုင်း အာကီတာစီရင်စုရှိ စတော်ဘယ်ရီတောင်သူတစ်ဦး၏ သားကြီးဖြစ်သူ ဆူဂါက နိုင်ငံရေးလောကသို့ မဝင်ရောက်မီ ကတ်ထူပြားစက်ရုံတစ်ခု၌ လုပ်ကိုင်ခဲ့သည်။ အစိုးရအဖွဲ့ အတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ကာ ထိပ်တန်းအစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူအဖြစ် နေ့စဉ်သတင်းစာ ရှင်းလင်းပွဲများကျင်းပမှုကြောင့် ရှင်ဇိုအာဘေးဦးဆောင်သော အစိုးရအဖွဲ့၏ ရှစ်နှစ်တာသက်တမ်းအတွင်း ဆူဂါကို ပြည်သူက သတိထားမိခဲ့သည်။

အကျပ်အတည်း စီမံခန့်ခွဲရန် တာဝန်ရှိသော ရာထူးတစ်ခုဖြစ်သည့် အစိုးရအဖွဲ့ အတွင်းရေးမှူးချုပ်အဖြစ် ဆူဂါက ပြည်ပခရီးစဉ် အနည်းငယ်သာ သွားရောက်ခဲ့ဖူးပြီး သံတမန်အတွေ့အကြုံ နည်းပါးသည်။ သို့သော်လည်း ရှင်ဇိုအာဘေးနှင့် ထရမ့်တို့အကြား ဖုန်းပြောဆိုမှုများတွင် တက်ရောက်ခဲ့သလို အရေးပါသော မူဝါဒဆုံးဖြတ်ချက်များ ချမှတ်ရာတွင်လည်း ပါဝင်ခဲ့ကြောင်း ဆူဂါက ပြောကြားခဲ့သည်။ ကိုးကား - ကျိုဒိုနယူးစ်၊ ဘာသာပြန် - ကျော်ထိုက်စိုး

# တရုတ်နိုင်ငံက ဗိုင်းရပ်စ်ကာကွယ်ဆေး ၁၁ မျိုး လက်တွေ့စမ်းသပ် ကာကွယ်ဆေး လေးမျိုး စမ်းသပ်မှုအဆင့် ၃ ရောက်ရှိ

**ပေကျင်း စက်တင်ဘာ ၁၈**

ကိုဗစ်-၁၉ ကပ်ရောဂါ၏ ကြောက်မက်ဖွယ်ရာ ခြိမ်းခြောက်မှုကြောင့် ကမ္ဘာတစ်ဝန်းရှိ သုတေသီများ၊ သိပ္ပံပညာရှင်များက ကူးစက်မှု တိုက်ဖျက်ရာတွင် အထိရောက်ဆုံးနည်းလမ်းဖြစ်သည့် ကာကွယ်ဆေးများထုတ်လုပ်ရန် နေ့ရောညပါ ကြိုးပမ်းလျက်ရှိကြသည်။

တရုတ်နိုင်ငံက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ၁၁ မျိုးကို လက်တွေ့စမ်းသပ်မှုများ ပြုလုပ်နေပြီး ကာကွယ်ဆေး လေးမျိုးကို အဆင့် ၃ အထိ စမ်းသပ်မှုများ ပြုလုပ်နေပြီဟု တရုတ် သိပ္ပံနှင့် နည်းပညာဝန်ကြီး ဝမ်ကျိဂန်က ယနေ့ ပေကျင်းမြို့၌ကျင်းပသည့် ကမ္ဘာ့သိပ္ပံနှင့် ကျန်းမာရေးဖိုရမ်၌ ပြောကြားခဲ့သည်။ ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားပြီးနောက် တရုတ်နိုင်ငံက မြန်ဆန်သောဆောင်ရွက်မှုများ လုပ်ဆောင်ခဲ့ပြီး ကပ်ရောဂါထိန်းချုပ်ရန် ဆေးဘက်၊ သိပ္ပံ၊ နည်းပညာနှင့် အခြားတပ်ဖွဲ့များ ပါဝင်ဆောင်ရွက်ရန် စည်းရုံးခဲ့သည်။



မတူညီသော ကူးစက်မှုအဆင့် ရောက်ရှိနေသည့် ဗိုင်းရပ်စ်လူနာများအတွက် သင့်တော်သော ကုသမှုတစ်ရပ် ဆောင်ရွက်ရန် ထိရောက်သော ဆေးဝါးများနှင့် ကုသမှုနည်းလမ်းများ မြန်ဆန်စွာ လုပ်ဆောင်ခဲ့ကြောင်း ဝမ်က ပြောသည်။ ရောဂါအမည်ဖော်ထုတ်ရန် လိုအပ်သည့် RNA အက်စစ်စမ်းသပ်မှု၊ ပဋိပစ္စည်းခုခံမှု ဓာတ်ပစ္စည်းများနှင့် ထောက်ပံ့ရေးကိရိယာများကို အချိန်တိုအတွင်း လုပ်ဆောင်နိုင်ခဲ့သည်ဟု ၎င်းက ဆိုသည်။ "တရုတ်နိုင်ငံက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတွေ ထုတ်လုပ်ဖို့ နည်းပညာပိုင်းအရ လမ်းကြောင်းငါးမျိုး လုပ်ဆောင်နိုင်ခဲ့ပါတယ်။ လက်ရှိမှာ ကာကွယ်ဆေး ၁၁ မျိုးရှိပြီး လေးမျိုးက အဆင့် ၃ စမ်းသပ်မှုအဆင့်ထိ ရောက်ရှိနေပြီဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် အဆင့် ၃ လက်တွေ့စမ်းသပ်မှုများအဆင့် ရောက်ရှိနေသည့် ဗိုင်းရပ်စ်ကာကွယ်ဆေးများ၏ ထက်ဝက်မှာ တရုတ်နိုင်ငံမှ ဖြစ်သည်။

ကိုးကား - စီဂျီတီအင်န်
ဘာသာပြန် - ကျော်ထိုက်စိုး

# ဂျပန်နိုင်ငံက စင်ကာပူနိုင်ငံမှ ခရီးသွားများအတွက် နိုင်ငံတွင်းသို့ ဝင်ရောက်ခွင့်ဆိုင်ရာကန့်သတ်ချက်များ ဖြေလျှော့ပေးလျက်ရှိ

**တိုကျို စက်တင်ဘာ ၁၈**

ဂျပန်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့အကြား စီးပွားရေးလုပ်ငန်းရှင်များကို ကာလတိုလာရောက်ခွင့်ပြုရန်အတွက် ဂျပန်နိုင်ငံအစိုးရအနေဖြင့် စင်ကာပူနိုင်ငံမှ ခရီးသွားများအတွက် နိုင်ငံတွင်းသို့ ဝင်ရောက်ခွင့်ဆိုင်ရာ ကန့်သတ်ချက်များကို ဖြေလျှော့ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ခြင်းသည် ကိုဗစ်-၁၉ ကပ်ရောဂါကို ထိန်းချုပ်နိုင်စွမ်းရှိသည့် နိုင်ငံများမှ ခရီးသွားများအား နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ပြုမည့် ဂျပန်နိုင်ငံအစိုးရ၏ မူဝါဒနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံသည် ဗီယက်နမ်နိုင်ငံအပါအဝင် နိုင်ငံပေါင်းခြောက်နိုင်ငံနှင့် တရုတ်(တိုင်ပေ)တို့မှ နိုင်ငံခြားသားအလုပ်သမားများအပါအဝင် ပြည်တွင်းဒေသခံများအတွက် ခရီးသွားလာခွင့်ဆိုင်ရာ ကန့်သတ်ချက်များကို ဖြေလျှော့ပေးထားပြီးဖြစ်ကြောင်းလည်း သိရသည်။

စင်ကာပူနိုင်ငံမှ ကာလတိုခရီးသွားများသည် လိုအပ်ပါက ၁၄ ရက်တာ သီးခြားစောင့်ကြည့်မှု ခံယူရမည်ဖြစ်ကြောင်းလည်း သိရသည်။ ဂျပန်နိုင်ငံအစိုးရသည် နိုင်ငံ့စီးပွားရေး ပြန်လည်ဦးမော့လာစေရန်အလို့ငှာ ကာလတိုနှင့် ကာလရှည်ခရီးသွားလာမှု နှစ်မျိုးစလုံးအတွက် ခရီးသွားလာခွင့်ဆိုင်ရာ ကန့်သတ်ချက်များ ထပ်မံဖြေလျှော့ပေးရန်လည်း စီစဉ်လျက်ရှိသည်။

ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အလင်းသစ်



# အိန္ဒိယနိုင်ငံ မဟာရာ့ရှ်ထရာပြည်နယ် စွမ်းအင်ဝန်ကြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ



**မွမ်ဘိုင်း စက်တင်ဘာ ၁၈**

အိန္ဒိယနိုင်ငံ မာဟာရာ့ရှ်ထရာပြည်နယ်၏ စွမ်းအင်ဝန်ကြီး နီတင်ရာအုသ်တွင် ယနေ့ ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိခဲ့ရာ ပြည်နယ်အစိုးရအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသော ကိုးဦးမြောက် အစိုးရအဖွဲ့ဝင်တစ်ဦး ဖြစ်လာကြောင်း သိရသည်။

ပြည်နယ်ကွန်ဂရက်ပါတီဥက္ကဋ္ဌလည်း ဖြစ်သူ အသက်(၆၃)နှစ်အရွယ် ရာအုသ်သည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုနှင့်ပတ်သက်၍ ၎င်း၏ တွစ်တာစာမျက်နှာပေါ်တွင် ယနေ့ ရေးသား ဖော်ပြခဲ့ခြင်းဖြစ်သည်။

မိမိတွင် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိခဲ့ပြီးနောက် မကြာသေးမီက မိမိနှင့် အနီးကပ်လာရောက် ထိတွေ့သူအားလုံးကို ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်သည့်အနေဖြင့် ၎င်းတို့ကိုယ်တိုင် ကျန်းမာရေးစစ်ဆေးမှုခံယူကြရန် တောင်းဆိုထားကြောင်း ဝန်ကြီးက ပြောကြားသည်။

မဟာရာ့ရှ်ထရာပြည်နယ်တွင် အိုးအိမ်ဝန်ကြီး ဂျီတင်ဒရာအော်ဟတ်၊ ပြည်သူ့လုပ်ငန်းများဝန်ကြီး အာရှော့ခ်ချာဗန်၊ လူမှုတရားမျှတရေးဝန်ကြီး ဒါနန်ဂျေးမွန်ဒီ၊ မွေးမြူရေးဝန်ကြီး ဆူနီးလ်ကီဒါ၊ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ဘလာဆာဟက်ဘ်ပါတီးလ်၊ အထည်အလိပ်ဝန်ကြီး အာစလမ်ရှိက်ခ်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီး အဗ္ဗဒူလ်ဆတ္တာနှင့် ပူးပေါင်းဆောင်ရွက်ရေးနှင့် စိုက်ပျိုးရေးဝန်ကြီး ဗစ်ရှ်ဝါဂျစ်ကာဒမ်တို့သည်လည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရကြောင်း သိရသည်။

ကိုးကား - ပီတီအိုင်
ဘာသာပြန် - ဂျေတီ



# ဥရောပတွင် ကားသစ်အရောင်းဈေးကွက်ထိုးကျ

**တိုကျို စက်တင်ဘာ ၁၈**

ပြီးခဲ့သည့်လများအတွင်းက ပြန်လည်ကောင်းမွန်ခဲ့သည့် ဥရောပကားသစ် အရောင်းဈေးကွက်သည် ဩဂုတ်လတွင်ပြန်လည်ထိုးကျသွားကြောင်း ဥရောပကားလုပ်ငန်းစု၏ ထုတ်ပြန်ချက်အရသိရသည်။ ဥရောပတစ်ဝန်းတွင် ယခင်နှစ်ကထက် ကားရောင်းအား ၁၇ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းသွားခဲ့ပြီး ဩဂုတ်လ တစ်လတည်းတွင် ဂျာမနီ၌ ၂၀ ရာခိုင်နှုန်း၊ ပြင်သစ်၌ ၁၉ ဒသမ ၈ ရာခိုင်နှုန်းနှင့် ဗြိတိန်တွင် ၅ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့ခြင်းဖြစ်သည်။

ဂျပန်မစ်ဆူဘီရှိကားရောင်းချရမှု ၃၄ ဒသမ ၁ ရာခိုင်နှုန်းဖြင့် အများဆုံးကျဆင်းခဲ့သလို အခြား ဂျပန်ကားကုမ္ပဏီများဖြစ်သည့် နစ်ဆန်းနှင့် တိုယိုတာတို့သည်လည်း ရောင်းအားများ ဆက်တိုက်ကျဆင်းခဲ့သည်။ ဥရောပကားသစ်ဈေးကွက်သည် ဇူလိုင်လတွင် ပြန်လည်ကောင်းမွန်ခဲ့သော်လည်း ဩဂုတ်လတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း ပြန်လည်မြင့်တက်လာခြင်းနှင့်အတူ ကားဈေးကွက် ပြန်လည်ကျဆင်းသွားခြင်းဖြစ်သည်။

ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-မေလဲ့သင်း

# ကင်ညာ၌ ကျန်းမာရေးဝန်ထမ်း ၉၄၅ ဦး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရပြီး ၁၆ ဦးသေဆုံး

**နိုင်ရိုဘီ စက်တင်ဘာ ၁၈**

ကင်ညာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့ချိန်ယခုနှစ် မတ်လလယ်ပိုင်းမှစ၍ ဆေးဘက်ဝန်ထမ်း ၉၄၅ ဦး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရပြီး ၎င်းတို့အနက် ၁၆ ဦးသည် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးခဲ့ကြောင်း ကင်ညာ ကျန်းမာရေးတာဝန်ရှိသူများက ပြောကြားသည်။

ကျန်းမာရေးဝန်ထမ်းများသည် တာဝန်ထမ်းဆောင်စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်နိုင်ဖွယ်အန္တရာယ် ပိုမိုများပြားလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ အုပ်ချုပ်ရေးဆိုင်ရာအတွင်းရေးမှူးချုပ် မာရ်စီမွန်ဂန်ဂီက ပြောကြားသည်။

ကျန်းမာရေးဝန်ထမ်းများသည် နိုင်ငံအတွင်း ဆက်လက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးနှင့်ပတ်သက်သည့် စိန်ခေါ်မှုအများအပြားနှင့် ရင်ဆိုင်နေရကြောင်း မွန်ဂန်ဂီက မြို့တော်နိုင်ရိုဘီ၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။ အဆိုပါ စိန်ခေါ်မှုများတွင် ရောဂါကူးစက်မှု၊ အကြမ်းဖက်မှု၊ စိတ်ပိုင်းဆိုင်ရာရောဂါနှင့် စိတ်ထိခိုက်မှု၊ ဖျားနာမှုနှင့် အသက်သေဆုံးမှုများ ပါဝင်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

ကင်ညာအစိုးရသည် လူ့အသက်အား ဆိုးကျိုးသက်ရောက်စေသည့် ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးနယ်ပယ်၌ ရှေ့တန်းတွင် တာဝန်ထမ်းဆောင်နေကြသည့် ကျန်းမာရေးဝန်ထမ်းများအပေါ် အသိအမှတ်ပြုကြောင်း၊ မိမိတို့၏ ရှေ့တန်းစစ်သည်တော်များဖြစ်သည့် ကျန်းမာရေးဝန်ထမ်းများ၏ တန်ဖိုးမဖြတ်နိုင်သော ကူညီထောက်ပံ့မှုများမရှိဘဲ ယင်း ဗိုင်းရပ်စ်ပိုး၏ ပြဿနာကြီးကို ကိုင်တွယ်ဖြေရှင်းနိုင်မည်မဟုတ်ကြောင်း မွန်ဂန်ဂီက သတင်းစာရှင်းလင်းပွဲတွင် ထည့်သွင်းပြောကြားခဲ့သည်။

ကျန်းမာရေးဝန်ထမ်းများသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသည့် လူနာများအား ပြုစုစောင့်ရှောက်မှုပေးနေစဉ် ကိုဗစ်-၁၉ ရောဂါအပြင် အသည်းရောင်ရောဂါ၊ တီဘီရောဂါနှင့် အိပ်ချ်အိုင်ဗွီနှင့် အေအိုင်ဒီအက်စ်ရောဂါများပါ ကူးစက်ခံခဲ့ရကြောင်း ၎င်းက ပြောကြားသည်။ သို့သော် ကင်ညာအစိုးရသည် ကျန်းမာရေးဝန်ထမ်းများအပေါ် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိစေရေးအတွက် ကျန်းမာရေးဝန်ထမ်းများအား ရောဂါကာကွယ်ရေးကိရိယာများ ထောက်ပံ့ပေးမှုကို ဦးစားပေးလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် ကင်ညာကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရန် ရှေ့တန်းမျက်နှာစာ၌ တာဝန်ထမ်းဆောင်နေကြသော ဆရာဝန်များနှင့် ဆေးဘက်ဝန်ထမ်းများ၏ အသက်လုံခြုံမှု မြှင့်တင်ရေးအတွက် ပြည့်ဝစုံလင်သော မူဝါဒတစ်ခုကို တည်ဆောက်ထားကြောင်း သိရသည်။

ကင်ညာနိုင်ငံ၌ တစ်ရက်အတွင်း လူဦးရေ ၄၁၈၈ ဦး၏ နမူနာကို ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စမ်းသပ်စစ်ဆေးခဲ့ရာ ၎င်းတို့အနက် ၁၈၃ ဦးတွင် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိခဲ့ပြီး လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၆၅၇၆ ဦးရှိလာကြောင်း သိရသည်။ ထို့အပြင် ကင်ညာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၆၄၂ ဦးသည် အဆိုပါရောဂါကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ

# ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် ၉၇ ရက်အတွင်း ပထမဆုံးသေဆုံးမှုဖြစ်ပွား

**ဗန်ကောက် စက်တင်ဘာ ၁၈**

ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် ရက်ပေါင်း ၉၇ ရက်အတွင်း ပထမဆုံးသေဆုံးမှု ယနေ့ဖြစ်ပွားခဲ့ကြောင်း ထိုင်းအလုပ်သမားဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

ထိုင်းနိုင်ငံ၏ အလုပ်သမားဝန်ကြီးဌာနမှ ဝန်ထမ်းတစ်ဦးသည် ဆော်ဒီအာရေဗျနိုင်ငံမှ ပြန်လာခဲ့ပြီးနောက် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရကာ အဆိုပါ ရောဂါကြောင့် ယနေ့မွန်းလွဲပိုင်းတွင် သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါ ဝန်ထမ်းသည် ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် ရက်ပေါင်း ၉၇ ရက်အတွင်း ပထမဆုံးသေဆုံးသူဖြစ်လာခဲ့ကြောင်း အလုပ်သမားဝန်ကြီးဌာနက ပြောသည်။

အသက်(၅၄)နှစ်အရွယ် မတ်မာမင်းသည် ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့တွင် စကားပြန်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရကာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဆေးဝါးကုသမှုခံယူနေစဉ် ယနေ့သေဆုံးခဲ့ခြင်းဖြစ်ကြောင်း အလုပ်သမားဝန်ကြီးဌာနက အတည်ပြုပြောကြားသည်။

မတ်သည် စက်တင်ဘာ ၂ ရက်က ဆော်ဒီအာရေဗျနိုင်ငံမှ ထိုင်းနိုင်ငံသို့ ပြန်လာကြောင်း သိရသည်။ ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် ဇွန် ၂ ရက်က နောက်ဆုံးသေဆုံးမှုဖြစ်ပွားခဲ့ပြီး မတ်သည် ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် ၅၉ ဦးမြောက် သေဆုံးသူဖြစ်လာကြောင်း သိရသည်။

လက်ရှိအချိန်အထိ ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၄၉၇ ဦးရှိပြီး အဆိုပါ ရောဂါကြောင့် သေဆုံးသူပေါင်း ၅၉ ဦးရှိလာကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ



# ကမ္ဘောဒီးယားနိုင်ငံ၌ မိုးကြိုးပစ်မှုကြောင့် ခြောက်ဦး သေဆုံး လေးဦး ဒဏ်ရာရ

**ဖနောင်ပင် စက်တင်ဘာ ၁၈**

ကမ္ဘောဒီးယားနိုင်ငံ အနောက်မြောက်ပိုင်း ဘတ်တမ်ဘန်ပြည်နယ်၌ မိုးရွာသွန်းချိန်အတွင်း မိုးကြိုးပစ်မှုကြောင့် လူခြောက်ဦး သေဆုံးခဲ့ပြီး လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး ငူယွန်ရတ်တာနတ်ခ်က ယနေ့ ပြောကြားသည်။

ရှုခတ်ကီရီခရိုင်ရှိ ကျေးရွာတစ်ရွာ၌ ဆွေမျိုးတော်စပ်ကြသူများသည် ယမန်နေ့ ဒေသစံတော်ချိန် ညနေ ၆ နာရီ ၁၅ မိနစ်ခန့်တွင် ဘိုးဘွားဘီဘင်များကို ကန်တော့သည့်နေ့အဖြစ် ခြေတံရှည်အိမ်တစ်လုံး၏အောက်၌ ညစာစားသုံးရန် စုဝေးနေကြစဉ် မိုးကြိုးပစ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ "မိုးကြိုးပစ်မှုကြောင့် အမျိုးသမီးနှစ်ဦး အပါအဝင် လူခြောက်ဦး သေဆုံးခဲ့ပြီး လေးဦး ဒဏ်ရာရရှိခဲ့ပါတယ်။ ဒဏ်ရာရရှိသူတွေက လက်ရှိအချိန်မှာ ဒေသန္တရဆေးရုံတစ်ရုံမှာ ဆေးကုသမှုခံယူနေပါတယ်" ဟု ပြည်နယ်အုပ်ချုပ်ရေးမှူးက ပြောသည်။

ကမ္ဘောဒီးယားနိုင်ငံ၌ နှစ်စဉ် မိုးကြိုးပစ်မှုများ ဖြစ်ပွားလေ့ရှိပြီး အထူးသဖြင့် မိုးရာသီဖြစ်သည့် မေလမှ အောက်တိုဘာလအတွင်းဖြစ်သည်။ ၂၀၁၉ ခုနှစ်အတွင်း မိုးကြိုးပစ်မှုများကြောင့် ကျေးလက်ဒေသနေ ကမ္ဘောဒီးယားနိုင်ငံသား ၉၅ ဦး သေဆုံးခဲ့ပြီး ၈၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အမျိုးသားကော်မတီ၏ နှစ်စဉ်အစီရင်ခံစာအရ သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-ကျော်ထိုက်စိုး

# တပ်မတော်စစ်ရေယာဉ်များအား AA အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ချောင်းမြောင်းနှောင့်ယှက်ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် စက်တင်ဘာ ၁၈**
ရခိုင်ပြည်နယ် မေယုမြစ်အတွင်း ပုံမှန်သယ်ယူပို့ဆောင်ရေး ပို့ကြိုဆောင်ရွက်လျက်ရှိသော တပ်မတော်စစ်ရေယာဉ်များအား AA အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ချောင်းမြောင်းနှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် မေယုမြစ်အတွင်း ရသေ့တောင်မြို့နယ်နှင့် စစ်တွေမြို့နယ်သို့ ပုံမှန်သယ်ယူပို့ဆောင်ရေး ပို့ကြိုဆောင်ရွက်လျက်ရှိသော တပ်မတော်စစ်ရေယာဉ် သုံးစင်းအား စက်တင်ဘာ ၁၅ ရက် ညနေ ၅ နာရီခန့်တွင် ရွှေလောင်းတင်ကျေးရွာအနီးတွင် လည်းကောင်း၊ စက်တင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီခန့်တွင် ရွှေလောင်းတင်ကျေးရွာတောင်ဘက် မီတာ ၁၀၀၀ ခန့်အကွာမှလည်းကောင်း AA အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် စတင်နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် တပ်မတော်စစ်ရေယာဉ်များပေါ်တွင် လိုက်ပါလာသည့် တပ်မတော်သားများက ပြန်လည်ပစ်ခတ်ရာမှ အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး တပ်မတော်သားအချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဖော်ပြထားသည်။

AA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ပုံမှန်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် တပ်မတော်စစ်ရေယာဉ်များအား ကျေးရွာများကို အကာအကွယ်ပြု၍ မကြာခဏ နှောင့်ယှက်ပစ်ခတ်လေ့ရှိပြီး ယခုနှစ်ဇွန်လမှစ၍ ယခုအချိန်အထိ မေယုမြစ်အတွင်း နှောင့်ယှက်ပစ်ခတ်မှု ၁၄ ကြိမ်ဖြစ်ပွားခဲ့ကြောင်း သတင်းထုတ်ပြန်ချက်ရ သိရသည်။

သတင်းစဉ်



အောင်စိုးမိုး(ခ)အောင်မိုးအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# မြဝတီမြို့နှင့် သထုံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁၈**
မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၇ ရက် ညနေ ၅ နာရီခန့်တွင် မြဝတီမြို့ အမှတ်(၄) ရပ်ကွက်တွင် အောင်စိုးမိုး(ခ)အောင်မိုး မောင်းနှင်လာသည့် မော်တော်ယာဉ်ကို စစ်ဆေးရန်တားဆီးစဉ် မောင်းနှင်ထွက်ပြေးရန်ကြိုးစားသဖြင့် ဝိုင်းဝန်းဖမ်းဆီးခဲ့ပြီး ၎င်းယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၇၇၃ ပြားကိုလည်းကောင်း၊ အလားတူ စက်တင်ဘာ ၁၆ ရက် ညနေ ၆ နာရီခန့်တွင် သထုံခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သထုံမြို့ သိမ်ကုန်းရပ်ကွက်နေ ကောင်းကျော်ခန့်(ခ)ဂတုံး၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၃၆ ပြားနှင့် မြန်မာငွေကျပ် ၆၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ သထုံမြို့နယ် ပေါ်တော်မူကျေးရွာအုပ်စု ကျောက်တန်းကျေးရွာနေ မျိုးဇော်အား ၎င်းနေအိမ်မှ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# မြို့နယ်အချို့တွင် တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁၈**
ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်ဖြင့် သတင်းပေးပို့ချက်အရ စက်တင်ဘာ ၁၅ ရက်မှ ၁၇ ရက်အတွင်း သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျောက်ဆည်မြို့နယ် ဟံမြင့်မိုရ်-ရှာင်ကားလမ်း ကင်းကျေးရွာအနီးနေရာ၌ ယာဉ်ပေါ်မှ တရားမဝင် အင်ကြင်းခွဲသား သုံးတန်နှင့် ပြစ်မှုကျူးလွန်သူ လေးဦး၊ ပန်းတောင်းမြို့နယ် ညောင်ခြေထောက်ကျေးရွာ၏အနောက်မြောက်ဘက်နှစ်မိုင်ခန့် အကွာ၊ ညောင်ခြေထောက်အပတောကျောက်ထုတ်လုပ်ကွက်ဟောင်းအနီးတောအတွင်းမှ တရားမဝင် ကျွန်း/ ပျဉ်းကတိုးခွဲသားတန် ၈၀ ခန့်၊ မင်းကင်းမြို့နယ်၊ ယားကျေးရွာအရှေ့မြောက်ဘက် တစ်မိုင်ခန့် အကွာနေရာနှင့် ချင်းတွင်းမြစ်အတွင်းနေရာတို့မှ တရားမဝင် အင်/သစ်ရာ/ သရက်သစ်/ခွဲသား/ခွဲခြမ်း ၁၃ တန်၊ မင်းကင်းမြို့နယ် ချင်းတွင်းမြစ်အတွင်း သံပေါက်ချောင်းဘေးနေရာ၌ တရားမဝင် အင်ခွဲသား ခုနစ်တန်တို့ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့သည်။

ထို့အပြင် ပင်လည်ဘူးမြို့နယ် တပ်ကုန်းကျေးရွာအဝင် ကျန်းမာရေးစစ်ဆေးရေးစခန်းနေရာ၌ ယာဉ်ပေါ်မှ တရားမဝင် တမလန်းခွဲသား သုံးတန်ကို ပြစ်မှုကျူးလွန်သူ သုံးဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး သက်ဆိုင်ရာရဲစခန်းများတွင် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။



**ညီညီသန်း(နေပြည်တော်)**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၈**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၁၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၂၉၉ စီး၊ သွင်းကုန် ၂၅၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၅၅ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် သုညဒသမ ၂၀ သန်း) ရှိ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသော အကောက်ခွန်မဲ့ကုန်ပစ္စည်းဖြစ်သည့် M-150 (1x50) (20 Pkgs)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

## ရွေးကောက်ပွဲများသည် -

- ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ဒီမိုကရေစီရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မဖြစ်သည်။

ရွေးကောက်ပွဲကျင်းပရန်
ရက် ၅၀ သာ
လိုတော့သည်။

## ဆန္ဒမဲလက်မှတ်များကို ဘောလ်ပင်ဖြင့် အမှတ်အသား (✔) ခြစ်၍ ဆန္ဒပြုရာတွင် ခိုင်လုံမဲနမူနာများ၊ ပယ်မဲနမူနာများ ထုတ်ပြန်ကြေညာခြင်း

မဲဆန္ဒရှင်များအနေဖြင့် မဲဆန္ဒနယ်ပြင်ပ ကြိုတင်ဆန္ဒမဲပေးရာတွင် ဆန္ဒမဲလက်မှတ်များကို ဘောလ်ပင်ဖြင့် အမှတ်အသား (✔) ခြစ်၍ ဆန္ဒပြုရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဘောလ်ပင်ဖြင့် အမှတ်အသား (✔) ခြစ်၍ ဆန္ဒပြုရမည့် ဆန္ဒမဲလက်မှတ်များအတွက် ခိုင်လုံမဲနမူနာပုံစံများနှင့် ပယ်မဲနမူနာပုံစံများကို ထုတ်ပြန်အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

*(ယမန်နေ့မှအဆက်)*

### ကြိုတင်ဆန္ဒမဲလက်မှတ်များအတွက် ခိုင်လုံမဲနမူနာပုံစံများ







မှတ်ချက်။ အထက်ဖော်ပြပါပုံစံများသည် နမူနာပုံစံ အချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ခိုင်လုံမဲအဖြစ် ဆုံးဖြတ်ရန် ဖြစ်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

# မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၈

**မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ဦးဇင်အောင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၈ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**မိဘပြည်သူများ ခင်ဗျား**

ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံနှင့်အတူ မွေးဖွားလာခဲ့တဲ့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဟာ ထိုစဉ်ကာလက ဒီမိုကရေစီတော်လှန်ရေး၏ တပ်ဦးပါတီတစ်ခုဖြစ်ပြီး ၁၉၉၀ ရွေးကောက်ပွဲအပြီးမှာ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ မတရားအသင်းအဖြစ် ကြေညာခြင်းခံခဲ့ရပါတယ်။ ကျွန်တော်တို့နှင့်အတူ မြေပေါ်၌ ကျန်ရှိခဲ့သည့် လုပ်ဖော်ကိုင်ဖက်များမှာလည်း ဒီမိုကရေစီကြိုးပမ်းမှုများကို အသွင်ပုံသဏ္ဍာန်မျိုးစုံဖြင့် စဉ်ဆက်မပြတ် အားထုတ်ကြိုးပမ်းခဲ့သည့်အတွက်လည်း အသက်သွေးချွေးနှင့် ဘဝပေါင်းများစွာ ပေးဆပ်ခဲ့ရပါတယ်။

ကျွန်တော်တို့ကိုယ်တိုင်လည်း မြေပေါ်နိုင်ငံရေးစစ်တလင်းကြား၌ စဉ်ဆက်မပြတ် ပါဝင်ဖြတ်သန်းခဲ့ရပြီး ကြွင်းကျန်ရစ်ခဲ့သူများဖြစ်တဲ့အတွက် နှစ်နှစ်ဆယ်ကြာသည့်တိုင် မပြီးဆုံးနိုင်သည့် ဒီမိုကရေစီတိုက်ပွဲများ၏ မဟာဗျူဟာနည်းဗျူဟာများကို ဆန်းစစ်ပြီး

(၁) ကျွန်တော်တို့ လေးစားတန်ဖိုးထားခဲ့ရသော လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီမြေပေါ်၌ တရားဝင်ပြန်လည်ရှင်သန်နိုင်ရန် အတွက် လည်းကောင်း၊

(၂) ပြည်ပနိုင်ငံအသီးသီးသို့ ရောက်ရှိနေတဲ့ မိမိတို့ လုပ်ဖော်ကိုင်ဖက်များလည်း ဂုဏ်သိက္ခာရှိစွာ အမိနိုင်ငံအတွင်းသို့ ပြန်လာနိုင်ရန် အတွက် လည်းကောင်း၊

(၃) အကျဉ်းထောင်တွင်း၌ နှစ်ရှည်အကျဉ်းချခံနေရသော မိမိတို့၏ လုပ်ဖော်ကိုင်ဖက်များ ပြန်လည်လွတ်မြောက်ကာ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလ၌ ကိုယ်တိုင်ပါဝင်နိုင်ရန်အတွက် လည်းကောင်း၊ ရည်ရွယ်ချက်များချမှတ်ကာ မြန်မာ့လူ့ဘောင် သစ်ဒီမိုကရက်တစ်ပါတီကို ၂၀၁၀ ခုနှစ်၌ တရားဝင်ထူထောင် ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါတယ်။

နိုင်ငံရေးပါတီတစ်ခုအနေဖြင့် ရွေးကောက်ပွဲနိုင်ခြင်း၊ မနိုင်ခြင်းထက် မိမိတို့ဦးတည်ချက်၊ ရည်ရွယ်ချက်များ ခရီးပေါက်မြောက်ခြင်းက အဓိကဖြစ်ပါတယ်။

**မိဘပြည်သူများ ခင်ဗျား**

၁၉၈၈ ခုနှစ် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကြိုးပမ်းမှု ခေါင်းစဉ်အောက်ကနေ ဒုတိယအကြိမ်မြောက် လွတ်လပ်ရေးကြိုးပမ်းမှု မဟာဗျူဟာခေါင်းစဉ်အောက်သို့ ပါဝင်ခဲ့တဲ့အတွက် တော်လှန်ရေးဟာ ခရီးရှည်ခဲ့ပါတယ်။ ပဋိပက္ခကာလ အချိန်ကြာမြင့်သည်နှင့်အမျှ တိုင်းပြည်နှင့် ပြည်သူလူထုသာလျှင် ဝေဒနာပြွန်းတီးခဲ့ပြီး အထိနာခဲ့ပါတယ်။ နိုင်ငံရေးဆိုတာလည်း စစ်ပွဲတစ်ပွဲတိုက်ရသလိုပဲ ကျွန်တော်တို့ ချမှတ်ကျင့်သုံးခဲ့တဲ့ မဟာဗျူဟာနည်းဗျူဟာတွေကို ပြန်လည်ဆန်းစစ်တဲ့အခါ ပထမအကြိမ် လွတ်လပ်ရေးကြိုးပမ်းမှုက နယ်ချဲ့ဗြိတိသျှနှင့် ဖက်ဆစ်ဂျပန်တွေကို တော်လှန်ခဲ့ရတဲ့အတွက် အမိမြေပေါ်က မောင်းထုတ်ဖို့က လွယ်ပါတယ်။ ကျွန်တော်တို့ဟာ တွန်းရင်းတိုက်ရင်း ချဲ့ထွင်ရင်းနဲ့ ဒီမိုကရေစီအလေ့အထတွေကိုဖော်ဆောင်မည့်နည်းဗျူဟာများကို ပြောင်းလဲခဲ့တယ်။

သူလည်းနိုင် ကိုယ်လည်းနိုင်ဆိုတဲ့ သီအိုရီနည်းအတိုင်း စစ်အုပ်ချုပ်ရေးထက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အုပ်ချုပ်တာကို အမိအရဆုပ်ကိုင်ဖို့ ဆုံးဖြတ်ခဲ့ပြီး ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအောက်မှာ ဝင်/ပြင်မယ်ဆိုတဲ့ ရည်ရွယ်ချက်ဖြင့် တရားဝင်ပါတီအဖြစ် ထူထောင်ခဲ့ခြင်းဖြစ်ပါသည်။

**မိဘပြည်သူများ ခင်ဗျား**

ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတွေမှာ နေထိုင်ကြတဲ့ လူ့အဖွဲ့အစည်းတိုင်းဟာ ဘဝလုံခြုံမှုရှိကြတယ်။ မှန်ကန်မျှတတဲ့ တရားဥပဒေအောက်မှာ နေထိုင်ကြရတယ်။ လူ့အဖွဲ့အစည်းအချင်းချင်းကြားမှာလည်း အပြန်အလှန်ယုံကြည်မှုရှိကြတဲ့အတွက် နိုင်ငံသားတိုင်းဟာ နိုင်ငံတကာမှာ ဝင့်ကြွားစွာ ရပ်တည်နိုင်လေ့ရှိတယ်။

ခေတ်နောက်ကျကျန်ခဲ့တဲ့ နိုင်ငံတွေမှာ နေထိုင်ကြတဲ့ လူ့အဖွဲ့အစည်းတိုင်းဟာ ဘဝလုံခြုံမှုမရှိကြဘူး။ လူ့အဖွဲ့အစည်းအချင်းချင်းကြားမှာလည်း တန်းတူရည်တူမရှိသလို အပြန်အလှန်ယုံကြည်မှုမရှိကြတဲ့အတွက် အဲဒီနိုင်ငံတွေဟာ နိုင်ငံရေးပဋိပက္ခကြားမှာ နစ်မွန်းပြီး နိုင်ငံတကာအလယ်မှာ မှီခိုသူဘဝနဲ့ မျက်နှာငယ်ရပါတယ်။ မှီခိုသူဘဝဆိုတာ အဆိုးရွားဆုံးပါ။

နိုင်ငံရေးဆိုတာ အတိတ်သမိုင်းမှာဖြစ်ခဲ့တဲ့ နိုင်ငံရေးပြဿနာတွေကို ပစ္စုပ္ပန်ကာလမှာ ဘယ်လို ရှုထောင့်ကရပ်ပြီး ဘယ်လိုဖြေရှင်းသွားမယ်ဆိုတဲ့ နိုင်ငံရေးသဘောတရားတွေ၊ နိုင်ငံရေးလုပ်ငန်းစဉ်တွေ၊ နည်းနာတွေနဲ့ တာဝန်ယူဖြေရှင်းရတာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ ဆင်းရဲပြီး ခေတ်နောက်ကျကျန်ခဲ့ရတဲ့ နိုင်ငံရေးပြဿနာတွေကို ဘယ်သူ့ကြောင့် ဘာ့ကြောင့်ဆိုပြီး ယိုးမယ်ဖွဲ့မနေဘဲ အကောင်းဆုံးဖြေရှင်းနိုင်မည့် နည်းလမ်းကိုဆန်းစစ်တဲ့အခါ စစ်မှန်တဲ့ ဒီမိုကရေစီစနစ်သာလျှင်ဖြစ်ပါတယ်။

**မိဘပြည်သူများ ခင်ဗျား**

ဒီမိုကရေစီစနစ်ကို ဆန့်ကျင်တဲ့ ဘယ်လိုအာဏာရှင်စနစ်မျိုးကိုမဆို နိုင်ငံရေးအရ ဆန့်ကျင်တော်လှန်သွားမယ်ဆိုတဲ့ ရည်ရွယ်ချက်များဖြင့်လည်းကောင်း၊ မြန်မာ့လူ့အဖွဲ့အစည်းအချင်းချင်းကြားမှာ တန်းတူရည်တူရှိမှုနှင့် အပြန်အလှန်ယုံကြည်မှုတည်ဆောက်နိုင်ရန်အတွက်လည်းကောင်း မြန်မာ့လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီကို ထူထောင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါတယ်။

မြန်မာ့လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ၏ မူဝါဒများမှာ စစ်မှန်တဲ့ ဒီမိုကရေစီစနစ် ဖြစ်ထွန်းပေါ်ပေါက်ရေး၊ လူ့အဖွဲ့အစည်းအချင်းချင်း တန်းတူရည်တူ အတူတကွယှဉ်တွဲနေထိုင်ရေး၊ လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ တရားမျှတခြင်းဆိုတဲ့ လောကပါလတရားများကို လက်ဆုပ်လက်ကိုင်ပြုတဲ့ လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်ပေါ်လာရေးတို့ဖြစ်ပါတယ်။

အောက်ခံအနီရောင်ရှိပြီး အဖြူရောင်ကြယ်တစ်ပွင့်ဟာ သမိုင်းဝင်ဖက်ဆစ်တော်လှန်ရေး အောင်ပွဲဝင်အထိမ်းအမှတ်အလံ သင်္ကေတဖြစ်ပါတယ်။ သမိုင်းဝင် အထိမ်းအမှတ်အလံ သင်္ကေတ၏ အစဉ်အလာကို လေးစားတန်ဖိုးထား အတုယူကာ မြန်မာ့လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ၏ အထိမ်းအမှတ်သင်္ကေတကို အောက်ခံအနီရောင် ဝဲဘက်အပေါ်ထောင့်၌ အရွယ်တူကြယ်ဖြူငါးလုံး တစ်ပြေးညီ ထပ်လျက်တည်ရှိသည့် အထိမ်းအမှတ်သင်္ကေတဖြစ်ပါတယ်။

**မိဘပြည်သူများ ခင်ဗျား**


ဒီကနေ့ ပြည်သူလူထုကြီးဟာ စားဝတ်နေရေးပြေလည်စေချင်တယ်။ မှန်ကန်မျှတတဲ့ ဥပဒေအောက်မှာ နေချင်တယ်။ တစ်ဦးချင်းတစ်ယောက်ချင်းစီရဲ့ ပုဂ္ဂလိကအခွင့်အရေးတွေကို လိုချင်တယ်။ ဒါဟာ ဒီနေ့ဒီအချိန်မှာ ရှိသင့်ရှိထိုက် ရသင့်ရထိုက်တဲ့ အခြေအနေပါ။ ဒီလိုအခြေအနေရောက်ဖို့ဆိုတာ စစ်မှန်တဲ့ ဒီမိုကရေစီစနစ်ကျင့်သုံးနိုင်မှ ဖြစ်ပါလိမ့်မယ်။ ဒီမိုကရေစီစနစ်ဆိုတာ ပြည်သူ ရွေးချယ်လိုက်တဲ့ ပြည်သူတွေက ပြည်သူကို ပြန်လည်အုပ်ချုပ်ရတဲ့ တာဝန်လွှဲအပ်မှုစနစ်သာလျှင်ဖြစ်တယ်။

ဒီကနေ့ကာလဟာ ဒီမိုကရေစီအနာဂတ်ကို ဦးတည်အကောင်အထည်ဖော်နေတာဖြစ်တဲ့အတွက် ပြည်သူလူထုပါဝင်မှုနှင့် နိုင်ငံရေးဦးဆောင်မှုတို့ဟာ ဟန်ချက်ညီညီဖြစ်မှသာ ပြဿနာတွေကို ရင်ဆိုင်ကျော်လွှားနိုင်မှာဖြစ်ပါတယ်။

**မိဘပြည်သူများ ခင်ဗျား**

အပြောင်းအလဲဆိုတာ အချိန်ကဖြစ်ပေါ်နေတဲ့ သဘာဝနိယာမဖြစ်ပါတယ်။ အချိန်ကိုရပ်ပြီး အဟောင်းအတိုင်း ဖက်တွယ်နေချင်သူတွေကို ဒရွတ်တိုက်ဆွဲခေါ်လေ့ရှိပါတယ်။ အဲဒီအခါမှာ နာကျင်မှုတွေဖြစ်ပေါ်လေ့ရှိတယ်။ ဒီလိုနာကျင်မှုတွေ သက်သာဖို့ နိုင်ငံခေါင်းဆောင်တွေကလည်း လမ်းညွှန်ဒီမိုကရေစီလို့ခေါ်တဲ့ အထက်ကလာတဲ့ အပြောင်းအလဲဟာ အချိန်နဲ့တစ်ပြေးညီ ဖြစ်မလာဘူးဆိုရင် လူထုပါဝင်တဲ့ ကြိုးပမ်းမှုတွေနဲ့ အပြောင်းအလဲဟာ အလိုအလျောက်ဖြစ်ပေါ်လာလေ့ရှိတယ်။ ကျွန်တော်တို့ဟာ ဒီမိုကရေစီကို ဦးတည်အကောင်အထည်ဖော်နေတာဖြစ်တဲ့အတွက် ပြည်သူလူထုပါဝင်လာတဲ့ နိုင်ငံရေးမှာ ဟန်ချက်ညီညီဖြစ်စေဖို့ အစဉ်တစိုက် ကြိုးပမ်းသွားမှာဖြစ်ပါတယ်။

ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ်နှင့် ခေါင်းနှင့်ပန်းလို့ ဆိုရမည့် ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်သည် ပြည်သူတစ်ရပ်လုံး၏ မျှော်လင့်ချက်ပန်းတိုင်ဖြစ်ပါတယ်။ ဒီပန်းတိုင်ကိုရောက်ဖို့ဆိုရင် တရားဥပဒေကို လေးစားတန်ဖိုးထားတတ်တဲ့ လွှတ်တော်တွေ အစိုးရတွေက သာလျှင် ဦးဆောင်နိုင်ပါတယ်။ နိုင်ငံရေးမှာလည်း တရားမျှတမှုရှိရမယ်။ စီးပွားရေးမှာလည်း တရားမျှတမှုရှိရမယ်။ လူမှုရေးမှာလည်း တရားမျှတမှုရှိဖို့လိုပါတယ်။



ကျောင်းသား လူငယ်တွေကို ထောင်ချအပြစ်ပေး အရေးယူခြင်းထက် မဟုတ်ရင်မခံ မမှန်ရင် မလုပ်တဲ့ စိတ်ဓာတ်တွေကို လေ့ကျင့်ပျိုးထောင်ပေးရမယ်။ လူနေမှုစရိတ်စကတွေ မြင့်မားလာမှုကြောင့် အလုပ်သမားတွေအတွက်လည်း ရသင့်ရထိုက်တဲ့ အခြေခံအခွင့်အရေးတွေ လုပ်ခလစာတိုးတောင်းရတဲ့ တောင်းဆိုမှုတွေမှာ အလုပ်သမားတွေကို ထောင်ချပြီး အလုပ်ရှင်ကို ငွေဒဏ်လောက်နဲ့ပြီးတဲ့ ဥပဒေတွေကို ပြင်ဆင်ရမှာဖြစ်ပါတယ်။ ဒါဟာ ဒီမိုကရေစီရေးကို ဦးတည်ကြိုးပမ်းနေတဲ့ အစိုးရတွေ လွှတ်တော်တွေရဲ့ တာဝန်ဖြစ်တယ်။

ကျွန်ုပ်တို့သည် တိုင်းပြည်နှင့်ပြည်သူလူထုအကျိုးစီးပွားကို အခြေခံကာ ပြည်သူလူထုကို လုပ်ဖော်ကိုင်ဖက်များအဖြစ် သဘောထား၍ အထွေထွေ အကျပ်အတည်းအခက်အခဲများနှင့် ရင်ဆိုင်နေရသော အလုပ်သမား၊ တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို ဦးစားပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ တရားမျှတခြင်းဆိုတဲ့ လောကပါလတရားများကို လက်ဆုပ်လက်ကိုင်ပြုပြီး အရည်အသွေးကောင်းတဲ့ ကုန်ထုတ်စက်ကိရိယာများကို ဦးစားပေးခြင်း၊ အရည်အသွေးကောင်းမွန်သည့် လယ်ယာထွက်ကုန်များကို အဓိကဦးစားပေးခြင်း၊ နယ်ပယ်အသီးသီးမှ ဆိုင်ရာဆိုင်ရာကျွမ်းကျင်အတတ်ပညာရှင်လူတော်များကို ဦးစားပေးခြင်းဆိုတဲ့ မူဝါဒများကို ပေါင်းစည်းကာ လူတော်လူကောင်းဝါဒကို မိမိတို့ပါတီ၏ အဓိကမူဝါဒများအဖြစ် ကျင့်သုံးသွားမှာဖြစ်ပါတယ်။

ဈေးကွက်စီးပွားရေးကို ပီပြင်စွာကျင့်သုံးသွားမယ်။ တိုင်းပြည်ရဲ့ စီးပွားရေးစနစ်ကို မြေယာနှင့် သယံဇာတအရင်းအနှီးများအပေါ် အခြေခံခြင်း မဟုတ်ဘဲ လူ့စွမ်းအားအရင်းအမြစ်ပေါ်ကို အခြေခံတဲ့ မူဝါဒကိုကျင့်သုံးသွားမှာ ဖြစ်ပါတယ်။ လူ့စွမ်းအားအရင်းအမြစ်ပေါ်မှာ အခြေခံထားတဲ့အတွက် စီးပွားရေးနယ်ပယ်မှာ ကျွမ်းကျင်တဲ့ လူတော်တွေကို ဦးစားပေးဆောင်ရွက်စေရမယ်။ မြေယာနှင့် သယံဇာတအငြင်းပွားမှုတွေကို ချုပ်ငြိမ်းစေပြီး လူ့တန်ဖိုးကို မြှင့်တင်ပေးမှာဖြစ်သည့်အတွက် လက်နက်ကိုင်ပဋိပက္ခတွေ ချုပ်ငြိမ်းကာ တိုင်းပြည်စီးပွားရေးတွေကို ဖွံ့ဖြိုးတိုးတက်စေရမယ်။

စက်မှုကဏ္ဍမှာလည်း အရည်အသွေးကို ဦးစားပေးပြီး အရေအတွက်များများထုတ်နိုင်တဲ့ မူဝါဒ ချမှတ်ပါတယ်။

လယ်ယာမြေမှန်သမျှကို လယ်လုပ်သူ နိုင်ငံသားများကပင် ပိုင်ဆိုင်ရမယ်။ သီးနှံထုတ်လုပ်တဲ့ ကုန်ကျစရိတ်တွေကို လျှော့ချပြီး အထွက်နှုန်းတိုးတဲ့ မူဝါဒ ချမှတ်အကောင်အထည်ဖော်ရမယ်။ ပြည်တွင်း ပြည်ပ ဈေးကွက်ကိုလည်း လက်ဝါးကြီးအုပ် အမြတ်ထုတ်ခြင်းများကို ကာကွယ်နိုင်ရန်အတွက် တောင်သူလယ်သမားများကိုယ်တိုင် ပိုင်ဆိုင်တဲ့ ဘဏ်စနစ်ကို ထူထောင်ခွင့်ပေးရမယ်။ လယ်သမားသမဂ္ဂများ၊ အစည်းအရုံးများကို တရားဝင်အသိအမှတ်ပြုပြီး လုပ်ဖော်ကိုင်ဖက်များအဖြစ် အသိအမှတ်ပြုရမယ်။

စာတွေ့လက်တွေ့ ပေါင်းစပ်လေ့ကျင့်ပေးတဲ့ ဘက်စုံပညာရေးစနစ်ကို ကျင့်သုံးရမယ်။ သင်ထောက်ကူပစ္စည်းအပြည့်အစုံနှင့် လက်တွေ့လေ့ကျင့်ပြီး ကျွမ်းကျင်ပညာရှင်များ မွေးထုတ်တဲ့ ပညာရေးစနစ် ဖြစ်ရမယ်။ ဘက်စုံပညာရေးဖြစ်တဲ့အတွက် ကန့်သတ်တားမြစ်ထားတဲ့ မူဝါဒအားလုံးကို ပယ်ဖျက်ရမယ်။ လွတ်လပ်တဲ့ ကျောင်းသားသမဂ္ဂတွေ တရားဝင်ထူထောင်ခွင့်ပြုရမယ်။ မသင်မနေရ အခမဲ့ ပညာရေးစနစ်ပြဋ္ဌာန်းရမယ်။

အသက် ၁၈ နှစ်ပြည့်ပြီးသူတိုင်း အရည်အချင်းရှိလျှင် ရှိသည့်အလျောက် လူကြီးလူငယ်မခွဲခြားဘဲ ပါတီလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခွင့်ရှိရမယ်။

မိဘပြည်သူများခင်ဗျား ကျွန်တော်တို့ပါတီကို ပြည်သူ့ကိုယ်စား လွှတ်တော်ထဲမှာ နိုင်ငံရေးလုပ်နိုင်ဖို့ ဘယ်လိုအစိုးရမျိုး တက်လာတက်လာ ပြည်သူဘက်က ထာဝရရပ်တည်သွားမည့် အတိုက်အခံပါတီအဖြစ် တာဝန်ပေးကြပါ။ တာဝန်ယူမှု တာဝန်ခံမှုအပြည့်နဲ့ ထမ်းဆောင်သွားပါမယ်လို့ ကတိသစ္စာပြုအပ်ပါသည်။

# မြန်မာအမျိုးသားကွန်ဂရက်ပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၈

မြန်မာအမျိုးသားကွန်ဂရက်ပါတီ ဥက္ကဋ္ဌ ဦးကောင်းမြင့်ထွဋ်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၈ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်–



**မြန်မာပြည်သူလူထုအပေါင်းတို့**
မြန်မာအမျိုးသားကွန်ဂရက်ပါတီဟာ
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို ထောက်ခံတယ်။
၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို စစ်အာဏာအငွေ့အသက်ကင်းအောင် ပြင်ဆင်မယ်။
မြန်မာအမျိုးသားကွန်ဂရက်ပါတီရဲ့ဒီမူဝါဒကို သိပ်ကြိုက်လွန်းမှသာ မဲပေးပါ။

**မြန်မာပြည်သူလူထုအပေါင်းတို့**
အမျိုးသားအကျိုးစီးပွားလို့ အယောင်ပြအော်ဟစ်ရင်း
မိမိကိုယ်ကျိုးစီးပွားကိုပဲ ဖြစ်ထွန်းအောင်လုပ်ယူနေကြသူတွေ များနေသေးသရွေ့
နိုင်ငံဟာ ပြာပုံထဲကကို တက်နိုင်မှာ မဟုတ်ဘူး။
မြန်မာအမျိုးသားကွန်ဂရက်ပါတီအတွက်တော့
ပြည်သူ့အကျိုးစီးပွားကသာ ပထမဦးစားပေးအဖြစ်ခံယူတယ်။
မြန်မာအမျိုးသားကွန်ဂရက်ပါတီဟာ
ခေတ်အဆက်ဆက်စနစ်ဆိုးတွေကြောင့် နစ်နာခဲ့ကြရတဲ့ ဆင်းရဲသားထုကြီးဘက်ကပဲ တစ်သားတည်း ရပ်တည်တယ်။
မြန်မာအမျိုးသားကွန်ဂရက်ပါတီရဲ့ဒီမူဝါဒကို သိပ်ကြိုက်လွန်းမှသာ မဲပေးပါ။

**မြန်မာပြည်သူလူထုအပေါင်းတို့**
မြန်မာနိုင်ငံအောင်မြင်ဖို့အတွက်
နှစ်ကာလရှည်ကြာ အမြစ်တွယ်နေတဲ့
နိုင်ငံရေးပြည်တည်နာကို ဖောက်ထုတ်ဖြေရှင်းရဲဖို့လိုတယ်။
ဆယ်စုနှစ်ပေါင်းများစွာ သွေးချောင်းစီးနေခဲ့ရတဲ့
ပြည်တွင်းပဋိပက္ခတွေကို အဆုံးသတ်ဖို့
လက်တွေ့ကျပြီး ထိရောက်တဲ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ် လိုတယ်။
တိုင်းရင်းသားတွေကို ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်ပေးရမယ်။
ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုမှာ တိုင်းရင်းသားခေါင်းဆောင်စစ်စစ်တွေကို နိုင်ငံတော်ကို ဦးဆောင်ခွင့်ပေးရမယ်။
မြန်မာအမျိုးသားကွန်ဂရက်ပါတီရဲ့ ဒီမူဝါဒကို သိပ်ကြိုက်လွန်းမှသာ မဲပေးပါ။

**မြန်မာပြည်သူလူထုအပေါင်းတို့**
မြန်မာ့မြေပေါ် နေထိုင်ကြသူတွေမှာ
လူအများစုတွေရှိကြသလို လူနည်းစုတွေလည်း ရှိကြတယ်။
လူနည်းစုတွေရဲ့ လူ့အခွင့်အရေးဆိုင်ရာ လိုအပ်ချက်တွေကို
အလေးထားလေးစားဖို့လိုတယ်။
မြန်မာနိုင်ငံရဲ့ လူ့အခွင့်အရေးစံနှုန်းလိုအပ်ချက်တွေအတွက် အများကဝေဖန်နေတာကို
မျက်စိပိတ်၊ နားပိတ် “ဘူး”ခံငြင်းဆန်ပြီး ရှောင်ဖယ်နေမယ့်အစား
တည့်တည့်တိုးပြီး ရဲရဲရင်ဆိုင်ဖြေရှင်းဖို့ လိုတယ်။
မြန်မာအမျိုးသားကွန်ဂရက်ပါတီရဲ့ဒီမူဝါဒကို သိပ်ကြိုက်လွန်းမှသာမဲပေးပါ။

**မြန်မာပြည်သူလူထုအပေါင်းတို့**
ကမ္ဘာကြီးတစ်ခုလုံးက ပြောင်းလဲနေပြီ။
အရာရာမှာ တရားသေတစ်ကြောင်းတိုက် အယူအဆအစွဲဟောင်းတွေကို ဖက်တွယ်မထားသင့်တော့ဘူး။
လူသားတိုင်းဟာ မိမိရဲ့လိင်ပိုင်းဆိုင်ရာ ခံယူချက်၊ ခံစားမှု၊ လိုလားချက်၊ ယုံကြည်မှုတို့ကို အချုပ်အနှောင်ကင်းကင်း လွတ်လပ်စွာ ဖော်ထုတ်ပြသနိုင်ခွင့်ရှိရမယ်။
လိင်တူတိမ်းညွှတ်မှုဟာ စာရိတ္တပိုင်းဆိုင်ရာ ချို့တဲ့မှုမဟုတ်ဘူး။
လူ့အဖွဲ့အစည်းတစ်ရပ်မှာ လိင်တူတိမ်းညွှတ်သူတွေရဲ့ ဂုဏ်သိက္ခာ၊
အလုပ်အကိုင်အခွင့်အလမ်းတို့ကို တန်ဖိုးထား လေးစားဖို့လိုတယ်။
မြန်မာအမျိုးသားကွန်ဂရက်ပါတီဟာ
လိင်တူတိမ်းညွှတ်သူတွေဘက်က ရပ်တည်တယ်။
မြန်မာအမျိုးသားကွန်ဂရက်ပါတီဟာ
လိင်တူတိမ်းညွှတ်သူတွေရဲ့ အခွင့်အရေးကို
လေးနက်စွာတန်ဖိုးထား အကာအကွယ်ပေးမယ်။
မြန်မာအမျိုးသားကွန်ဂရက်ပါတီရဲ့ ဒီမူဝါဒကို
သိပ်ကြိုက်လွန်းမှသာ မဲပေးပါ။

**မြန်မာပြည်သူလူထုအပေါင်းတို့**
စောစောက တင်ပြချက်တွေအားလုံးကို အနှစ်ချုပ်ပြီး
မြန်မာအမျိုးသားကွန်ဂရက်ပါတီရဲ့
၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲအောင်နိုင်ရေး ကတိကဝတ်နဲ့ လုပ်ငန်းစဉ်ကို တင်ပြလိုတယ်။



မြန်မာအမျိုးသားကွန်ဂရက်ပါတီအနေနဲ့ ရွေးကောက်ပွဲမှာ အနိုင်ရခဲ့ရင်

၁။ တိုင်းရင်းသားလူမျိုးစု လက်နက်ကိုင်အင်အားစုအားလုံးနဲ့ ထိထိရောက်ရောက် အဖြေထွက်တဲ့ ငြိမ်းချမ်းရေးဆွေးနွေးမှု ချက်ချင်းဆောင်ရွက်မယ်။
၂။ လူနည်းစုများရဲ့ လူ့အခွင့်အရေး ပြဿနာများကို လက်တွေ့ကျကျ ချက်ချင်းဖြေရှင်းမယ်။
၃။ လိင်တူလက်ထပ်ခွင့် ဥပဒေ ပြဋ္ဌာန်းနိုင်ရေး လွှတ်တော်မှာ ဥပဒေပြုနိုင်ဖို့ အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်မယ်။
၄။ အခြေခံလူတန်းစားများရဲ့ အလုပ်လက်မဲ့ပြဿနာကို ချက်ချင်းအထိရောက်ဆုံး ဖြေရှင်းမယ်။
၅။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ရေးအတွက် ဒေါ်အောင်ဆန်းစုကြည်နဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ထောက်ခံအားပေး ပူးပေါင်းဆောင်ရွက်မယ်။

**မြန်မာပြည်သူလူထုအပေါင်းတို့**
နိုင်ငံရေးပါတီတစ်ရပ်အနေနဲ့ ကိုယ်ယုံကြည်ရာကို အခုလို ပွင့်ပွင့်လင်းလင်း တင်ပြပြောဆိုလိုက်နိုင်တဲ့အတွက် ကျွန်တော်တို့ ကျေနပ်ဂုဏ်ယူတယ်။
နိုင်ငံရေးယုံကြည်ချက်တစ်ရပ်ကို လေးလေးနက်နက် ကိုင်စွဲတဲ့အခါ ချစ်သူခင်သူ၊ လိုလားထောက်ခံသူတွေ ရှိမှာဖြစ်သလို ဘက်မတူတဲ့အတွက် မုန်းတီးရန်လိုသူတွေလည်း အများအပြား ရှိလာနိုင်တယ်။
ဒါ နိုင်ငံရေးလောကဓံရဲ့ သဘာဝပဲ။

**မည်သို့ပင်ဆိုစေ**
ခေတ်ဆိုးစနစ်ဆိုးတွေရဲ့ ရိုက်ခတ်နှိပ်စက်မှု ဒဏ်ရာဒဏ်ချက်တွေအပြည့်နဲ့
အောက်ခြေဆင်းရဲသား လူထုကြီးရဲ့
ရင်ထဲက လိုလားချက်တွေအတိုင်းပဲ
မြန်မာအမျိုးသားကွန်ဂရက်ပါတီက သတ္တိရှိရှိ ရပ်တည်မယ်။

**မြန်မာအမျိုးသားကွန်ဂရက်ပါတီအနေနဲ့**
**ပြည်သူ့မျက်နှာတစ်ခုတည်းကိုသာ ကြည့်မှာဖြစ်တယ်။**

ဒါပါပဲ။

## ကျိုက်မရော၌ ဆန္ဒမဲပေးနည်း လက်တွေ့သရုပ်ပြ

**ကျိုက်မရော စက်တင်ဘာ ၁၈**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာ ပညာပေးသင်တန်း ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီက အတ္တရံခန်းမ၌ ဆက်လက်ကျင်းပလျက်ရှိကြောင်း သိရသည်။ အဆိုပါသင်တန်း ဒုတိယနေ့တွင် သင်တန်းသား/သင်တန်းသူများအား ကြိုတင်ဆန္ဒမဲပေးခြင်းနှင့် မဲပေးနည်းပုံစံများကို လက်တွေ့သရုပ်ပြ သင်ကြားပို့ချပေးခဲ့သည်။

**သင်ကြားပို့ချ**

ထိုသို့လက်တွေ့သရုပ်ပြသရာ၌ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူး ဒေါ်အိသဲလင်းတို့က မဲရုံတွင် မဲဆန္ဒရှင်ပြည်သူများအား ဆန္ဒမဲပေးပုံနှင့် ကြိုတင်မဲပေးပုံပေးနည်းများကို သင်တန်းသား/သင်တန်းသူများအား လက်တွေ့ပြသ သင်ကြားပေးခဲ့ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်တို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ လိုက်နာရမည့် ကျင့်ဝတ်၊ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်း၊ ကြိုတင်ဆန္ဒမဲပေးခြင်း၊ မဲရေတွက်ခြင်းနှင့်ရလဒ်များ၊ ထုတ်ပြန်ကြေညာခြင်း၊ ပြည်သူလူထုနှင့် မဲဆန္ဒရှင် အသိပညာပေးခြင်းစသည့် ဘာသာရပ်များအလိုက် သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

ချိုချို(ပြန်/ဆက်)

## ဖရူဆိုမြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ ထိရောက်စွာကြီးကြပ်ကွပ်ကဲနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ဖရူဆို စက်တင်ဘာ ၁၈**

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဖရူဆိုမြို့နယ် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ဌာနဆိုင်ရာများ)အား ရပ်ကွက်ကျေးရွာအုပ်စုများအလိုက် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ ထိရောက်စွာကြီးကြပ်ကွပ်ကဲနိုင်ရန် နယ်မြေများ ခွဲဝေသတ်မှတ်ရန်နှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဦးလွှီးဇီထားရက အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ဒုတိယဦးစီးမှူး ဦးအက်ဒွက်က ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ဌာနဆိုင်ရာများ)က ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။

ဖရူဆိုမြို့နယ်တွင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ ထိရောက်စွာကြီးကြပ်ကွပ်ကဲနိုင်ရန်အတွက် နယ်မြေများ ခွဲဝေသတ်မှတ်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ဌာနဆိုင်ရာများ)အား ရပ်ကွက်ကျေးရွာအုပ်စုများအလိုက် အဖွဲ့ ငါးဖွဲ့ခွဲပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တောရယ်(ပြန်/ဆက်)

## ပြည်သူ့ဆန္ဒနှင့်အညီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆီသို့ . . .

# တအာင်း (ပလောင်) အမျိုးသားပါတီက

# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၈

တအာင်း(ပလောင်) အမျိုးသားပါတီ အထွေထွေအတွင်းရေးမှူး ဦးမိုင်းအုဏ်းခိုင်နှင့် ဗဟိုကော်မတီဝင် ဦးတာလှဖေတို့က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၈ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –



**ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူအပေါင်းတို့ခင်ဗျား–**

ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းကြပါစေလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ တအာင်း ( ပလောင်) အမျိုးသားပါတီ အထွေထွေအတွင်းရေးမှူး ဦးမိုင်းအုဏ်းခိုင် ဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီ၏ နိုင်ငံရေးဝါဒသဘောတရား၊ ပါတီ၏ရည်ရွယ်ချက်၊ ပါတီ၏ရည်မှန်းချက်၊ ပါတီ၏ ယုံကြည်ချက်၊ ပါတီ၏ခံယူချက်၊ ပါတီ၏မူဝါဒနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခွင့်ရတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်ရပါတယ်။ ကျွန်တော်တို့တအောင်း(ပလောင်) လူမျိုး၊ တအာင်း (ပလောင်) အမျိုးသားပါတီကို မိတ်ဆက် တင်ပြပါရစေ။

ကျွန်တော်တို့ တအာင်း (ပလောင်) အမျိုးသားပါတီကို ၂၀၁၀ ခုနှစ်၊ မေလ (၂၄) ရက်၊ မှတ်ပုံတင်အမှတ် (၁၂) ဖြင့် ဖွဲ့စည်းထူထောင်ခွင့် ရရှိပါတယ်။ ပြည်ထောင်စု တစ်ဝှမ်းလုံးကို စည်းရုံးမယ့် ပါတီတစ်ရပ် ဖြစ်ပါတယ်။

ပါတီရဲ့ အခြေခံမြို့နယ်များအဖြစ် ရှမ်းပြည်နယ်မြောက်ပိုင်းမှ နမ့်ဆန်မြို့နယ်၊ မန်တုံမြို့နယ်၊ လားရှိုးမြို့နယ်၊ ကျောက်မဲမြို့နယ်၊ နမ္မတူမြို့နယ်၊ သီပေါမြို့နယ်၊ မူဆယ်မြို့နယ်၊ နမ့်ခမ်းမြို့နယ်၊ ကွတ်ခိုင်မြို့နယ်၊ မိုးမိတ်မြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းမှာ နမ့်စန်မြို့နယ်၊ မိုင်းကိုင်မြို့နယ်၊ မန္တလေးတိုင်းမှာ မန္တလေးမြို့နဲ့ မိုးကုတ်မြို့နယ်၊ ရန်ကုန်တိုင်းမှာ ရန်ကုန်မြို့တို့ ဖြစ်ပါတယ်။

ကျွန်တော်တို့ ပလောင်လူမျိုးတို့ဟာ ရှေးအစဉ်အဆက်ကတည်းက ပြည်ထောင်စုဖွား ညီနောင်တိုင်းရင်းသားအပေါင်းတို့နဲ့ အေးအတူပူအမျှ အေးချမ်းစွာ အတူယှဉ်တွဲနေထိုင်လာခဲ့ကြပါတယ်။

ကျွန်တော်တို့ ပလောင်လူမျိုးအားလုံးတို့က ကိုယ့်ကိုယ်ကိုယ် တအန်း (တအာင်း) လို့ ခေါ်ဆိုရတာကို လွန်စွာဂုဏ်ယူကြပါတယ်။

ပလောင်လူမျိုးနွယ်များကို ပလောင်၊ ပလေး၊ ပလာန်၊ အဲန်း၊ ရီအန်း၊ လွယ်၊ တိုင်းလွယ် ၊ ယင်းနက်ဟူ၍ ဒေသအလိုက် ခေါ်ဆိုကြပေမယ့် အားလုံးတို့က ကိုယ့်ကိုယ်ကိုယ် တအန်း (တအာင်း) ဟူ၍သာ သိမှတ်ဂုဏ်ယူ စွဲမှတ်ကြပါတယ်။ မိမိကိုယ်ကို နေနဂါးမျိုးနွယ်ဟု ခံယူယုံကြည်ကြပါတယ်။

ကျွန်တော်တို့ ပလောင်လူမျိုးတို့ဟာ မြန်မာနိုင်ငံ ရှမ်းကုန်းပြင်မြင့်ဒေသ၊ တရုတ် ယူနန်နယ် ၊ ထိုင်းနိုင်ငံ ကုန်းမြင့်ဒေသ ၊ အိန္ဒိယနိုင်ငံ အာသံနယ်တွေမှာ ပျံ့နှံ့စွာ နေထိုင်လျက်ရှိပါတယ်။

ကုန်းမြင့်ဒေသ တောင်စဉ်တောင်တန်းတွေပေါ်မှာ နေထိုင်ကြတဲ့လူမျိုးဖြစ်ပြီး ၊ လက်ဖက်ကို အဓိက အသက်မွေးဝမ်းကျောင်းပြုကြလို့“ ပလောင် နဲ့ လက်ဖက်” လက်ဖက်နဲ့ပလောင်ကို ယှဉ်တွဲစွဲမှတ် သိမြင်နေကြပါတယ်။ “လက်ဖက်ကောင်းစားချင်ရင် ပလောင်တောင်တက်နေ” လို့ဆိုရိုးစကားပင် ရှိနေပါတယ်။ လက်ဖက်ကောင်းစားချင်ရင် ပလောင်တောင်တက်လာခဲ့ကြပါလို့လည်း ဖိတ်ခေါ်ချင်ပါတယ်။

ကျွန်တော်တို့ တအာင်း (ပလောင်) လူမျိုး ရဲ့ အလံဟာ “ မိုးကောင်း ကင်ပြာရောင်ခံနဲ့ အလယ်နေဝန်းနီ” အဖြစ် ရှေးအစဉ်အဆက် ကတည်းကပင် ရှိခဲ့ပါတယ်။ တအာင်း (ပလောင်) လူမျိုးတို့ရဲ့ ရှေးအလံတံခွန် ဖြစ်ပါတယ်။ အဖနေမင်းကို ဂုဏ်ဆောင်ထားတာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့ တအာင်း ( ပလောင်) အမျိုးသားပါတီကလည်း ပလောင်လူမျိုးတို့ရဲ့ ရှေးအလံတံခွန်ကို ဆက်ခံယူထားခြင်း ဖြစ်ပါတယ်။

မြန်မာပြည်ဖွား ညီနောင်တိုင်းရင်းသားအပေါင်းတို့က “ ပလောင်နဲ့ လက်ဖက်”ကို စွဲမှတ်သိမြင်ထားသောကြောင့်လည်းကောင်း၊ မြန်မာ့ထုံးတမ်းဓလေ့ ရှေးအစဉ်အလာမှာ လက်ဖက်ရဲ့ အခန်းကဏ္ဍဟာ အင်မတန် အရေးပါသလို၊ ယခုတိုင် မြန်မာ့လူမှုနယ်ပယ်မှာလည်း မပါမဖြစ် ရှိနေလျက် သော်လည်းကောင်း၊ လက်ဖက်ဟာ မိမိတို့လူမျိုးရဲ့ အသက်သခင် ကျေးဇူးရှင်ပါလို့ ပလောင်လူမျိုးတို့က ယုံကြည်မှတ်ယူလျက် ရှိနေသောကြောင့်သော် လည်းကောင်း တအာင်း (ပလောင်) အမျိုးသားပါတီရဲ့ အမှတ်တံဆိပ်ကို (လက်ဖက်ညွန့်) သင်္ကေတအဖြစ် ဂုဏ်ယူအသိအမှတ်ပြုထားခြင်း ဖြစ်ပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူ အပေါင်းတို့ ခင်ဗျား–**

ကျွန်တော်တို့ တအာင်း(ပလောင်) အမျိုးသားပါတီ၂၀၁၀ ခုနှစ်အထွေထွေရွေးကောက်ပွဲရဲ့ လွှတ်တော်(၃)ရပ်မှာ လွှတ်တော်ကိုယ်စားလှယ် (၆)ဦး၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲရဲ့ လွှတ်တော် (၃) ရပ်မှာ လွှတ်တော်ကိုယ်စားလှယ် (၁၂) ဦး အရွေးခံခဲ့ရပါတယ်။ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ကို ဦးဆောင်ဖွဲ့စည်းနိုင်ခဲ့ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်နိုင်ခဲ့သလို မိဘပြည်သူတို့ရဲ့ လိုအပ်ချက်တွေကို အလေးထား ဖော်ဆောင်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပါတီကတော့ နိုင်ငံတော်နဲ့ မိဘပြည်သူတို့ရဲ့ လိုအပ်ချက်များကို စိတ်ရင်းစေတနာမှန် အရင်းခံနဲ့ ဖော်ဆောင်ခြင်းဖြင့် အောင်မြင်မယ်လို့ အလေးအနက် ယုံကြည်ပါတယ်။



ကျွန်တော်တို့ဟာ နိုင်ငံတော်နှင့် တိုင်းရင်းသားမိဘ ပြည်သူအပေါင်းတို့ရဲ့ အကျိုးစီးပွားကို ထမ်းဆောင်နိုင်ဖို့ရန် ဖွဲ့စည်းထူထောင်သော ပါတီနှင့် ပါတီဝင်များဖြစ်သောကြောင့် ရည်ရွယ်ချက်နှင့် ရည်မှန်းချက်များ အောင်မြင်စေရန် အစွမ်းကုန် ဖော်ထုတ်လုပ်ဆောင်နေမယ်လို့ခံယူပါတယ်။

ယခုလာမယ့် ၂၀၂၀ ပါတီစုံ အထွေထွေ ရွေးကောက်ပွဲမှာလည်း ကျွန်တော်တို့ပါတီက ရှမ်းပြည်နယ်မှာ နမ့်ဆန်မြို့နယ်၊ မန်တုံမြို့နယ်၊ ကျောက်မဲမြို့နယ်၊ နမ္မတူမြို့နယ်၊ မူဆယ်မြို့နယ်၊ နမ့်ခမ်းမြို့နယ်၊ ကွတ်ခိုင်မြို့နယ်၊ မိုင်းကိုင်မြို့နယ်၊ လားရှိုးမြို့နယ်၊ မန္တလေးတိုင်း မိုးကုတ်မြို့နယ်မှာ ဝင်ရောက်ယှဉ်ပြိုင်အရွေးခံမှာဖြစ်ပါတယ်။ (၁၀) မြို့နယ်မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း (၁၀) ဦး၊ အမျိုးသားလွှတ်တော်မှာ ( ၆)ဦး ၊ တိုင်းဒေသ ကြီးနဲ့ ပြည်နယ်လွှတ်တော်မှာ( ၂၀)ဦး၊ စုစုပေါင်း (၃၆) ဦးဝင်ရောက် ယှဉ်ပြိုင်အရွေးခံမှာ ဖြစ်ကြောင်း မိဘပြည်သူ အပေါင်းတို့ကို တင်ပြအပ်ပါတယ်။

တအာင်း (ပလောင်) အမျိုးသားပါတီရဲ့ ပါတီနိုင်ငံရေး ဝါဒသဘောတရား၊ ပါတီ၏ ရည်ရွယ်ချက် ၊ ပါတီ၏ ရည်မှန်းချက် ၊ ပါတီ၏ မူဝါဒနှင့် လုပ်ငန်းစဉ်များကို ပါတီအလုပ်အမှုဆောင် ကော်မတီဝင် တာလှဖေက ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။



**ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူအပေါင်းတို့ခင်ဗျား –**

ကျွန်တော်ကတော့ တအာင်း ( ပလောင်) အမျိုးသားပါတီ ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူး“တာလှဖေ” ဖြစ်ပါတယ်။ မိဘပြည်သူအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပါစေကြောင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်တို့ ပါတီရဲ့ ပါတီ၏နိုင်ငံရေး မူဝါဒသဘောတရား၊ ပါတီ၏ ရည်ရွယ်ချက်၊ ပါတီ၏ရည်မှန်းချက်၊ ပါတီ၏ မူဝါဒနှင့် လုပ်ငန်းစဉ်များကို တင်ပြရှင်းလင်းခွင့်ရရှိတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်ရပါတယ်။

ကျွန်တော်တို့ ပါတီ ရဲ့ နိုင်ငံရေးမူဝါဒသဘောတရားမှာ ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုဖြစ်ထွန်းရေး၊ နိုင်ငံသားများ၏ မူလအခွင့်အရေးရရှိရေး၊ လွတ်လပ်မျှတသော ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ထွန်းလာရေး၊ တိုင်းရင်းသားအချင်းချင်း သွေးစည်းညီညွတ်ရေး၊ လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ တန်းတူညီမျှရှိခြင်းတို့ရရှိရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်မြင့်မားရေးတို့ ဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီရဲ့ ရည်ရွယ်ချက်က နိုင်ငံတော်ကို ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေး၊ ပြည်သူတို့၏ လွတ်လပ်မှုနှင့် လူမှုစီးပွားဘဝ လုံခြုံရေးကို မြှင့်တင်ရေးတို့ပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီရဲ့ ယုံကြည်ချက်က လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ကိုယ်ချင်းစာ တရားထားရှိခြင်း၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာနှင့် တိုင်းပြည်နှင့် လူမျိုးကို ချစ်မြတ်နိုးသော စိတ်ဓာတ်ထွန်းကားရေးကို အခြေခံသော အမျိုးသားဝါဒကို ယုံကြည်ခံယူထားပါတယ်။

ပါတီရဲ့ ရည်မှန်းချက်က တိုင်းရင်းသားသွေးစည်းညီညွတ်ရေး၊ နိုင်ငံသားတိုင်း မူလအခွင့်အရေးရရှိရေး၊ တိုင်းရင်းသားများ၏ အခွင့် အရေးနှင့် ကိုယ်တိုင်ပြဋ္ဌာန်းခွင့်ရရှိရေး၊ စစ်မှန်သောငြိမ်းချမ်းရေးရရှိရေး၊ စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုဖြစ်ပေါ်ရေးတို့ ဖြစ်ပါတယ်။

တအာင်း(ပလောင်) အမျိုးသားပါတီရဲ့မူဝါဒနှင့် လုပ်ငန်းစဉ်များကို အလေး ထားတင်ပြသွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံကြီးဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံ ပါဝင်ဖွဲ့စည်းထားတဲ့ ပြည်ထောင်စုကြီး ဖြစ်ပါတယ်။ ဒါကြောင့်လည်းတည်တံ့ခိုင်မြဲတဲ့ သွေးစည်းညီညွတ်မှုကို အာမခံနိုင်သည့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုကြီးဖြစ်ပေါ်ရေးကို ကြိုးပမ်းဆောင်ရွက်မှာ ဖြစ်ပါတယ်။ စစ်မှန်တဲ့ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကြီး ပေါ်ထွန်းရေးကို ကြိုးပမ်းဖော်ဆောင်သွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီက နိုင်ငံသားတိုင်း အခွင့်အရေး ၊ တိုင်းရင်းသားများ၏ အခွင့်အရေး၊ တန်းတူညီမျှမှု အခွင့်အရေးကို အပြည့်အဝရရှိမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပေါ်ရေးကို ဆောင်ရွက်မှာဖြစ်ပါတယ်။

- လူတိုင်း မွေးရာပါအခွင့်အရေးကို တန်ဖိုးထားပြီး၊ အမျိုးသမီးများအား ဥပဒေဆိုင်ရာ အခွင့်အရေးများ ၊ နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ အပြည့်အဝ ရရှိစေရန် ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အမျိုးသမီးများအား အထူးဥပဒေများပြဋ္ဌာန်း၍ ကာကွယ်စောင့်ရှောက် မြှင့်တင်နိုင်စေရန် ဆောင်ရွက်မှာ ဖြစ်ပါတယ်။
- လူငယ်များကဏ္ဍမှာ အမျိုးသားရေးအသွင်ဖြင့် လူငယ်လူရွယ်များ၏ အခန်းကဏ္ဍများကို ကျယ်ပြန့်လာအောင် မြှင့်တင်ဖော်ဆောင်မှာ ဖြစ်ပါတယ်။

အနာဂတ်နိုင်ငံတော်အတွက် လူ့စွမ်းအားအရင်းအမြစ်ဟာ အရေးပါသောကြောင့် ပညာရေးကဏ္ဍကို တွေးခေါ်မြော်မြင် ဆန်းသစ်နိုင်မည့် အမျိုးသားပညာရေးမူဝါဒချမှတ်ပြီး နိုင်ငံတကာအဆင့်မီ တိုးတက်မြင့်မားလာစေရန် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

- တိုင်းရင်းသား စာပေ ၊ ဘာသာစကား၊ ယဉ်ကျေးမှု အမွေအနှစ်၊ အနုသုခုမပညာ၊ သမိုင်းအစဉ်အလာများကိုပြဋ္ဌာန်းသင်ကြားနိုင်စေရန် ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။
- တိုင်းရင်းသားများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး ၊ အကျိုးစီးပွားများ ကာကွယ်စောင့်ရှောက် မြှင့်တင်ရေး ၊ အမျိုးသား သွေးစည်း ညီညွတ်ရေးကို အလေးထား ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။
- တောင်သူလယ်သမားနှင့် ကျေးလက်ဒေသ ပြည်သူများတို့၏ အသက်မွေးဝမ်းကျောင်းပြု လုပ်ကိုင်စိုက်ပျိုးသော လယ်ယာ၊ ဥယျာဉ်ခြံမြေနှင့် မိရိုးဖလာ အစဉ်အလာပိုင်ဆိုင်သော မြေယာကို အကာအကွယ်ပြု စောင့်ရှောက်ပေးမှာ ဖြစ်ပါတယ်။
- အလုပ်အကိုင်ရရှိရေးနှင့် ဆင်းရဲမွဲတေမှု လျှော့ချရေးကို အဓိက ဖော်ဆောင်မှာဖြစ်ပြီး လူမှုစီးပွားဘဝကို မြှင့်တင်ပေးမှာ ဖြစ်ပါတယ်။
- ကျွန်တော်တို့ ပါတီက လူထုစွမ်းအားအခြေပြု အကျိုးသက်ရောက်စေမယ့် လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ဖော်ဆောင်နိုင်အောင် ကြိုးပမ်းမှာ ဖြစ်ပါတယ်။

မြန်မာ့နိုင်ငံရေးဖြစ်စဉ်တွင် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ စစ်မှန်သော တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဖော်ဆောင်ရာမှာ မတူညီမှုများနှင့် သဘောထားကွဲလွဲမှုများကို နိုင်ငံရေးယဉ်ကျေးမှုသစ်အရ တွေ့ဆုံညှိနှိုင်းအဖြေရှာဖွေခြင်း နည်းလမ်းကို ကြိုးပမ်းလုပ်ဆောင်ကြရမယ်လို့ ခံယူပါတယ်။

မြန်မာ့နိုင်ငံရေးဖြစ်စဉ်မှာ အားလုံးပါဝင်ခွင့် ရရှိရေး၊ တန်းတူညီမျှမှု အခွင့်အရေးများရရှိကြရပါမယ်။ တိုင်းရင်းသား လူမျိုးပေါင်းစုံတို့ အေးချမ်းတည်ငြိမ်စွာ အတူယှဉ်တွဲနေနိုင်ရေးဟာ အင်မတန် လိုအပ်ပါတယ်။ ပြည်ထောင်စုကြီးမှာ လူနည်းစု လူမျိုးစုတို့ရဲ့ “ပကတိတည်ရှိခြင်း” ကိုအသိအမှတ်ပြုပါတယ်။ မတူကွဲပြားရှိနေခြင်းကို လေးစားအသိအမှတ်ပြုရပါမယ်။ မတူကွဲပြားမှုအပေါ်မှာ အခြေခံသော စည်းလုံးညီညွတ်ရေးကို အရေးထား ဖော်ဆောင်ကြရပါမယ်။

တိုင်းရင်းသား လူမျိုးများရဲ့ အမျိုးသားလက္ခဏာ ကာကွယ်စောင့်ရှောက်ရေးမှာ ယဉ်ကျေးမှု လွတ်လပ်ခွင့် အပြည့်အဝရရှိနိုင်အောင် ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

တအာင်း( ပလောင်) အမျိုးသားပါတီရဲ့ လုပ်ငန်းစဉ်များကို ချမှတ်ဖော်ဆောင်ရာမှာ ပြည်သူလူထုအပေါင်းတို့ရဲ့ ပူးပေါင်းပါဝင်မှုဟာ အထူးလိုအပ်မှာ ဖြစ်ပါတယ်။ စနစ်တကျ ရှိဖို့နဲ့ မှန်ကန်သော လုပ်ဆောင်ချက်တွေဖြစ်စေဖို့ မိဘပြည်သူများရော ၊ ပါတီအဖွဲ့ အစည်းများတို့မှာပါ တာဝန်ရှိကြပါတယ်လို့ ထင်မြင်ယူဆပါတယ်။

ဒီမိုကရေစီအလေ့အထ ရှင်သန်ရင့်ကျက်တည်ငြိမ်လာနေပြီး၊ ဒီမိုကရေစီ ယဉ်ကျေးမှုမြင့်မားလာလို့ မိဘပြည်သူတို့နဲ့ ပူးပေါင်းပါဝင်ရာမှာလည်း ပိုမို စနစ်တကျရှိလာပြီလို့ ယူဆပါတယ်။

ကျွန်တော်တို့ပါတီက မိဘပြည်သူတို့ရဲ့ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်စေဖို့ ရရှိထားတဲ့အခြေခံကောင်းများကို ရေရှည်တည်တံ့ရေးနှင့် အခြေခံကောင်းများကို လက်ဆင့်ကမ်းပေးသွားနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒီမိုကရေစီစနစ်ကျင့်သုံးရာမှာ ပြည်သူ့အုပ်ချုပ်ရေးစနစ်ကို ချမှတ်ထားတာ ဖြစ်ပါတယ်။ မိဘပြည်သူ အပေါင်းတို့ရဲ့ ပူးပေါင်းပါဝင်မှုဟာ အင်မတန်အရေးပါတယ်လို့ ယုံကြည်ခံယူပါတယ်။ ပါတီအဖွဲ့အစည်း ပုဂ္ဂိုလ်များတို့ရဲ့ ရည်ရွယ်ချက် ၊ ရည်မှန်းချက်၊ မူဝါဒများနှင့် လုပ်ငန်းစဉ်များကို လေ့လာဆန်းစစ်သုံးသပ်ပြီး မဲရွေးချယ်ခြင်းဖြင့် ပါဝင်ကြပါလို့ တင်ပြအပ်ပါတယ်။

ဒီလာမယ့် ၂၀၂၀ ခုနှစ် ပါတီစုံ အထွေထွေ ရွေးကောက်ပွဲမှာ တအာင်း (ပလောင်) အမျိုးသားပါတီက ဝင်ရောက်ယှဉ်ပြိုင်မယ့် နေရာတွေမှာ မိဘပြည်သူအပေါင်းတို့က ယုံယုံကြည်ကြည်နဲ့ ထောက်ခံအားပေးကြပါလို့ တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။

ကိုဗစ် –၁၉ ရောဂါ ကပ်ဆိုးဘေးမှ ကင်းစင်လွတ်မြောက်ပါစေကြောင်း ဆုတောင်းရင်းဖြင့် မိဘပြည်သူအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေခင်ဗျာ။

**စီးဆင်းသွင်ရစ် ရွှေလီမြစ်**

ရေး – ကျော်စိန်ညော၊ ဆို –စပရိန်

(မြစ်ရွှေလီ–စီးဆင်းလို့နေသည် )၂ တောင်တန်းကြီးများကို ကျော်ဖြတ်ရင်း စီးဆင်းလို့နေသည် ပလောင်မြေဆီ စီးဆင်းလာသည် XXX ပလောင်မြေ အေးချမ်းသာယာလှပါသည် xxx ဒို့ရပ် ဒို့ရွာဖွံ့ဖြိုးလို့ ဝေစည်စေသည် (ဟို့ မြစ်ရွှေလီ)၊ သင်ဟာတို့ ပလောင်ရဲ့ အရင်းအမြစ်ပါလေ ..

Cho: လက်တွဲညီညာ . . . တူစုံနွှဲကြစို့ ... ဒို့ပလောင်တွေ....
မကွယ်ပျောက်စေနဲ့ . . ယဉ်ကျေးမှု အမွေအနှစ်များရယ် ..
ထုံးတမ်းဓလေ့ရယ် .. ဖော်ထုတ်ထိန်းသိမ်းကြစို့ ..
မြစ်ရွှေလီလည်း မခမ်းခြောက်လေနဲ့ ...
ဒီကမ္ဘာတည်နေသ၍လေ ...

(၁၉၇၈– ခုနှစ်)

# ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၈

**ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO) ဗဟိုကော်မတီဝင် နန်းရီရီဝင်းက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် ဟောပြောချက် စာမူအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှတစ်ဆင့် ပေးပို့လာပါသည်။ အဆိုပါ ဟောပြောတင်ပြချက်စာမူအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည် -**

လေးစားအပ်ပါသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားမျိုးနွယ်စုများနှင့် မြန်မာ့ရုပ်မြင်သံကြားအား ကြည့်ရှုအားပေးကြသော မိဘပြည်သူများနှင့် ပအိုဝ်းပြည်သူအပေါင်းတို့အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်မကတော့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)မှ ဗဟိုကော်မတီဝင် နန်းရီရီဝင်းဖြစ်ပါတယ်ရှင့်။

ဒီကနေ့ မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံထုတ်လွှင့်မှုအစီအစဉ်တွင် မြန်မာနိုင်ငံအတွင်းရှိ မှီတင်းနေထိုင်လျက်ရှိသော တိုင်းရင်းသားမိဘပြည်သူများသိရှိနိုင်ရန် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)၏ မူဝါဒ၊ သဘောထား၊ ရှေ့လုပ်ငန်းစဉ်များကို တင်ပြသွားမှာဖြစ်ပါတယ်ရှင့်။

ကျွန်မတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ ရှေ့လုပ်ငန်းစဉ်များ မတင်ပြမီ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)အကြောင်းကို အကျဉ်းမျှတင်ပြလိုပါတယ်။ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ဟု အမည်ပြုခေါ်ဆိုခဲ့သော်လည်း လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလမှ ယနေ့မျက်မှောက်ကာလအထိ အတူနေတိုင်းရင်းသားများ၏ အကျိုးကို ကျောသားရင်သား မခွဲခြားဘဲ အေးအတူပူအမျှ မျှတသောအကျိုးများ ဆောင်ကြဉ်းပေးလျက်ရှိကြောင်းကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ဆက်စပ်နယ်မြေများမှ တိုင်းရင်းသားတို့၏ လုံခြုံရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေဖူလုံရေး၊ အခြေခံကျသော စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးအဖြာဖြာစသည့် နိုင်ငံရေးလိုအပ်ချက်များ ဖော်ဆောင်မှုအပေါ် လေ့လာခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်နေမှုများကို ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့နိုင်ပါတယ်။

ဆက်လက်၍ ပါတီ၏ နောက်ခံသမိုင်းအကျဉ်းကို တင်ပြလိုပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်း(၁၃၅)မျိုးရှိသည့်အနက် ပအိုဝ်းတိုင်းရင်းသားသည် သတ္တမမြောက် လူဦးရေအများဆုံးလူမျိုးဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ပျံ့နှံ့စွာနေထိုင်လျက်ရှိပါတယ်။ အင်္ဂလိပ်နယ်ချဲ့တော်လှန်ရေး၊ ဖက်ဆစ်ဂျပန်တော်လှန်ရေးနှင့် လွတ်လပ်ရေးကြိုးပမ်းမှုများတွင် ပအိုဝ်းတိုင်းရင်းသားတို့သည် နိုးကြားတက်ကြွစွာပါဝင်ခဲ့ပြီး မြန်မာ့လွတ်လပ်ရေးပန်တိုင်းတစ်ခုဖြစ်သည့် ပင်လုံစာချုပ်တွင် ပအိုဝ်းအမျိုးသားခေါင်းဆောင် ဦးဖြူက ပါဝင်လက်မှတ်ရေးထိုးခဲ့ပါတယ်။

ဒုတိယကမ္ဘာစစ်အပြီး ကမ္ဘာတစ်ဝန်း လူမျိုးအသီးသီးတို့မှ နိုင်ငံရေးနိုးကြားတက်ကြွလာရာ ပအိုဝ်းတိုင်းရင်းသားများသည်လည်း ၁၉၄၇ တွင် ပအိုဝ်းစုစည်းအဖွဲ့ ခေါ် ပအိုဝ်းလွှောင်းဗူးကို စတင်ဖွဲ့စည်းခဲ့ပြီး ၁၉၅၀တွင် ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(ပအမဖ)အမည်ဖြင့် ပြောင်းလဲဖွဲ့စည်းခဲ့၍ ၁၉၅၂၊ ၁၉၅၆၊ ၁၉၆၀ နှင့် ၁၉၉၀ ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ၁၉၅၆ ရွေးကောက်ပွဲတွင် ပါလီမန်အမတ်(၁)ဦးနှင့် ကျန်ရွေးကောက်ပွဲများတွင် ပါလီမန်အမတ်(၃)ဦးစီဖြင့် ရွေးကောက်တင်မြှောက်ခြင်းခံခဲ့ရပါတယ်။

၂၀၁၀ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ပအိုဝ်းအမျိုးသားထုတစ်ရပ်လုံးကို လွှမ်းခြုံပြီး ကိုယ်စားပြုနိုင်သည့် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ကို ပဋ္ဌမအကြိမ်ညီလာခံမှ တညီတညွတ်တည်းဆုံးဖြတ်ကာ ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ ၂၀၁၀ နှင့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပအိုဝ်းလူမျိုးများနှင့်ဒေသခံများ၏ စည်းလုံးညီညွတ်မှု၊ အားပေးမှုများကြောင့် မဲဆန္ဒနယ် (၁၀)ခုမှ လွှတ်တော်ကိုယ်စားလှယ်(၁၀)ဦးကို တင်မြှောက်နိုင်ခဲ့ပါတယ်။ သက်တမ်းကာလ(၂)ကြိမ်အတွင်း ရွေးကောက်တင်မြှောက်ခြင်းခံရသော (PNO)ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်တွင်သော်လည်းကောင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တွင်သော်လည်းကောင်း၊ လွှတ်တော်ပြင်ပ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်သော်လည်းကောင်း တာဝန်ကျေပွန်စွာဖြင့် ဆောင်ရွက်ခဲ့ကြသည်ကို ဒေသခံမိဘပြည်သူများ သိရှိတွေ့မြင်နေရပြီး ဖြစ်ပါတယ်ရှင့်။

ကျွန်မတို့ဒေသတွင် ပညာရေးကိုအဓိကထား၍ ပညာရေးစီမံချက်ကို ပြည်သူ့လှူပ်ရှားမှုအသွင်ဖြင့် ၁၉၉၁-ခုနှစ်ကတည်းက စတင်အကောင်အထည်ဖော်လာခဲ့ရာ ပအိုဝ်းဒေသအတွင်း ဆရာများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ခဲ့သည့်အတွက် ဘွဲ့ရလူငယ်များ နှစ်စဉ်တိုးတက်လာလျက်ရှိပြီး နယ်ပယ်အသီးသီးတွင် နိုင်ငံ့အကျိုးကို သယ်ပိုးထမ်းဆောင်လျက်ရှိနေပါပြီ။ လွှတ်တော်ကိုယ်စားလှယ်များ၏ ကြိုးစားဆောင်ရွက်မှုများနှင့် မိဘပြည်သူတို့၏ ပူးပေါင်းပါဝင်မှုများကြောင့် ကဏ္ဍပေါင်းစုံတွင်လည်း ဖွံ့ဖြိုးတိုးတက်လာလျက်ရှိပြီး ဖွံ့ဖြိုးတိုးတက်နေသည့်အရှိန်များကို ရွေးကောက်ခံမည့် ကိုယ်စားလှယ်များကလည်း အစွမ်းကုန်ကြိုးစားဆောင်ရွက်သွားမည့်အပြင် လူနေမှုအဆင့်အတန်းမြင့်မားရေးနှင့် စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်း ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)၏ ရွေးကောက်ပွဲအောင်နိုင်ရေးအတွက် ပအိုဝ်းဘာသာဖြင့် **“လို့မု့စီ့ပွာ့ယံထင်းထို အွဉ်ဝင့်သော့မဲးနဂါ့ယို”** ဖြစ်ပြီး မြန်မာဘာသာဖြင့် **“လူမှုစီးပွားတိုးတက်ဖို့ နဂါးမဲကိုထည့်ကြစို့”** ဆိုသည့် ဆောင်ပုဒ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်ရှင့်။

**လေးစားအပ်ပါသော မိဘပြည်သူအပေါင်းတို့ရှင့် -**

ကျွန်မတို့ပါတီ၏ ယုံကြည်ချက်ကို တင်ပြရမည်ဆိုလျှင်-

(၁) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ဒို့တာဝန်အရေး(၃)ပါးကို အစဉ်တစိုက် စောင့်ထိန်းသွားမည်။

(၂) ပအိုဝ်းတိုင်းရင်းသားများသည် အခြားညီနောင်တိုင်းရင်းသားများနှင့် အတူ ပြည်ထောင်စုအတွင်း အေးအတူပူအမျှ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားနှင့်အညီ ငြိမ်းချမ်းသာယာဝပြောရေးနှင့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများရရှိအောင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားမည်။

(၃) နိုင်ငံတော်အတွင်း လူမျိုးရေးတန်းတူညီမှုဖြင့် မည်သည့်နေရာ၊ မည်သည့်ဒေသတွင် နေထိုင်စေကာမူ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို ခိုင်မြဲစွာ မွေးမြူလျက် ထာဝစဉ်စည်းလုံးညီညွတ်စွာ လက်တွဲနေထိုင်ပြီး ပါတီစုံဒီမိုကရေစီစနစ် ဖွံ့ဖြိုးရှင်သန်လာအောင် ဆောင်ရွက်သွားမည်။

(၄) တိုင်းရင်းသားများအားလုံး မျှော်လင့်လျက်ရှိသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်တည်ဆောက်နိုင်ရေးအတွက် အစဉ်ရှေးရှုလျက်ဆောင်ရွက်သွားမည်။

ဆက်လက်၍ ကျွန်မတို့ပါတီ၏ ရည်ရွယ်ချက်အချုပ်ကို တင်ပြရမည်ဆိုလျှင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများအားလုံး တန်းတူရည်တူ အပြန်အလှန်လေးစားတန်ဖိုးထားမှုများဖြင့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ကို ထာဝစဉ်ရှင်သန်စေပြီး ဥပဒေဘောင်အတွင်း အေးအတူပူအမျှ အတူတကွ စုပေါင်းနေထိုင်သောမှုဖြင့် ဖော်ဆောင်သွားပါမည်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့်ကျေးလက်ဒေသ၏ လူမှုဘဝနှင့် ဒေသဖွံ့ဖြိုးရေးများကို ဟန်ချက်ညီညီဖြင့် ဖော်ဆောင်သွားပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးဆီသို့ ဦးတည်၍ သွေးစည်းညီညွတ်စွာ ဖော်ဆောင်သွားပါမည်။

**လေးစားအပ်ပါသော မိဘပြည်သူအပေါင်းတို့ရှင့် -**

ကျွန်မတို့ ပါတီ၏ ရှေ့လုပ်ငန်းစဉ်(၇)ရပ်ကို ဆက်လက်ပြီး တင်ပြလိုပါတယ်ရှင့်-

(၁) ပအိုဝ်းလူမျိုးများ၏ စကား၊ စာပေ၊ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ အမျိုးသားရေးလက္ခဏာနှင့် သမိုင်းအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်၍ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပြီး မိမိတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်တို့ကို သားစဉ်မြေးဆက်အထိ အမွေကောင်းများပေးနိုင်ရန် ဖော်ဆောင်သွားမည်။

(၂) တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုကိုရှေးရှု၍ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကိုစွဲကိုင်ကာ အပြန်အလှန်လေးစားတန်ဖိုးထားပြီး ဒေသတွင်း တည်ငြိမ်အေးချမ်းမှုရှိစေရန် အလေးထားဖော်ဆောင်သွားမည်။

(၃) နိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် လူငယ်နှင့်အမျိုးသမီးများ ပိုမိုပါဝင်လာရန် ဖော်ဆောင်သွားမည်။

(၄) အခြေခံလူ့အခွင့်အရေးနှင့် ဒီမိုကရေစီအခွင့်အရေးများ အပြည့်အဝရရှိနိုင်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုစနစ် ပေါ်ထွန်းလာစေရန် အခြားညီနောင်တိုင်းရင်းသားများနှင့်အတူ ဆောင်ရွက်သွားမည်။

(၅) ဒေသတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များကို ဦးစားပေးဖော်ဆောင်သွားမည်။

(၆) သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြင့် သတင်းအချက်အလက်နှင့် နည်းပညာများကို အခြေခံသော စီးပွားရေးလုပ်ငန်းများ အားကောင်းလာစေရန် ဖော်ဆောင်သွားမည်။

(၇) ဒို့တာဝန်အရေး(၃)ပါးကို အလေးထား၍ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကို ပြဋ္ဌာန်းချက်နှင့်အညီ လုပ်ပိုင်ခွင့်အပြည့်အဝရရှိရန်နှင့် ပအိုဝ်းလူမျိုးတို့၏ ဂုဏ်အင်္ဂါရပ်များနှင့်ကိုက်ညီသည့် ရပိုင်ခွင့်များကိုရရှိရန် ဥပဒေနှင့်အညီ ကြိုးပမ်းဆောင်ရွက်သွားမည်။

**မဲဆန္ဒရှင် မိဘပြည်သူများရှင့်-**



ကျွန်မတို့ ပါတီသည် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုကို ရှေးရှု၍ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကို စွဲကိုင်ကာ အပြန်အလှန်လေးစား တန်ဖိုးထားပြီး ဒေသတွင်းတည်ငြိမ်အေးချမ်းမှုရှိစေရန် အလေးထားသည့် ပါတီဖြစ်သည့်အတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည် မဟုတ်ဘဲ ပအိုဝ်းတိုင်းရင်းသားအများစုရှိသည့် ဒေသများတွင်သာ ဝင်ရောက် ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ နိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် လူငယ်နှင့် အမျိုးသမီးများ ပိုမိုပါဝင်လာစေရန် ရွေးကောက်ခံမည့်ကိုယ်စားလှယ်များထဲတွင် လူငယ်နှင့် အမျိုးသမီးများ ပါဝင်မှုများဖြင့် ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ ကျွန်မတို့ပါတီမှ ကိုယ်စားလှယ်များ အနိုင်ရရှိပါက လွှတ်တော်ထဲတွင် တိုင်းရင်းသားများ ရသင့်ရထိုက်သည့် တန်းတူအခွင့်အရေးများကို ကြိုးစားဆောင်ရွက်ပေးသွားမည့်အပြင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန်အတွက်လည်း လွှတ်တော်တွင် ရောက်ရှိလာမည့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးနှင့် ပူးပေါင်း၍ လက်တွဲဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ထို့အတူ အသစ်ဖွဲ့စည်းမည့် အစိုးရအသစ်နှင့် ပူးပေါင်းပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်ရှင်။

**လေးစားအားထားရပါသော မဲဆန္ဒရှင် မိဘပြည်သူများရှင့်-**

မိဘပြည်သူများအားလုံးကို ပန်ကြားလိုတာကတော့ ၂၀၂၀ ခုနှစ် နိုဝင်ဘာလ(၈)ရက်နေ့တွင် ကျင်းပပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲ၌ ကျွန်မတို့ကိုယ်စားလှယ်များကို မဲပေးကြဖို့၊ အားပေးကြဖို့အတွက် ပြည်သူရဲ့ မေတ္တာကို ခံယူပါရစေရှင့်။ ကျွန်မတို့ပါတီအလံသည် ပအိုဝ်းအမျိုးသား အလံဖြစ်ပြီး အမှတ်တံဆိပ်သည် မိမိတို့ရည်မှန်းထားသော ရှေ့ခရီးပန်းတိုင်ဆီသို့ တည့်တည့်မတ်မတ် ဦးတည်သွားနေသည့် နဂါးတစ်ကောင်လုံးပုံဖြစ်ပါတယ်ရှင့်။ ကျွန်မတို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)၏ အောင်နိုင်ရေးဆောင်ပုဒ်သည် ပအိုဝ်းဘာသာဖြင့် **“လို့မု့စီ့ပွာ့ယံထင်း ထို အွဉ်ဝင့်သော့မဲးနဂါ့ယို”** ဖြစ်ပြီး မြန်မာဘာသာဖြင့် **“လူမှုစီးပွားတိုးတက်ဖို့ နဂါးမဲကိုထည့်ကြစို့”** ဖြစ်ပါတယ်ရှင့်။

နိဂုံးချုပ်အနေဖြင့် လာမည့် ၂၀၂၀ခုနှစ် နိုဝင်ဘာလ(၈)ရက်နေ့တွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် မိမိတို့တန်ဖိုးရှိလှသော မဲတစ်ပြားကို မှန်ကန်သော အတွေးအခေါ် ပြည့်ဝသောခံယူချက် ထက်သန်သော စိတ်စေတနာနဲ့ ကျွန်မတို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)၏ လွှတ်တော်အဆင့်ဆင့် မဲပုံးထဲကို မဲထည့်ပေးကြပါရန် လေးစားစွာဖိတ်ခေါ်ရင်း နိဂုံးချုပ်အပ်ပါတယ်ရှင့်။ မိဘပြည်သူများအားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေရှင့်။

## အမျိုးသားအတွက် အင်အား

တေးဆို - ခွန်သက်ဦး

တေးရေး - ခွန်ခင်မောင်

- အမျိုးသားရေးအတွက် အင်အားတစ်ခုဖြစ်စေမယ့်
အတွေးလေးတစ်ခု နေရာတစ်နေရာမှာ ပါဝင်ထမ်းဆောင်နိုင်မှသာ
အမျိုးသားကို ချစ်သည်ဟုဆိုနိုင်
လူ့ဘဝတစ်ခု ရလာပြီဆိုရင် ပအိုဝ်းတို့အတွက် မိမိအခွင့်အရေး
မဆုံးရှုံးစေရန် ပအိုဝ်းလူမျိုးတစ်ယောက်ချင်းဆီမှာ တာဝန်ရှိ
စည်းလုံးညီညွတ်စွာဖြင့် အဖက်ဖက်က ကြိုးစားသွားကြရမည်
မိမိတို့နှင့်ထိုက်တန်သော အခွင့်အရေးများကို ရရှိဖို့ရန်
မိမိတို့လူမျိုးကိုသာ အားပေးလိုက်ပါ
ခေါင်းဆောင်လည်း လမ်းမှန်-နောက်လိုက်လည်း
မှန်ကန်ပြီးပြည့်စုံသော နေရာတစ်ခုသို့ ရောက်ရှိဖို့ရန်
အဓိဋ္ဌာန်ထားကြိုးစားသွားကြရမည်
ဘေးပြောတာ မယုံနဲ့ သွေးပြောတာယုံပါ
အမျိုးသားခေါင်းဆောင် ဘုန်းတန်ခိုးကို ကိုးစား၍ စိတ်ဓာတ်ချင်းတူမွေးပြီး
နဂါးကိုအားပေးမှသာ ၂၀၂၀-တွင် တို့အောင်လံကို လွှင့်ထူနိုင်မည်

# ဆန္ဒမဲလက်မှတ်များကို အမှန်အမှတ်အသားပါသော တံဆိပ်တုံးဖြင့် ရိုက်နှိပ်၍ ဆန္ဒပြုရာတွင် ခိုင်လုံမဲနမူနာများ၊ ပယ်မဲနမူနာများ ထုတ်ပြန်ကြေညာခြင်း

မဲဆန္ဒရှင်များအနေဖြင့် ရွေးကောက်ပွဲနေ့ မဲရုံတွင် မဲပေးရာတွင်လည်းကောင်း၊ ရွေးကောက်ပွဲနေ့မတိုင်မီ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် ကြိုတင်ဆန္ဒမဲပေးရာတွင်လည်းကောင်း အမှန်အမှတ်အသားပါသော တံဆိပ်တုံးဖြင့် ရိုက်နှိပ်၍ ဆန္ဒပြုရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တံဆိပ်တုံးဖြင့် ရိုက်နှိပ်၍ ဆန္ဒပြုရမည့် ဆန္ဒမဲလက်မှတ်များအတွက် ခိုင်လုံမဲနမူနာပုံစံများနှင့် ပယ်မဲနမူနာပုံစံများကို ထုတ်ပြန်အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

(ယမန်နေ့မှအဆက်)

## ခိုင်လုံမဲ နမူနာပုံစံများ





မှတ်ချက်။ အထက်ဖော်ပြပါ ပုံစံများသည် နမူနာပုံစံအချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ခိုင်လုံမဲအဖြစ် ဆုံးဖြတ်ရန်ဖြစ်သည်။

## ပယ်မဲ နမူနာပုံစံများ









မှတ်ချက်။ အထက်ဖော်ပြပါ ပုံစံများသည် နမူနာပုံစံအချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ပယ်မဲအဖြစ် ဆုံးဖြတ်ရန်ဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်)

# ရှေ့နေနှင့် မြန်မာဥပဒေအညွှန်း

ဦးဟန်ညွန့် (ဥပဒေ)

## နိဒါန်း

"ဆရာ"

"ဗျာ"

"ဒီတစ်ပတ်ဆောင်းပါးခေါင်းစဉ်က ဘာလဲဆရာ"

"ရှေ့နေနှင့် မြန်မာဥပဒေအညွှန်းပါတဲ့ "

"ဘာကိုဆိုလိုပါသလဲ ဆရာ"

"တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ် ဦးစန်းလွင် ရေးသားပြုစုတဲ့ မြန်မာနိုင်ငံ ဥပဒေပေါင်းချုပ် အထွေထွေအညွှန်း(စတုတ္ထအကြိမ် တည်းဖြတ်ခြင်း) ၂၀၂၀ စာအုပ်အကြောင်း မိတ်ဆက်ရေးသား တင်ပြချင်လို့ပါ"

"စိတ်ဝင်စားပါတယ်ဆရာ"

"ဒါဖြင့် ၊ ဖတ်ကြည့်ကြစို့"

## ဦးစန်းလွင်

စာအုပ်ပြုစုသူ ဦးစန်းလွင်သည် တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်တစ်ဦးဖြစ်သည်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးတွင် ညွှန်ကြားရေးမှူး တာဝန်ထမ်းဆောင်ခဲ့ဖူးသူလည်း ဖြစ်သည်။ ဥပဒေရေးဆွဲရေးနှင့်ဘာသာပြန်တာဝန်ကို ထမ်းဆောင်ခဲ့သူ၊ ပြည်တွင်းပြည်ပ ဥပဒေရေးရာ အတွေ့အကြုံရှိသူ၊ ဥပဒေစာအုပ် စာတမ်းများ ရေးသားပြုစုဖူးသူ၊ ယနေ့တိုင်လည်း ဥပဒေအလုပ်များ လုပ်နေသူ ဖြစ်သည်။

## အညွှန်း

စာအုပ်အမည် အပြည့်အစုံမှာ "မြန်မာနိုင်ငံဥပဒေပေါင်းချုပ်၊ အထွေထွေအညွှန်း" ဖြစ်သည်။ စတုတ္ထအကြိမ် တည်းဖြတ်ခြင်း(၂၀၂၀) ဖြစ်သည်။ GENERAL INDEX OF MYANMAR LAWS ဟု အင်္ဂလိပ်ဘာသာဖြင့်ပါ ပြန်ဆိုဖော်ပြသည်။

## ရှေ့နေရှေ့ရပ်ကောင်းတစ်ယောက်

ရှေ့နေရှေ့ရပ်ကောင်းတစ်ယောက်ဆိုသည်မှာ ဥပဒေများကို အလုံးစုံသိသူကို ဆိုလိုသည်မဟုတ်။ သက်ဆိုင်ရာဥပဒေကို မည်သည့်နေရာတွင် ရှာဖွေရမည်ဖြစ်ကြောင်း သိသူကို ဆိုလိုကြောင်း၊ လက်တွေ့နယ်ပယ်တွင်လည်း မြားမြောင်လှသော ပြဋ္ဌာန်းဥပဒေများ၊ ဓလေ့ထုံးတမ်းဥပဒေများကို အလုံးစုံသိသူ အလွတ်ရသူဖြစ်ရန် မလွယ်ကူကြောင်း ..... စသည်ဖြင့် ဦးစန်းလွင်က ၎င်း၏ အမှာစာတွင် ရေးသားတင်ပြထားသည်။

ဥပဒေပြင်ဆင်ချက်များရှိပါက ယင်းနောက်ဆုံးပြင်ဆင်ချက်များ၊ ဆက်နွှယ်သည့်ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ သက်ဆိုင်ရာညွှန်ကြားချက်များ၊ စီရင်ထုံးများ၊ စီရင်ချက်များကို သိရှိရန်မှာ ရုတ်ခြည်းစွမ်းဆောင် ရရှိနိုင်သောအရာမဟုတ်ကြောင်း၊ နှစ်ပေါင်းများစွာ ဆရာကောင်းများထံ နည်းနာခံခြင်း၊ စာပေစုဆောင်းခြင်း၊ လေ့လာခြင်း၊ လက်တွေ့ကိစ္စရပ်များတွင် စပ်ဟပ်အသုံးချ၍ မှတ်မိစေခြင်းဖြင့် ပျိုးထောင်ယူကြရပါကြောင်း၊ တစ်ဖက်တွင် ဥပဒေများကို နောက်ဆုံးပြင်ဆင်ချက်များ၊ ဆက်စပ်သည့် ဥပဒေစည်းမျဉ်းများနှင့်တကွ ပြည့်စုံမှန်ကန်စွာသိရှိခြင်းဖြင့် မိမိကိုယ်တိုင် ဗဟုသုတ၊ ပညာတိုးပွားခြင်း၊ မိမိလိုက်ပါဆောင်ရွက်သော အမှုများအောင်နိုင်ခြင်း၊ မိမိပါဝင်သော အဖွဲ့အစည်းတိုးတက်ရေးတို့တွင် အထောက်အကူပြုခြင်းစသည့် အကျိုးတရားများ ဖြစ်ထွန်းစေသကဲ့သို့ အခြားတစ်ဖက်တွင် ဥပဒေများကို ပြည့်စုံမှန်ကန်စွာမသိရှိဘဲ ပေါ့ပေါ့လွယ်လွယ် ဆောင်ရွက်မိပါက မိမိကိုယ်တိုင် အရည်အသွေးနိမ့်ကျခြင်း ဖြစ်သည်သာမက မိမိ၏အဖွဲ့အစည်း သိက္ခာကျခြင်း၊ မိမိလိုက်ပါသောအမှုရှုံးနိမ့်ခြင်း၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့တွင် ထိရောက်စွာ မကူညီနိုင်ခြင်း၊ တစ်ခါတစ်ရံအနှောင့်အယှက်သဖွယ် ဖြစ်ပွားရခြင်းအစရှိသည်တို့ ပေါ်ပေါက်နိုင်ကြောင်းလည်း ဦးစန်းလွင်က ရေးသားတင်ပြထားပါသည်။

## ဤစာအုပ်

ဤစာအုပ်သည် ဥပဒေကို သိရှိနားလည်လိုက်နာကြစေရေးအတွက် မည်သည့်ဥပဒေကို မည်သည့်စာအုပ်၊ မည်သည့်စာမျက်နှာတွင် ရှာဖွေတွေ့ရှိနိုင်ကြောင်း ညွှန်ပြထားသည်။ ၂၀၂၀ ပြည့်နှစ်၊ မတ်လ (၃၁)ရက်နေ့အထိ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ပြဋ္ဌာန်းခဲ့သော ဥပဒေများအနက် ရုပ်သိမ်းခဲ့သောဥပဒေများ၊ ပယ်ဖျက်ခဲ့သောဥပဒေများ၊ ပျက်ပြယ်ပြီးသောဥပဒေများအား နုတ်ပယ်၍ တည်ဆဲဥပဒေများကို တင်ပြထားပါသည်။ တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ် ဆရာကြီး ဦးမြသိန်း၏ လမ်းညွှန်ကူညီမှုဖြင့် ဤစာအုပ် ပြုစုနိုင်ခဲ့ကြောင်းလည်း ဖော်ပြထားပါသည်။

ဥပဒေများကို တင်ပြရာတွင် တည်ဆဲပြင်ဆင်ချက် ဥပဒေအဆင့်ဆင့်ကိုပါ တင်ပြထား၍ နောက်ဆုံးပြင်ဆင်ချက်များကိုပါ ရှာဖွေတွေ့ရှိနိုင်ပါသည်။ ထို့ပြင် အထွေထွေအညွှန်းမာတိကာဖြစ်၍ မိမိသိရှိလိုသော ဥပဒေအမည်အပြည့်အစုံကို မမှတ်မိသည့်တိုင် ဥပဒေ၏အမည် တစ်စိတ်တစ်ပိုင်း၊ အကြောင်းအရာ တစ်စိတ်တစ်ပိုင်းကို သိရုံဖြင့် မိမိသိရှိလိုသော ဥပဒေကို ရှာဖွေတွေ့ရှိနိုင်ရန် စီစဉ်ပြုစုထားပါသည်။ မြန်မာနိုင်ငံဥပဒေ အတွဲအမှတ်(၁၃) တွင် ၁၉၅၄ ခုနှစ်၊ ဒီဇင်ဘာလ (၃၁)ရက်နေ့အထိ မြန်မာနိုင်ငံတွင် ပြဋ္ဌာန်းခဲ့သောဥပဒေများကို အထွေထွေအညွှန်း မာတိကာ ပြုစုဖော်ပြထားပါသည်။ ၁၉၅၅ ခုနှစ်မှစ၍ ယနေ့အထိကာလအတွက်မူ နှစ်အလိုက် ဥပဒေပေါင်းချုပ်စာအုပ် (YEAR BOOK) များသာ ထုတ်ဝေခဲ့ပါသည်။

## အထွေထွေအညွှန်းပြုစုခြင်း

အထွေထွေအညွှန်းမာတိကာပြုစုရာတွင် ၁၉၅၄ ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက်နေ့အထိ ကာလအတွင်း ပြဋ္ဌာန်းခဲ့သော ဥပဒေများအတွက် မြန်မာနိုင်ငံဥပဒေအတွဲ(၁)မှ အတွဲ(၁၃)အထိ ဥပဒေစာအုပ်များ၊ ၁၉၅၅ ခုနှစ်မှ ၁၉၆၁ ခုနှစ်အထိ ကာလအတွက် နှစ်အလိုက်ထုတ်ပြန်သော အစိုးရပုံနှိပ်တိုက်ထုတ် ဥပဒေစာအုပ်များ၊ ၁၉၆၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ ကာလအတွက် တော်လှန်ရေးကောင်စီဥပဒေများ (ပထမတွဲ) (ဒုတိယတွဲ) (တတိယတွဲ) စာအုပ်များ၊ ၁၉၇၅ ခုနှစ်မှ ၁၉၈၇ ခုနှစ်အထိ ကာလအတွက် ပြည်သူ့လွှတ်တော်ရုံးမှ ထုတ်ဝေသော နှစ်အလိုက် ဥပဒေစာအုပ်များ၊ ၁၉၈၈ ခုနှစ်မှ ၂၀၁၉ ခုနှစ်ကာလအတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ထုတ်ဝေသော နှစ်အလိုက် ဥပဒေစာအုပ်များကို ကိုးကားပါသည်။ ၁၉၇၄ ခုနှစ် ပြည်သူ့လွှတ်တော်ဥပဒေများ စာအုပ်တွင်မူ နှစ်ချုပ်စာအုပ်ထုတ်ဝေခဲ့သော်လည်း ဥပဒေတစ်ခုချင်းအတွက်သာ သီးခြားစာမျက်နှာတပ်ထား၍ ယင်းနှစ်တွင် ထုတ်ပြန်သော ဥပဒေများအား ဤစာအုပ်အတွက် ညွှန်းဆိုရာတွင် ဥပဒေအမှတ်ကိုသာ ဖော်ညွှန်းထားပါသည်။ ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်တွင် ပြဋ္ဌာန်းခဲ့သောဥပဒေများအတွက် နှစ်အလိုက် ဥပဒေစာအုပ် မထုတ်ဝေရသေး၍ ဥပဒေစာရင်းကိုသာ ဖော်ပြပါသည်။ အညွှန်းပြုစုရာတွင် ဥပဒေများကိုသာမက ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်များကိုပါ ထည့်သွင်းပြုစုပါသည်။ လက်တွေ့လုပ်ငန်းခွင်တွင် အသုံးချနိုင်စေရန်ဦးတည်၍ စီစဉ်ထားကြောင်း လေ့လာတွေ့ရှိပါသည်။

## အစဉ်အဆက် ဥပဒေများ

(၁) ရာဇသတ်ကြီး ( The Penal Code, 1860 ) အိန္ဒိယအက်ဥပဒေ XIV.1.5.1861

(၂) သက်သေခံအက်ဥပဒေ ( The Evidence Act, 1872) အိန္ဒိယအက်ဥပဒေ I.1.9.1872

**ဤစာအုပ်သည် ဥပဒေကို သိရှိနားလည် လိုက်နာကြစေရေးအတွက် မည်သည့်ဥပဒေကို မည်သည့်စာအုပ်၊ မည်သည့်စာမျက်နှာတွင် ရှာဖွေတွေ့ရှိနိုင်ကြောင်း ညွှန်ပြ... ကျမ်းမျိုးစုံမှ ဉာဏ်ဟုန်ပြင်း၊ နည်းမျိုးစုံမှ ရန်ပုံခွင်းဆိုသကဲ့သို့ ဥပဒေကျမ်းမျိုးစုံကို လေ့လာဖတ်ရှု၊ မှတ်သားနိုင်မှသာ ဥပဒေပညာရှင်တစ်ဦး ပီသ . . .**

(၃) ပဋိညာဉ်အက်ဥပဒေ ( The Contract Act, 1872) အိန္ဒိယအက်ဥပဒေ IX. 1.9.1872

(၄) ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေ(The Transfer of Property Act, 1882) 1.7.1882

(၅) ရုံးခွန်အက်ဥပဒေ (The Court Fees Act, 1870)---- 1.4.1870

(၆) သီးခြားသက်သာခွင့်အက်ဥပဒေ ( The Specific Relief Act, 1877)---1.5.1877


(၇) ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ (Cr.P.C., 1898)---1.7.1898

(၈) တရားမကျင့်ထုံးဥပဒေ ( C.P.C., 1898)-----1.7.1909

(၉) အမှုတန်ဖိုးဖြတ်အက်ဥပဒေ (The Suits Valuation Act, 1887)---11.2.1887

(၁၀) မှတ်ပုံတင်အက်ဥပဒေ (The Registration Act, 1908)---1.1.1909

(၁၁) ကာလစည်းကမ်းသတ်အက်ဥပဒေ (The Limitation Act, 1908)----1.1.1909




(၁၂) မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ(The Burma Companies Act, 1913)

1.4.1914 တို့သည် အိန္ဒိယဥပဒေများဖြစ်ခဲ့ပြီး မြန်မာပြည်သို့ ကိုလိုနီခေတ်က အစဉ်အဆက်ပြဋ္ဌာန်း ကျင့်သုံးခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ဆက်လက်ပြဋ္ဌာန်းကျင့်သုံးခဲ့သော ဥပဒေများအဖြစ် ယနေ့တိုင် လေ့လာမှတ်သားနိုင်ပေပြီ။ ဥပဒေများမှာ အင်္ဂလိပ်ဘာသာဖြင့် အများအားဖြင့် ပြဋ္ဌာန်းခဲ့သည်။ နောက်ပိုင်းကျမှ မြန်မာဘာသာတို့ဖြင့် ပြဋ္ဌာန်းထားသည်ကို သတိပြုမိကြပေလိမ့်မည်။

## ကျမ်းမျိုးစုံ

"ကျမ်းမျိုးစုံမှ ဉာဏ်ဟုန်ပြင်း၊ နည်းမျိုးစုံမှ ရန်ပုံခွင်း" ဆိုသကဲ့သို့ ဥပဒေကျမ်းမျိုးစုံကို လေ့လာဖတ်ရှု၊ မှတ်သားနိုင်မှသာ ဥပဒေပညာရှင်တစ်ဦး ပီသမည် ဖြစ်ပေသည်။ ဦးစန်းလွင် ပြုစုသောစာအုပ်တွင် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများ၊ မြန်မာဘာသာဖြင့် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများ၊ မြန်မာဘာသာဖြင့် ပြဋ္ဌာန်းခဲ့သော ရုပ်သိမ်းပြီးဖြစ်သည့် ဥပဒေများနှင့် ရုပ်သိမ်းသည့် ဥပဒေများ၊ အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းခဲ့သော ရုပ်သိမ်းပြီးဖြစ်သည့် ဥပဒေများနှင့် ရုပ်သိမ်းသည့် ဥပဒေများ ၊ မူရင်းဥပဒေများနှင့် ပြင်ဆင်ချက်ဥပဒေ အဆင့်ဆင့် မျိုးတူစုအလိုက်၊ ဥပဒေအမည် အင်္ဂလိပ်ဘာသာပြန်ဆိုချက်များ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်များကို တစ်ခဏချင်း ရှာဖွေသိရှိနိုင်ရန် ရေးသားပြုစုထားပါသည်။ ဥပဒေလေ့လာသူများအတွက် လက်တွေ့အသုံးချနိုင်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

## ရုပ်သိမ်းပြင်ဆင်ပြီး၊ မပြီး

ရုပ်သိမ်းပြီးသော ဥပဒေများကို သတိမမူဘဲ ဆက်လက်သုံးစွဲ ရည်ညွှန်းကိုးကားမိပါက ဒုက္ခလှလှ တွေ့နိုင်ကြသလို ပြင်ဆင်ပြဋ္ဌာန်းပြီးသော ဥပဒေများကို မသိရှိလိုက်သဖြင့် နစ်နာဆုံးရှုံးမှု များစွာဖြစ်နိုင်ကြောင်းလည်း ဥပဒေလောကသားတိုင်း သိရှိကြပြီးဖြစ်ပါသည်။ ထို့ကြောင့် တည်ဆဲဥပဒေများ ဘယ်မှာရှိ၍၊ ဘယ်လိုသိသင့်ကြောင်းမှာ အရေးကြီးလှပါသည်။

## နိဂုံး

(၁) ဥပဒေ ဘယ်မှာရှိပါသလဲ။ ဘယ်နေရာမှာ ရှာရမည်လဲ။

(၂) မြန်မာနိုင်ငံ ဥပဒေပေါင်းချုပ်၊ အထွေထွေအညွှန်းတွင် ရှာဖွေတွေ့ရှိနိုင်မည် ဖြစ်ပါကြောင်း . . . "

# စာရင်းဝင်မည့် ကုမ္ပဏီများအတွက် ရန်ကုန်စတော့အိတ်ချိန်း၏ စာရင်းဝင်စံသတ်မှတ်ချက်များအကြောင်း သိကောင်းစရာများ

**ပြည့်ဖြိုးအောင်**
**(စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန)**




အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီတစ်ခု စတော့အိတ်ချိန်းသို့ စာရင်းဝင်ခြင်းဆိုသည်မှာ မိမိတို့ကုမ္ပဏီက အများပြည်သူသို့ ထုတ်ဝေကမ်းလှမ်းရောင်းချထားသည့် အစုရှယ်ယာများကို အရင်းအနှီးဈေးကွက်အတွင်း၌ စတော့အိတ်ချိန်းမှတစ်ဆင့် များပြားလှသည့် ရင်းနှီးမြှုပ်နှံသူများအကြား ဈေးကွက်ပေါက်ဈေးဖြင့် အလွယ်တကူ ရောင်းချနိုင်ခြင်း၊ ဝယ်ယူနိုင်ခြင်းများ ပြုလုပ်နိုင်ကြစေရန် လုပ်ဆောင်ခြင်းပင်ဖြစ်ပါသည်။ ထိုသို့ဝင်ရောက်လိုသည့် ကုမ္ပဏီတစ်ခုအတွက် ကိုက်ညီရမည့် အခြေခံလိုအပ်ချက်များဖြစ်သည့် စာရင်းဝင်စံသတ်မှတ်ချက်များကို အလွယ်တကူ သိရှိနားလည်ရန် လိုအပ်ပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီးရှိ စတော့အိတ်ချိန်းများတွင် ကွဲပြားခြားနားသည့် စာရင်းဝင်စံသတ်မှတ်ချက်များ ရှိကြသော်လည်း တူညီသောရည်ရွယ်ချက်မှာ ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် အများပြည်သူအတွက် အရည်အသွေးမီ အစုရှယ်ယာများ ဖြစ်စေရေးပင်ဖြစ်ပါသည်။ ရန်ကုန်စတော့အိတ်ချိန်းသို့ စာရင်းဝင်ကုမ္ပဏီအဖြစ် ဝင်ရောက်လိုသည့် ကုမ္ပဏီတစ်ခုသည် ထုတ်ပြန်ထားသည့် အနိမ့်ဆုံးစာရင်းဝင်စံသတ်မှတ်ချက် ၁၇ ချက်နှင့် ကိုက်ညီရမည် ဖြစ်ပါသည်။

မိမိတို့ကုမ္ပဏီသည် စတော့အိတ်ချိန်းသို့ စာရင်းဝင်ရန်အတွက် ပြင်ဆင်သည်ဖြစ်စေ၊ စတော့အိတ်ချိန်းသို့ မဝင်သည်ဖြစ်စေ စာရင်းဝင်စံသတ်မှတ်ချက်များကို ကြိုတင်သိရှိနားလည်ထားခြင်းအားဖြင့် ကုမ္ပဏီကို အဆင့်မြှင့်တင်နိုင်ရုံမျှမက နောင်အနာဂတ်ကာလတွင် စတော့အိတ်ချိန်းသို့ ဝင်ရောက်လိုသည့်အခါ အဆင်သင့်ရှိမှုကိုဖြစ်စေနိုင်ပြီး ပြင်ဆင်ကုန်ကျစရိတ်ကိုလည်း သိသိသာသာလျှော့ချနိုင်စေမည် ဖြစ်ပါသည်။

စတော့အိတ်ချိန်းသို့ စာရင်းဝင်ရောက်ရန် ပြင်ဆင်ခြင်းသည် ထင်သလောက် မလွယ်ကူလှပါ။ စံသတ်မှတ်ချက်များနှင့် ကိုက်ညီစေရန် တစ်ခဏအတွင်း ပြင်ဆင်ဝင်ရောက်၍ မရရှိနိုင်သကဲ့သို့ အနည်းဆုံး တစ်နှစ်ကျော်နီးပါးခန့် အချိန်ယူ၍ ကြိုတင်ပြင်ဆင်ကြရသည်ကို လက်ရှိစာရင်းဝင် ကုမ္ပဏီ ခြောက်ခုကို စိစစ်ခဲ့သည့် အတွေ့အကြုံမှ သိရှိခဲ့ရပါသည်။

**စတော့အိတ်ချိန်း၌ စာရင်းဝင်သော အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီတစ်ခုဖြစ်သည်နှင့်အညီ မိမိတို့၏ လက်ရှိအစုရှယ်ယာရှင်များ၊ မိမိတို့ကုမ္ပဏီအား ယုံကြည်စိတ်ချစွာဖြင့် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ကြမည့် အများပြည်သူအပါအဝင် လူပုဂ္ဂိုလ် / အဖွဲ့အစည်းများစွာအတွက် တာဝန်ခံမှု၊ တာဝန်ယူမှု အပြည့်ရှိရမည် ဖြစ်၍ မြန်မာနိုင်ငံ အရင်းအနှီးဈေးကွက်အတွင်း စံနမူနာပြ ကုမ္ပဏီများဖြစ်ရန်လည်း အထူးပင်လိုအပ်။**

**စာရင်းဝင်စံသတ်မှတ်ချက် ၁၇ ချက်ပေါ်ပေါက်လာပုံ**

စာရင်းဝင်စံသတ်မှတ်ချက်များကို ရန်ကုန်စတော့အိတ်ချိန်း စတင်ဖွင့်လှစ်ခဲ့သည့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ နည်းပညာအကူအညီအထောက်အပံ့ပေးသည့် ဂျပန်အကြံပေးအရာရှိများက စံသတ်မှတ်ချက် ၁၆ ချက်ကို တင်ပြလာခဲ့ပြီး တာဝန်ရှိသူများက အချို့သော စံသတ်မှတ်ချက်များကို မွမ်းမံပြင်ဆင်ခဲ့ပြီး စံသတ်မှတ်ချက်အသစ်တစ်ခုကို မိမိတို့နိုင်ငံနှင့် ကိုက်ညီစေရန် ဖြည့်စွက်ခဲ့သည့်အတွက် ထိုစဉ်အခါက ထိုစံသတ်မှတ်ချက်များသည် အခြားအိမ်နီးချင်းစတော့အိတ်ချိန်းများနှင့်နှိုင်းယှဉ်လျှင် လျှော့ပေါ့လွန်းသည်ဟု ဝေဖန်မှုများရှိခဲ့သော်လည်း ယခုအခါ အစုရှယ်ယာဈေးကွက်အစပျိုးသည့် လက်ရှိအနေအထားနှင့် ကိုက်ညီမှုရှိသည့် စတော့အိတ်ချိန်း စာရင်းဝင်စံသတ်မှတ်ချက် ၁၇ ချက် ဖြစ်လာခဲ့ပါသည်။

စာရင်းဝင်စံသတ်မှတ်ချက် ၁၇ ချက်ဆိုသည်မှာ ...

ရန်ကုန်စတော့အိတ်ချိန်း၌ စာရင်းဝင်ကုမ္ပဏီခြောက်ခုရှိပြီဖြစ်ပြီး ယင်းကုမ္ပဏီများသည် အောက်ဖော်ပြပါ အနိမ့်ဆုံးစာရင်းဝင်စံသတ်မှတ်ချက်များကို ကိုက်ညီစေရန် ပြင်ဆင်မှုများ ပြုလုပ်ခဲ့ပြီး ရန်ကုန်စတော့အိတ်ချိန်း၏ စိစစ်မှုကို ခံယူခဲ့ပြီးမှ စာရင်းဝင်ခွင့်ပြုချက်ရရှိခဲ့ခြင်း ဖြစ်ပါသည်။

ပထမဆုံးသော စာရင်းဝင်စံသတ်မှတ်ချက်မှာ (၁)မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေနှင့်အညီ ဖွဲ့စည်းထားသော အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီတစ်ခုဖြစ်ရမည်ဖြစ်ပြီး အထူးကုမ္ပဏီ အက်ဥပဒေ (၁၉၅၀)နှင့် ဖွဲ့စည်းခဲ့သည့် အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီများသည်လည်း အကျုံးဝင်ပါသည်။ လက်ရှိ စာရင်းဝင်ကုမ္ပဏီခြောက်ခုတွင် အထူးကုမ္ပဏီအက်ဥပဒေ (၁၉၅၀) နှင့်အညီ ဖွဲ့စည်းထားသော အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီတစ်ခုပါဝင်ပါသည်။

ဒုတိယစာရင်းဝင် စံသတ်မှတ်ချက်မှာ (၂) အစုရှယ်ယာရှင် (Shareholder) အရေအတွက်ဖြစ်ပါသည်။ လျှောက်ထား သည့်ကုမ္ပဏီသည် အနည်းဆုံး အယောက် ၁၀၀ နှင့်အထက်ရှိရမည်ဖြစ်ပြီး ရန်ကုန်စတော့အိတ်ချိန်းသို့ စာရင်းဝင်လျှောက်လွှာတင်သည့်အချိန်တွင် ယင်းစံသတ်မှတ်ချက်ကို ကိုက်ညီရန် မလိုအပ်သေးသော်လည်း စာရင်းဝင်ဖြစ်သည့်နေ့ရက်မတိုင်မီ ပြည့်မီလျှင် စံသတ်မှတ်ချက်နှင့် ကိုက်ညီသည်ဟုဆိုနိုင်ပါသည်။

အဘယ်ကြောင့်ဆိုသော် လျှောက်ထားသည့် ကုမ္ပဏီသည် အများပြည်သူသို့ ကနဦးအစုရှယ်ယာများ ထုတ်ဝေကမ်းလှမ်းရောင်းချခြင်း (Initial Public Offering) ကို ပြုလုပ်နိုင်ခြင်း၊ မိမိကုမ္ပဏီ၏ ဝန်ထမ်းများအား ထုတ်ဝေကမ်းလှမ်းရောင်းချနိုင်ခြင်း အစရှိသည်တို့ကို လုပ်ဆောင်နိုင်သောကြောင့် ဖြစ်ပါသည်။ ရန်ကုန်စတော့အိတ်ချိန်းစာရင်းဝင် ကုမ္ပဏီခြောက်ခုတွင် စတင်ဖွဲ့စည်းခဲ့သူများအပါအဝင် အစုရှယ်ယာရှင်ဦးရေ အနည်းငယ်နှင့် စတင်လျှောက်ထားခဲ့ပြီး ရန်ကုန်စတော့အိတ်ချိန်း၌ စာရင်းဝင်ခဲ့သည့်နေ့ရက်မတိုင်မီ အထက်ဖော်ပြပါ လုပ်ငန်းစဉ်များ လုပ်ဆောင်၍ ကုမ္ပဏီ၏ အစုရှယ်ယာရှင် အရေအတွက်ကို အယောက် ၁၀၀ နှင့်အထက် ကျော်လွန်စေရန်လုပ်ဆောင်ခဲ့သည့် စာရင်းဝင်ကုမ္ပဏီတစ်ခုရှိခဲ့ပါသည်။

တတိယဖြစ်သည့် စာရင်းဝင်စံသတ်မှတ်ချက်မှာ (၃) လျှောက်ထားသည့် ကုမ္ပဏီသည် ရန်ကုန်စတော့အိတ်ချိန်းသို့ လျှောက်ထား သည့်အချိန်တွင် ထည့်ဝင်ပြီးမတည်ရင်းနှီးငွေ (Paid-up Capital) ပမာဏသည် ကျပ် ၅၀၀၀၀၀၀၀၀ (ကျပ်သန်း ၅၀၀ တိတိ) အနည်းဆုံးရှိရမည် ဖြစ်ပါသည်။

ယင်းစံသတ်မှတ်ချက်မှာ အချို့သောကုမ္ပဏီကြီးများအတွက် နည်းပါးလှသည့် ပမာဏဖြစ်သော်လည်း မိမိတို့နိုင်ငံရှိ လုပ်ငန်းခိုင်မာကောင်းမွန်၍ ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး အနာဂတ်ကြီးထွားဖွံ့ဖြိုးရန် အလားအလာရှိသည့် အသေးစားနှင့် အလတ်စားကုမ္ပဏီ (SME) များကိုပါ အလျင်အမြန် တိုးတက်လာစေရန် ရည်ရွယ်၍ သတ်မှတ်ခဲ့ခြင်းဖြစ်နိုင်ပါသည်။

စတုတ္ထစာရင်းဝင် စံသတ်မှတ်ချက် တစ်ခုမှာ (၄) လျှောက်ထားသည့်ကုမ္ပဏီသည် အနည်းဆုံး နှစ်နှစ်တာကာလအတွင်း မဖြစ်မနေ လုပ်ငန်းအမြတ် ရရှိရမည်ဖြစ်ပါသည်။ ထိုနှစ်နှစ်တာကာလဆိုသည်မှာ ရန်ကုန်စတော့အိတ်ချိန်းသို့ စာရင်းဝင် လျှောက်လွှာမတင်မီ ရှေ့နှစ်များကို ဆိုလိုခြင်းဖြစ်ပြီး လုပ်ငန်းအမြတ်ရရှိမှု ဆိုသည်မှာ နှစ်နှစ်တာကာလ အရှုံး၊ အမြတ်ရရှိမှုတို့ကို ပေါင်းခြင်းဖြင့် ရရှိလာသည့် ပမာဏသည် သုညထက် ကျော်လွန်သည့် ပမာဏကို ဆိုပါသည်။

ပဉ္စမစာရင်းဝင်စံသတ်မှတ်ချက်မှာ (၅) လျှောက်ထားသည့်ကုမ္ပဏီသည် သက်ဆိုင်ရာစီးပွားရေး လုပ်ငန်းနယ်ပယ်တွင် တည်ဆဲဥပဒေများနှင့်အညီ လုပ်ငန်းလုပ်ဆောင်လျက်ရှိသည့် ကုမ္ပဏီတစ်ခု ဖြစ်ရမည်ဖြစ်ပြီး တည်ငြိမ်သော အမြတ်ရရှိမှုကို ခန့်မှန်းနိုင်မည့် အခြေခံဝင်ငွေရရှိထားရန် လိုအပ်ပါသည်။

ဆဋ္ဌမစာရင်းဝင် စံသတ်မှတ်ချက်မှာ (၆) လျှောက်ထားသည့်ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်များနှင့် ကုမ္ပဏီအား စီမံခန့်ခွဲသည့်ပုဂ္ဂိုလ်များသည် ယင်းတို့၏ စီးပွားရေးလုပ်ငန်းနယ်ပယ်များတွင် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုနှင့် စပ်လျဉ်းသည့် အကျင့်စာရိတ္တကောင်းမွန်သူများဖြစ်ရမည့်အပြင် ပြစ်ဒဏ်ကျခံဖူးသူများလည်း မဖြစ်ရပေ။

သတ္တမစာရင်းဝင်စံသတ်မှတ်ချက်မှာ(၇) စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် အများပြည်သူ အထင်အမြင်လွဲမှားစေနိုင်သည့် မလျော်ကန်သော အပြုအမူ၊ အပြောအဆို၊ လုပ်ဆောင်မှုများကို မပြုလုပ်ရန်လိုအပ်ပြီး ကုမ္ပဏီသည်လည်း ထိရောက်၍ လိုက်လျောညီထွေဖြစ်မည့် ကုမ္ပဏီအတွင်း စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လုပ်ငန်းလုပ်ဆောင်လျက်ရှိသည့် ကုမ္ပဏီတစ်ခုဖြစ်ရန် လိုအပ်ပါသည်။

အဋ္ဌမစာရင်းဝင်စံသတ်မှတ်ချက်မှာ (၈) လျှောက်ထားသည့် ကုမ္ပဏီ၏ မည်သည့်ဒါရိုက်တာအဖွဲ့ဝင်မဆို အစုရှယ်ယာရှင် အစည်းအဝေး၏ အတည်ပြုချက်မရရှိဘဲ လုပ်ငန်းအမျိုးအစားတူ၊ အကျိုးစီးပွားတူ လုပ်ငန်းတစ်ခုခုကို မပြုလုပ်ရပေ။

နဝမစာရင်းဝင် စံသတ်မှတ်ချက်မှာ (၉) လျှောက်ထားသည့် ကုမ္ပဏီအပါအဝင် ယင်း၏ဒါရိုက်တာ အဖွဲ့ဝင်များ၊ ကုမ္ပဏီကို ဦးဆောင်စီမံခန့်ခွဲလျက်ရှိသည့် လူပုဂ္ဂိုလ်များသည် နိုင်ငံတော်အစိုးရဌာန အဖွဲ့အစည်းများနှင့် အခြားမည်သည့်အဖွဲ့အစည်း တစ်ခုခု၏ အမည်မဲစာရင်းတွင်မျှ ပါဝင်နေခြင်းမရှိရပေ။

ဒသမစာရင်းဝင် စံသတ်မှတ်ချက်မှာ (၁၀) လျှောက်ထားသည့် ကုမ္ပဏီသည် မြန်မာနိုင်ငံ စာရင်းကိုင်စံများ (MFRS) (သို့မဟုတ်) နိုင်ငံတကာစာရင်းကိုင်စံများ (IFRS) နှင့်အညီ စာရင်းထိန်းသိမ်းမှု၊ စာရင်းစစ်ဆေးမှုတို့ကို လုပ်ဆောင်လျက်ရှိသည့် ကုမ္ပဏီတစ်ခု ဖြစ်ရပါမည်။ မြန်မာနိုင်ငံစာရင်းကောင်စီမှ ညွှန်ကြားချက်များနှင့်အညီ စာရင်းထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ပြီး ရန်ကုန်စတော့အိတ်ချိန်းသို့ တင်ပြလျှောက်ထားသည့်အခါ မည်သည့်ဘဏ္ဍာရေးရှင်းတမ်းမဆို ပြင်ပစာရင်းစစ်၏ "Unqualified Opinion" သို့မဟုတ် "Qualified Opinion" ဖြစ်ရပါမည်။

(၁၁) ခုမြောက် စာရင်းဝင်စံသတ်မှတ်ချက်မှာ လျှောက်ထားသည့် ကုမ္ပဏီသည် တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများနှင့်အညီ အခွန်တာဝန်ကို ကျေပွန်ရမည်ဖြစ်ပြီး

(၁၂) ခုမြောက် စာရင်းဝင် စံသတ်မှတ်ချက်မှာ ရင်းနှီးမြှုပ်နှံ မှုပြုလုပ်သည့် လူပုဂ္ဂိုလ်/ အဖွဲ့အစည်းများ လွယ်ကူလျင်မြန်စွာ ရင်းနှီးမြှုပ်နှံမှု ဆုံးဖြတ်ချက်ချမှတ်နိုင်စေရန်အတွက် ကုမ္ပဏီနှင့်စပ်လျဉ်းသည့် ကော်ပိုရိတ်သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ဖွင့်ဟကြေညာနိုင်ရမည် ဖြစ်ပါသည်။

(၁၃) ခုမြောက် စာရင်းဝင် စံသတ်မှတ်ချက်မှာ တည်ဆဲဥပဒေ၊ စည်းမျဉ်း/ စည်းကမ်းများကို လိုက်နာနိုင်စေရန် စည်းကမ်းလိုက်နာရေးအရာရှိတစ်ဦးအား မဖြစ်မနေခန့်အပ်တာဝန်ပေး၍ အစုရှယ်ယာအရောင်းအဝယ်ပြုလုပ်မှုဆိုင်ရာ ကိစ္စရပ်များအပါအဝင် အခြား လုပ်ငန်းကိစ္စရပ်များ စနစ်တကျရှိစေရန်အတွက် သက်ဆိုင်ရာစည်းမျဉ်းများ ချမှတ်ဆောင်ရွက်ရမည် ဖြစ်သည်။

(၁၄) ခုမြောက်အချက်မှာ ကုမ္ပဏီ၏ လုပ်ငန်းလုပ်ဆောင်မှုပုံစံကို အနာဂတ်ဖွံ့ဖြိုးမှုဆိုင်ရာ မဟာဗျူဟာများ၊ အရေးပါသည့် အညွှန်းကိန်းများ၊ ခန့်မှန်းခြေထင်မြင်ယူဆချက်များအပါအဝင် ရန်ကုန် စတော့အိတ်ချိန်းသို့ လျှောက်လွှာတင်သည့်နှစ်မှစ၍ ငါးနှစ်တာကာလအထိ ရေးဆွဲပြုစုထားရန်လိုအပ်ပြီး နှစ်စဉ်ပြန်လည်သုံးသပ်သည့် အလေ့အထရှိရမည်။

(၁၅) ခုမြောက် စာရင်းဝင်စံသတ်မှတ်ချက်မှာ အစုရှယ်ယာဈေးကွက်အတွက် အရေးကြီးသည့် အခန်းကဏ္ဍတစ်ခုဟုဆိုနိုင်သည့် အတွင်းသတင်းကို အသုံးပြု၍ အစုရှယ်ယာများအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကာကွယ်တားဆီးနိုင်မည့် ကုမ္ပဏီအတွင်း လိုက်နာရမည့် ဥပဒေ၊ စည်းမျဉ်း/ စည်းကမ်းများ၊ လုပ်ငန်းစဉ်များကို မဖြစ်မနေ ချမှတ်ဆောင်ရွက်ထားရမည်ဖြစ်ပြီး ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်များ၊ စီမံအုပ်ချုပ်သူများ၊ အရေးပါသည့် အခန်းကဏ္ဍများတွင် ပါဝင်ဆောင်ရွက်သည့် ဝန်ထမ်းများအပါအဝင် အားလုံးကို အသိပညာပေးထားရပါမည်။

စာမျက်နှာ ၂၃ သို့ ❖

# အခြေခံအိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် မြို့နယ်အသီးသီး၌ ထောက်ပံ့



**ငဖဲ**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်၌ ကိုဗစ်-၁၉ ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစားများအား နိုင်ငံတော်အစိုးရက အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ငွေများ ပေးအပ်ခြင်းကို ယမန်နေ့ နံနက် ၉ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကိုဗစ်-၁၉ကာလအတွင်း ဝင်ငွေနည်းပါးသည့် အခြေခံလူတန်းစားများအား လတ်တလောအဆင်ပြေစေရေးအတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ပုံမှန်ဝင်ငွေမရှိသော ရပ်ကွက်/ကျေးရွာအုပ်စု ၃၃ အုပ်စုမှ အိမ်ထောင်စု ၅၃၈၂ အတွက် ငွေကျပ်သိန်းပေါင်း ၁၀၇၆ ကျော်ကို ဌာနဆိုင်ရာအကြီးအကဲများထံသို့ လွှဲပြောင်းထောက်ပံ့ပေးအပ်ခဲ့ကြပြီး တာဝန်ရှိသူများက ပြည်သူများလက်ဝယ်အရောက် ထောက်ပံ့ငွေများကို ဆက်လက်ထောက်ပံ့ပေးအပ်လျက်ရှိကြောင်း သိရသည်။ **မယု(ငဖဲ)**



**မတ္တရာ**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

မတ္တရာမြို့နယ်အတွင်းရှိ အုပ်စု ၈၈ အုပ်စုမှ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၅၂၁၈၉ အား အိမ်ထောင်တစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်း ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**စိုးကျော်သူထွေး(ပြန်/ဆက်)**

**ဂန့်ဂေါ**

နိုင်ငံတော်အစိုးရက ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စုများအား တစ်အိမ်ထောင်စုလျှင် ငွေကျပ် ၂၀၀၀၀ ထောက်ပံ့ပေးအပ်ပွဲကို မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့၌ ယမန်နေ့နံနက် ၁၀ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဂန့်ဂေါမြို့နယ်တွင် ရပ်ကွက်/ကျေးရွာအုပ်စု ၇၇ အုပ်စုရှိပြီး အခြေခံလူတန်းစား အိမ်ထောင်စု စုစုပေါင်း ၁၂၀၀၁ စုရှိကာ အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၂၄၀၀၂၀၀၀၀ တို့ကို တတိယအကြိမ်ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။ **ထင်အောင်နိုင်(ဂန့်ဂေါ)**



**ဟားခါး**

ချင်းပြည်နယ် ဟားခါးမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာများမှ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စုဝင်များအတွက် နိုင်ငံတော်က ထောက်ပံ့ငွေပေးအပ်ခြင်းကို ယနေ့နံနက် ၁၀ နာရီခွဲတွင် တာဝန်ရှိသူများက ဟားခါးမြို့ မြို့ဟောင်းရပ်ကွက်နှင့် ဈေးဟောင်းရပ်ကွက်များသို့ သွားရောက်၍ ပြည်သူများလက်ဝယ်အရောက် ထောက်ပံ့ပေးအပ်လျက်ရှိကြောင်း သိရသည်။

ဟားခါးမြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအား အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် အိမ်ထောင်စု ၂၇၀၂ တို့အတွက် ငွေကျပ် ၅၄၀၄၀၀၀၀ အားလည်းကောင်း၊ ဟားခါးမြို့နယ်အတွင်းရှိ အသက်(၈၅)နှစ်နှင့်အထက် သက်ကြီးဘိုးဘွား တစ်ဦးအား တစ်လလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် သုံးလစာ ၃၀၀၀၀ ကျပ်အားလည်းကောင်း၊ သက်ကြီးဘိုးဘွား ၂၃၇ ဦးအတွက် ထောက်ပံ့ငွေကျပ် ၇၁၁၀၀၀၀ ကို ပြည်သူများလက်ဝယ်အရောက် ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



**ကန့်ဘလူ**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စုများအား နိုင်ငံတော်အစိုးရက ထောက်ပံ့ပေးသည့် ထောက်ပံ့ငွေများကို လက်ရောက်ပေးအပ်နိုင်ရန်အတွက် ထောက်ပံ့ငွေပေးအပ်ခြင်းကို ယနေ့မွန်းလွဲ ၁ နာရီခွဲခန့်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပကြောင်း သိရသည်။

ထိုသို့ပေးအပ်ရာတွင် ကန့်ဘလူမြို့နယ်ရှိ တိုက်နယ်ရှစ်ခုမှ တိုက်နယ်ခေါင်းဆောင်များက ဌာနဆိုင်ရာများကို လွှဲပြောင်းပေးအပ်ခဲ့ပြီး ဆက်လက်၍ တိုက်နယ်ခေါင်းဆောင်များက ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများသို့ ဆက်လက်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

**ဖရူဆို**

ကယားပြည်နယ် ဖရူဆိုမြို့နယ်၌ နိုင်ငံတော်အစိုးရက ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေစဉ် ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေပေးအပ်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဖရူဆိုမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၄ အုပ်စုမှ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၁၀၂၀ အတွက် အိမ်ထောင်စုတစ်စု လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၂၀၄၀၀၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ကျန်ရှိနေသော မြို့ပေါ်ငါးရပ်ကွက်ရှိ အခြေခံလူတန်းစားအိမ်ထောင်စု ၁၇၇ အတွက် ထောက်ပံ့ငွေကျပ် ၃၅၄၀၀၀၀ ကို အိမ်တိုင်ရာရောက် သွားရောက်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**တောရယ်(ပြန်/ဆက်)**

**ပုလဲ**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်၌ နိုင်ငံတော်အစိုးရက ကိုဗစ်-၁၉ ဖြစ်ပွားနေစဉ်ကာလအတွင်း နိုင်ငံတစ်ဝန်းလုံးရှိ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများကို ထောက်ပံ့မှုအနေဖြင့် တစ်အိမ်ထောင်စုလျှင် ငွေကျပ် ၂၀၀၀၀ ကို ပြည်သူ့လက်ဝယ်အရောက် ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

ထောက်ပံ့မှုအနေဖြင့် ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၁ စုရှိ အိမ်ထောင်စု ၃၃၆၉၂ အတွက် ထောက်ပံ့ငွေကျပ် ၆၇၃၈၄၀၀၀၀ ကို ပြည်သူ့လက်ဝယ်အရောက် ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

**မွေးကြူဇင်(မုံရွာကိုယ်ပွား)**

**ညောင်ရွှေ**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများ၏ အိမ်ထောင်စုများအား ငွေကြေးထောက်ပံ့ပေးအပ်ခြင်းကို ယနေ့မွန်းလွဲ ၁ နာရီခွဲခန့်က ညောင်ရွှေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ညောင်ရွှေမြို့နယ်အတွင်းရှိ အိမ်ထောင်စု ၅၁၂၇ အတွက် တစ်အိမ်ထောင်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁၀၂၅၄၀၀၀၀ အား အခြေခံလူတန်းစားများ လက်ဝယ်အရောက် ပေးပို့နိုင်ရေးအတွက် ရပ်ကွက်နှင့်ကျေးရွာအုပ်စုအလိုက် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**စိုင်းအယ်ဘဲ(ပြန်/ဆက်)**

**မြင်းခြံ**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း နိုင်ငံတော်က ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအား တစ်အိမ်ထောင်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ယနေ့ နံနက် ၉ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပေးအပ်ခဲ့သည်။

မြင်းခြံမြို့နယ်တွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုပေါင်း ၄၉၅၅၅ အတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ၉၉၁၁၀၀၀၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်စွာ(ပြန်/ဆက်)**

**လှိုင်းဘွဲ**

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်၌ နိုင်ငံတော်က ထောက်ပံ့သော ပုံမှန်ဝင်ငွေမရှိသည့် အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေပေးအပ်ခြင်းကို ယမန်နေ့က မြို့ပေါ်လေးရပ်ကွက်၌ ပေးအပ်ခဲ့ကြောင်း သိရသည်။

လှိုင်းဘွဲမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု ၄၁ အုပ်စုရှိ အိမ်ထောင်စုပေါင်း ၁၁၁၈၇ တို့အတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၂၂၃၇၄၀၀၀၀ ကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများက ပုံမှန်ဝင်ငွေမရှိသည့် အခြေခံအိမ်ထောင်စုဝင်များ၏ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**



**မင်းလှ**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ ကိုဗစ်-၁၉ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း၌ ပြည်သူများစားဝတ်နေရေး အဆင်ပြေစေရန် နိုင်ငံတော်အစိုးရက ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေများကို ယမန်နေ့ နံနက်ပိုင်းမှစတင်၍ မြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာများတွင် ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါ ထောက်ပံ့ငွေများပေးအပ်ရာ၌ မင်းလှမြို့နယ်အတွင်းရှိ ရပ်ကွက်ခြောက်ခု၊ ကျေးရွာအုပ်စု ၆၃ စုမှ အိမ်ထောင်စု ၉၀၇၅ စုအား နိုင်ငံတော်အစိုးရက အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်းထောက်ပံ့ငွေကျပ် ၁၈၁၅၀၀၀၀၀ ကို ရပ်ကွက်/ကျေးရွာများအရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဇာဇာ(အထက်မင်းလှ)**



# နွားနို့ ဘာကြောင့် သောက်သင့်လဲ

ခင်မောင်အေး(မွေး/ရေ)

နွားနို့သည် ငယ်ရွယ်သူကလေးသူငယ်များအတွက် ဉာဏ်ရည်ဉာဏ်သွေးနှင့် ကိုယ်ရည်ကိုယ်သွေးကောင်းမွန်ရန် တကယ်လိုအပ်သည့်အာဟာရ ဖြစ်ပါသည်။နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် လည်းကောင်း၊ ပြည်တွင်းပွဲစဉ်များတွင် လည်းကောင်း မြန်မာအားကစားသမားများ၏ အရပ်အမောင်းနှင့် ခွန်အားကို ဂရုထားချိန်ထိုးကြည့်ရာ ပျမ်းမျှအားဖြင့် အခြားနိုင်ငံသားများထက် ညှက်နေသည်ကို တွေ့ရပါသည်။

**နွားနို့နှင့် အာဟာရရှုထောင့်**

နွားနို့ ၁၀၀ ဂရမ်တွင် ကယ်လိုရီ ၁၂၀ မီလီဂရမ် ပါရှိသဖြင့် မိခင်လောင်းများ နေ့စဉ်တစ်ခွက် သို့မဟုတ် နှစ်ခွက်သောက်သင့်ပါ၏။ ကိုယ်ဝန်ဆောင်ရှေ့ပိုင်း သုံးလအတွင်းတွင်သန္ဓေသား၏ဉာဏ်ရည်အနိမ့်အမြင့်ကို တည်ဆောက်ပေးသည့် သော့ချက်ဖြစ်သည်ဟု ဆို၏။

တချို့ကလေးများသည် စာအလွန်ကြိုးစားသော်လည်း ရလဒ်မကောင်းဘဲ ဖြစ်နေတတ်ကြ၏။ အကြောင်းရင်းတစ်ချက်မှာ ကလေးဘဝတွင် အာဟာရမလုံလောက်ခဲ့သောကြောင့် ဖြစ်ပါသည်။ သန္ဓေသားနှင့် နို့စို့အရွယ်တွင် မိခင်ထံမှ အာဟာရကို ရယူခဲ့ရကြောင်း လူတိုင်းသိကြပါ၏။ ထို့ကြောင့် မိခင်များကိုယ်ဝန်ဆောင်ကာလနှင့် ကလေးနို့စို့အရွယ်တွင် အာဟာရရရှိနိုင်မှုကို အလေးထားရန် လိုအပ်လှပါသည်။

နွားနို့တွင် လက်တစ်အက်စစ် (Latic Acid) ပါဝင်နေသောကြောင့် သောက်သူသည် ကိုလက်စထရော (Cholesterol) မတက်သည့်အပြင် ကျဆင်းစေပါသည်။ သွေးတိုးရောဂါရှိသူများကိုလည်း သွေးတိုးနှုန်းကို ချပေးနိုင်ပြီး နှလုံးသွေးကြောကျဉ်းရောဂါရှိသူများနှင့် သွေး အတွင်း ကိုလက်စထရော မြင့်မားနေသူများအဖို့ မလိုင်ထုတ်ပြီးသား နွားနို့သောက်ပါက ပိုပြီးသင့်လျော်ကြောင်း သိရပါသည်။

ကလေးအသက် လေးနှစ်မှ ရှစ်နှစ်အထိ နေ့စဉ် ကယ်လိုရီ ၈၀၀ မီလီဂရမ်နှင့် အဖွံ့ဖြိုးဆုံးအရွယ်ဖြစ်သည့် ၁၃ နှစ်မှ ၁၈ နှစ်အတွင်း နေ့စဉ် ကယ်လိုရီ ၁၀၀၀ လိုအပ်ပါသည်။

အသက် ၅၀ ကျော်တွင် အရိုးသန်မာမှုအတွက် ကယ်လိုရီ ၁၃၀၀ လိုအပ်ကြောင်းသိရပါသည်။ အရိုးများတွင် ကပ်နေသောခဲများကိုခွာချပေးပြီး ဆီးထဲမှတစ်ဆင့်စွန့်ထုတ်ပစ်စေသည်ဟု ဆို၏။

အင်္ဂလန်နိုင်ငံမှ အာဟာရဗေဒပါရဂူ ဒေါက်တာ ကယ်လီမိန်း (Dr. Kelly Maein) သည် ကလေး ၁၀၂ ဦးအား အုပ်စု နှစ်စုခွဲ၍ အုပ်စု (၁) အား နေ့စဉ် အစားအစာ ပုံမှန်သုံးနပ်ကျွေးခြင်း၊ အုပ်စု (၂) အား နေ့စဉ် ပုံမှန် သုံးနပ်အပြင် နွားနို့ ၆၀၀ စီစီ နေ့စဉ် ဖြည့်စွက်တိုက်ကျွေးစေခြင်း တို့တစ်နှစ်ကြာသုတေသနပြုလုပ်ခဲ့ရာ အုပ်စု (၁) မှ နို့မသောက်သည့် ကလေး၏အရပ်သည် ၄ ဒသမ ၆၇ စင်တီမီတာရှည်ပြီး အုပ်စု (၂) မှ နို့သောက်သည့်ကလေး များ၏ အရပ်သည် ၆ ဒသမ ၆၈ စင်တီမီတာရှည်ကြောင်း အဖြေရရှိခဲ့သည်ဟု ဆို၏။

**နွားနို့တွင် လက်တစ်အက်စစ် (Latic Acid) ပါဝင်နေသောကြောင့် သောက်သူသည် ကိုလက်စထရော (Cholesterol) မတက်သည့်အပြင် ကျဆင်းစေပါသည်။ သွေးတိုးရောဂါရှိသူများကိုလည်း သွေးတိုးနှုန်းကို ချပေးနိုင်ပြီး နှလုံးသွေးကြောကျဉ်းရောဂါရှိသူများနှင့် သွေးအတွင်း ကိုလက်စထရော မြင့်မားနေသူများအဖို့ မလိုင်ထုတ်ပြီးသားနွားနို့ သောက်ပါက ပိုပြီးသင့်လျော်။**

တရုတ်နိုင်ငံဆေးတက္ကသိုလ်မှ အာဟာရပါရဂူများ သုတေသနပြုချက်အရ နွားနို့သောက်သည့် မူလတန်းကျောင်းသားများသည် မသောက်သည့် ကလေးများထက် ခြောက်လအကြာတွင် သုည ဒသမ ၇၂ စင်တီမီတာပိုပြီး အရပ်ရှည်သည်ကို တွေ့ရသည်ဟုဆို၏။

အသည်းရောင်အသားဝါ (စီ) ရောဂါရှိသူများ နေ့စဉ် နွားနို့နှစ်ခွက် သကြားမထည့်ဘဲ သောက်သုံးပါက ကုသပျောက်ကင်းမှုတွင် အထောက်အကူပြုသည့်အပြင် နွားနို့ပိုပြီး သောက်သုံးသည့် လူကြီးများတွင် နှလုံးရောဂါ ဖြစ်ပွားမှုနှုန်း လျော့နည်းကြောင်းသိရပါသည်။

နှလုံးရောဂါဖြစ်ပွားသူများအား သုတေသနပြုရာတွင်

- ❖ နွားနို့မသောက်သူ နှလုံးရောဂါဖြစ်ပွားမှုနှုန်း ၁၀ ရာခိုင်နှုန်း
- ❖ နေ့စဉ်နွားနို့ ၂၅၀ စီစီသောက်သူ ရောဂါဖြစ်ပွားမှုနှုန်း ၆ ဒသမ ၃ ရာခိုင်နှုန်း
- ❖ နေ့စဉ်နွားနို့ ၅၀၀ စီစီ သောက်သူ ရောဂါဖြစ်ပွားမှုနှုန်း ၁ ဒသမ ၂ ရာခိုင်နှုန်းသာ ဖြစ်ကြောင်း တွေ့ရသည်ဆို၏။

အစာအိမ်ရောင်နာနှင့် အူအနာပေါက်သူများလည်း အမြဲသောက်သင့်ကြောင်းနှင့် ဓာတုကုထုံး (Chemotherapy) ဖြင့် ကုသမှုခံယူနေသည့် ကင်ဆာရောဂါသည်များ နွားနို့လည်းသောက် မုန်လာဥနီလည်းစားပါက ဓာတုကုထုံး၏ ဘေးထွက်ဆိုးကျိုးများအား လျော့နည်းစေနိုင်ပြီး ကင်ဆာဆဲလ် ပြန့်ပွားမှုကိုလည်း တားဆီးနိုင်သည်ဟု သိရသည်။

ပရဆေးပင်များ ဆေးဖက်ဝင်ပုံကျမ်းတွင်လည်း-

- ❖ နို့ရည်သည် နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်နှင့် ဘေလုံးတို့ကို အားတိုးစေသည်၊ လူကိုဝဖြိုးစေသည်၊ အသားအရည်ဖြူစေသည်၊ စိုပြည်ချောမွေ့စေသည်၊ ညှိုးချုံး ပိန်လှီမှုကို ဖြည့်စွမ်းပြီး ဇီဝစွမ်းအင်ကို အကျိုးပြုစေသည်ဟု ဖော်ပြထားပါသည်။
- ❖ FAO ကလည်း ဖွံ့ဖြိုးမှုအကောင်းဆုံး ဆယ်ကျော်သက်အရွယ်လူငယ်ဘဝတွင် နေ့စဉ် ကယ်လိုရီ ၁၀၀၀ မှ ၁၂၀၀ မီလီဂရမ် ရယူသင့်သည်ဟု ဆို၏။

**နိုင်ငံတကာနှင့် နွားနို့**

ဒုတိယကမ္ဘာစစ်အပြီး စီးပွားရေးမဖွံ့ဖြိုးသေးသည့် ဂျပန်နိုင်ငံသည် "နွားနို့တစ်ခွက် လူမျိုးတစ်မျိုး သန်စွမ်းစေရမယ်" ဟု ကြွေးကြော်ခဲ့၏။ ၁၉၆၄ ခုနှစ်နောက်ပိုင်းတွင် ဂျပန်နိုင်ငံအစိုးရက ကျောင်းသားများအား နေ့လယ်စာကျွေးရာတွင် နွားနို့မပါမဖြစ် တိုက်ကျွေးရမည်ဟု ထုတ်ပြန်ခဲ့ပြီး ၁၉၄၅ ခုနှစ်မှ ၁၉၉၅ ခုနှစ်ကာလအတွင်း ၁၁ နှစ်သား ဂျပန်ကလေးများ၏ ခန္ဓာကိုယ်အမြင့် ၁၁ ဒသမ ၈ စင်တီမီတာ ပိုမြင့်လာပြီး ကိုယ်အလေးချိန်မှာလည်း ၈ ဒသမ ၅ ကီလိုတိုးလာခဲ့သည်ကို တွေ့ရှိရသဖြင့် အနောက်နိုင်ငံ သုတေသီများက "ခန္ဓာကိုယ်ဖွံ့ထွားကြံ့ခိုင်မှု၏ အံ့ဖွယ်ဖြစ်ရပ်"ဟု ချီးကျူးခဲ့ကြ၏။

အမေရိကန်နိုင်ငံတွင် "နွားနို့ သုံးခွက် လှုပ်ရှားမှု" စတင်ခဲ့ကြောင်း သိရ၏။ ၁၉၄၆ ခုနှစ်တွင် "ပြည်တွင်းကျောင်းသားများ နေ့လယ်စာဥပဒေ" ကိုထပ်မံပြဋ္ဌာန်းပြီး ၁၉၆၆ ခုနှစ်တွင် "ကလေးသူငယ် အာဟာရဥပဒေ"ကို တိုးချဲ့ပြဋ္ဌာန်းခဲ့ကြောင်းသိရ၏။

အိန္ဒိယနိုင်ငံတွင်လည်း နွားနို့သောက်သုံးရန်အတွက် "အဖြူရောင် တော်လှန်ရေး" ဖြင့် လှုပ်ရှားခဲ့ရာ အိန္ဒိယလူမျိုးများ၏ သက်တမ်းပျမ်းမျှပိုရှည်လာသည်ဟု ဆို၏။

ယနေ့ကျွန်တော်တို့ မြန်မာနိုင်ငံတွင်လည်း အနာဂတ်တွင် လူကောင်းလူတော်များပေါ်ထွန်းလာစေရန်အတွက် ကလေးသူငယ်များ၏ အာဟာရပြည့်ဝစေရန် စာသင်ကျောင်းများတွင် နို့တိုက်ကျွေးရေး (School Milk Program) လုပ်ဆောင်ခဲ့ကြသည်ကိုလည်း တွေ့ရှိရပါသည်။ အလွန်ကောင်းမွန်သော အစီအမံပင်ဖြစ်ပါသည်။ မွေးမြူထုတ်လုပ်မှုနှင့် စားသုံးမှုဟန်ချက်ညီရန်အတွက် နောင်တွင်လည်း နို့စားနွားမွေးမြူရေး ဖွံ့ဖြိုးတိုးတက်ပြီး ပြည်တွင်းမှာပင် နို့စစ်စစ်ထုတ်လုပ်၍ တိုးမြှင့်စားသုံးနိုင်ကြပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။ ။

Ref;

- World School Milk Programme (FAO)
- School Milk Programme (LBVD,MLF)
- ဆေးဖက်ဝင် ပရဆေးပင်များ

## တောင်တရုတ်ပင်လယ်ပြင်အတွင်းဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း နိုလ်(NOUL)နှင့်ပတ်သက်၍ အသိပေးနှိုးဆော်

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလ(၁၈)ရက်နေ့ (၁၄:၀၀)နာရီထုတ်ပြန်သည့် အပူပိုင်းမုန်တိုင်း နို(လ်)(NOUL) နှင့် ပတ်သက်သည့် သတိပေးချက် အမှတ်စဉ်(၀၂/၂၀၂၀)အရ တောင်တရုတ်ပင်လယ်ပြင်အတွင်း ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း နို(လ်)(NOUL)သည် ယနေ့နံနက်ပိုင်းတွင် ဗီယက်နမ်နိုင်ငံကမ်းခြေကို ဒါနန်းမြို့ (Danang) အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး၊ လာအိုနိုင်ငံပေါ်တွင် ဆက်လက်တည်ရှိနေကြောင်း၊ အဆိုပါ အပူပိုင်းမုန်တိုင်း နို(လ်)(NOUL)သည် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားကာ၊ ယနေ့ညနေပိုင်းတွင် ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် ထိုင်းနိုင်ငံပေါ်သို့လည်းကောင်း၊ (၁၉-၉-၂၀၂၀) ရက်နေ့တွင် လေပွေလိုင်းအဖြစ် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းဒေသများသို့လည်းကောင်း ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရကြောင်းနှင့် အဆိုပါအပူပိုင်းမုန်တိုင်း နို(လ်) (NOUL)၏ အရှိန်ကြောင့် (၁၈-၉-၂၀၂၀) ရက်နေ့မှ (၂၂-၉-၂၀၂၀)ရက်နေ့အတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှနေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်မိုးကြီးခြင်းနှင့် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်ကြောင်း၊ မိုးသည်းထန်စွာ ထစ်ချုန်းရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်း၊ မြေပြိုခြင်းများလည်း ဖြစ်ပေါ်နိုင်ကြောင်း သိရှိရပါသည်။

၂။ သို့ပါ၍ အပူပိုင်းမုန်တိုင်း နို(လ်)(NOUL)၏ လေပွေလိုင်းများဖြတ်သန်းသွားနိုင်သည့် လမ်းကြောင်းတစ်လျှောက်ရှိ တိုင်းဒေသကြီး/ပြည်နယ်များတွင်နေထိုင်ကြသူများ၊ အထူးသဖြင့် မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင်နေထိုင်ကြသူများအနေဖြင့် လေပြင်းတိုက်ခတ်ခြင်း၊ တောင်ကျချောင်းရေများကြောင့် ရုတ်တရက်ရေကြီးနိုင်ခြင်းနှင့် မြေပြိုခြင်းများနှင့်ပတ်သက်၍ အထူးသတိပြုနေထိုင်ကြရန်လိုအပ်ပြီး အောက်ပါအချက်များကို သတိပြုဆောင်ရွက်နိုင်ပါရန် အကြံပြုအပ်ပါသည်-

- ■ ဒေသအလိုက်မိုးကြီးခြင်းနှင့် နေရာကွက်၍မိုးကြီးခြင်းများကြောင့် လျှပ်တစ်ပြက်ရေကြီးခြင်းများဖြစ်နိုင်ကြောင်းသတိပြုပါ။ လျှပ်တစ်ပြက်ရေကြီးခြင်းသည် ရှောင်တိမ်းရန် အချိန်အလွန်နည်းပါသည်။ ညအချိန်များတွင် ပိုမိုဂရုပြုနေထိုင်ပါ။
- ■ မြစ်၊ ချောင်းကမ်းပါးများနှင့် အလွန်နီးကပ်စွာ နေထိုင်သူများ၊ သဲသောင်ပြင်များတွင် သီးနှံစိုက်ပျိုးကြသူများ လိုအပ်ပါက အန္တရာယ်လွတ်ကင်းသည့် နေရာများသို့ ခေတ္တ ပြောင်းရွှေ့နေထိုင်ပါ။
- ■ ရေကြီးသောနေရာဒေသများတွင် မြစ်၊ ချောင်းကမ်းပါးတိုက်စားပြီး ပြိုကျတက်သောကြောင့် မြစ်၊ ချောင်းကမ်းပါးများအနီးသို့ မသွားပါနှင့်။ တောင်ကုန်း၊ တောင်စောင်းများ အနီးတွင်နေထိုင်သူများ တောင်ပြိုကျမှုအန္တရာယ်ကို သတိထားပါ။
- ■ ရေကြီးနေစဉ် တောင်ကျချောင်းများ၌ လူ၊ တိရစ္ဆာန်၊ မော်တော်ဆိုင်ကယ်၊ မော်တော်ကားများ ဖြတ်မကူးပါနှင့်။ ရေစီးနှင့်မျောပါတတ်ပါသည်။
- ■ ရေကြီးနေချိန်၊ ရေကြီးပြီးချိန်များတွင် လျှပ်စစ်မီးကြိုး၊ လျှပ်စစ်မီးတိုင်များနှင့် တတ်နိုင်သမျှ ဝေးဝေးနေပါ။ ရေစိုနေသော လျှပ်စစ်ပစ္စည်းများကို အသုံးမပြုပါနှင့်။ မြွေနှင့် အဆိပ်ရှိသောသတ္တဝါများ၏ အန္တရာယ်ကို သတိပြုပါ။
- ■ လေပြင်းတိုက်ခတ်မှုများ၊ မိုးရွာသွန်းမှုများ၊ လျှပ်စီးလက်ခြင်းနှင့် မိုးခြိမ်းခြင်းများဖြစ်ပွားနေချိန်တွင် ဖုန်းများကိုအသုံးမပြုပါနှင့်။

၃။ ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင်ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ် သတင်းရယူ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## အပူပိုင်းမုန်တိုင်း နို(လ်) (NOUL)နှင့် ပတ်သက်သည့်သတိပေးချက်

**နေပြည်တော် စက်တင်ဘာ ၁၈**

**အပူပိုင်းမုန်တိုင်း နို(လ်) (NOUL)အခြေအနေ**

ယနေ့မြန်မာစံတော်ချိန် ၅ နာရီခွဲ တိုင်းထွာချက်များအရ လာအိုနိုင်ငံကို ဖြတ်ကျော်ဝင်ရောက်ခဲ့သော အပူပိုင်းမုန်တိုင်း နို(လ်) (NOUL)သည် ထိုင်းနိုင်ငံသို့ ရောက်ရှိကာ အနောက်ဘက်သို့ ရွေ့လျားလျက်ရှိသည်။ အဆိုပါ အပူပိုင်းမုန်တိုင်း နို(လ်) (NOUL)သည် အနောက်- အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားကာ ကုန်းတွင်းမုန်တိုင်းငယ်အဖြစ်သို့ အားလျော့သွားကာ ထိုင်းနိုင်ငံကို ဆက်လက်ဖြတ်ကျော်ပြီးနောက် စက်တင်ဘာ ၁၉ ရက် ညနေပိုင်းတွင် မြန်မာနိုင်ငံကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

အဆိုပါ အပူပိုင်းမုန်တိုင်း နို(လ်)(NOUL)၏ အရှိန်ကြောင့် ယနေ့ညမှ ၂၂-၉-၂၀၂၀ ရက်အတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်မိုးကြီးခြင်းနှင့် နေရာကွက်၍ မိုးကြီးခြင်းများဖြစ်ပေါ်နိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ အပူပိုင်းမုန်တိုင်း နို(လ်)(NOUL) ၏ အရှိန်ကြောင့် မိုးသည်းထန်စွာထစ်ချုန်းရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်း၊ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှု အန္တရာယ်ကိုလည်းကောင်း၊ မြစ်ငယ်ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ်နိုင်သောကြောင့် ကြိုတင်သတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။

**မိုး/ဇလ**

# နိုင်ငံဖြတ်ကျော် မော်တော်ယာဉ်အာမခံဆောင်ရွက်ပေးနိုင်ရေးနှင့် သက်ဆိုင်သည့် 7th Council of Bureaux Working Group Meeting ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၈**

ASEAN Framework Agreement on the Facilitation of Goods in Transit (AFAFGIT)ပါ Protocol-5 အရ အာဆီယံနယ်စပ်ဖြတ်ကျော် မော်တော်ယာဉ်အာမခံ ဆောင်ရွက်ပေးနိုင်ရေးနှင့် သက်ဆိုင်သည့် 7th Council of Bureaux Working Group (CoB-WG) Meeting ကို စက်တင်ဘာ ၁၅ ရက် နံနက် ၉ နာရီခွဲက ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည်။




**တက်ရောက်**

အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးမှ ကိုယ်စားလှယ်များ တက်ရောက်ပြီး မြန်မာနိုင်ငံအနေဖြင့် မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန္ဒာဦးက အစည်းအဝေးဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ သက်ဆိုင်ရာဌာနအရာရှိများက ဆွေးနွေးသူများအဖြစ်လည်းကောင်း တက်ရောက်ခဲ့ကြသည်။

အဆိုပါ အစည်းအဝေးတွင် ၂၀၁၉ ခုနှစ် နိုဝင်ဘာလ၌ မြန်မာနိုင်ငံတွင် ကျင်းပခဲ့သော 22nd ASEAN Insurance Regulators' Meeting မှ ဆုံးဖြတ်ချက်များအရ Council of Bureau အဖွဲ့ဝင်များ၏ နယ်စပ်ဖြတ်ကျော် မော်တော်ယာဉ်အာမခံ ဆောင်ရွက်ပေးရေးနှင့် ပတ်သက်ပြီး ရှေ့ဆက်လက်ဆောင်ရွက်ကြရမည့် လုပ်ငန်းစဉ်များ၊ ASEAN COB Website တွင် ဖော်ပြထားမည့် Compulsory Automobile Liability Insurance (CALI) နှင့် ပတ်သက်သည့် သတင်းအချက်အလက်များ၊ ASEAN Compulsory Motor Insurance (ACMI) System အသုံးပြုနိုင်ရေးနှင့် ပတ်သက်သည့် ဆောင်ရွက်နေမှုများကို အဖွဲ့ဝင်နိုင်ငံအလိုက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ဒေါပုံမြို့နယ်၌ ဖျားနာကုအခမဲ့ဆေးခန်း ဖွင့်လှစ်မည်

**ရန်ကုန် စက်တင်ဘာ ၁၈**

ဖျားနာပါက အခမဲ့လာရောက်ပြသနိုင်မည့် ဖျားနာကုအခမဲ့ဆေးခန်းကို ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် ဇေယျာသီရိရပ်ကွက် ပေ ၈၀ လမ်းမကြီးရှိ သီရိဇေယျာသာသနာ့ဗိမာန်တော်၌ လာမည့်ရက်သတ္တပတ်အတွင်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း လူထုအခြေပြု ဖျားနာလူနာကုဆေးခန်းများကွန်ရက်(ရန်ကုန်) တာဝန်ခံ ဒေါက်တာကျော်မင်းထွန်းက ပြောသည်။

"လောလောဆယ် အခန်းပြင်ဆင်မှု စလုပ်နေပြီ။ နှစ်ရက်လောက်ကြာမယ်။ လာမယ့် တနင်္ဂနွေနေ့ အပြီးသတ်မယ်။ တိုင်းရုံးကို ခွင့်ပြုမိန့်တင်မယ်။ တိုင်းရုံးက လာစစ်ပြီးတော့မှ ဖွင့်လို့ရမယ်။ လာမယ့် ရှေ့အပတ် ဗုဒ္ဓဟူးနေ့ မဟုတ်ရင် သောကြာနေ့ ဖွင့်ဖို့များတယ်" ဟု ၎င်းကပြောသည်။

ဒေါပုံမြို့နယ် ဖျားနာကုအခမဲ့ဆေးခန်းကို အပတ်စဉ် ဗုဒ္ဓဟူး၊ သောကြာ၊ တနင်္ဂနွေနေ့များတွင် နံနက် ၉ နာရီမှ ၁၁ နာရီထိ ဖွင့်လှစ်ကုသပေးသွားမည်ဖြစ်သည်။

"ဒေါပုံနဲ့ သာကေတကို ဆေးခန်းဖွင့်ရက်မတူအောင် လုပ်ထားတယ်။ သာကေတဆေးခန်းပိတ်ရက်ဆိုရင် ဒေါပုံမှာ လာပြလို့ရတယ်။ ဒေါပုံပိတ်ရက်ဆို သာကေတမှာ လာပြလို့ရတယ်။ လူနာတွေအတွက် အထောက်အကူအများကြီး ဖြစ်ပါတယ်" ဟု ဒေါက်တာကျော်မင်းထွန်းက ပြောသည်။




ကိုဗစ်-၁၉ ရောဂါ ပြန်လည်ဖြစ်ပွားလာမှုကြောင့် ဖျားနာကုဆေးခန်းများသို့ လာရောက်ပြသသူ များပြားလာပြီး ဆေးခန်းအချို့ ရက်တိုးဖွင့်လှစ်မှုများနှင့်အတူ လုပ်အားပေး စေတနာ့ဝန်ထမ်းများလည်း လိုအပ်လျက်ရှိကြောင်း သိရသည်။

"အခုနောက်ပိုင်း လူနာကများတော့ သတ်မှတ်ချိန်ကျော်သွားတယ်။ ၁၂ နာရီထိ ဖွင့်ပေမယ့် ၂ နာရီ ၃ နာရီလောက်အထိ ဖြစ်သွားတယ်။ အဲဒီကျမှ ထမင်းစားချိန်ရတယ်။ နိုင်တာကနိုင်တယ် အချိန်ပိုကြာသွားတာပေါ့။ ပိုပြီးအဆင်ပြေအောင် လုပ်ငန်းစဉ်တွေ တိုးချဲ့ထားပါတယ်" ဟု ၎င်းက ပြောသည်။

ဒေါပုံမြို့နယ် ဖျားနာကုအခမဲ့ဆေးခန်းဖွင့်လှစ်ပြီးပါက စေတနာ့ဝန်ထမ်း ဆရာဝန်၊ သူနာပြုများ၊ Volunteer အဖွဲ့အစည်းနှင့် ပရဟိတအဖွဲ့များက ဝိုင်းဝန်းကူညီလုပ်အားပေးကြမည်ဖြစ်ကြောင်း သိရသည်။

**အေးမင်းသူ**

## သတင်းကြေညာချက်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော ပြည်တွင်း/ပြည်ပ ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါ တည်နေရာများ၌ ရာသီဥတုခိုလှုံနိုင်ပါကြောင်းကို (၂၆-၃-၂၀၂၀)ရက်စွဲပါ ညွှန်ကြားချက်အမှတ်-၂/၂၀၂၀ ဖြင့် ထုတ်ပြန်ပေးထားပြီး ဖြစ်ပါသည်-

(က) ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ လေပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ သဖြူချိုင် (ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ တင်းတောကျေးရွာအုပ်စု၊ အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(ဈ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ပြင်ခရိုင်၊ ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄.၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ကဒုံကနိကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁.၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ မောင်းမကန်ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ လောင်းလုံဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ဎ) တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ပြင်စဘုကျွန်း (PYIN SA BU ISLAND) အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

၂။ ပြည်တွင်း/ပြည်ပကမ်းဝေးငါးဖမ်းရေယာဉ်များအား ရာသီဥတုခိုလှုံခွင့်ပြုရာနေရာ သတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်နှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကိုအကြောင်းပြု၍ ကမ်းနီးဒေသအတွင်း ငါး/ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## နံနက်ခင်း ရုံးသို့ လာရောက်စဉ်နှင့် ရုံးတက်ချိန်တွင် အချင်းချင်းပြောကြားရမည့်အချက်များ

- (COVID-19) ရောဂါပိုးသယ်ဆောင်ထားသော်လည်းအဖြင်းအားဖြင့်နေကောင်းကျန်းမာစွာဖြင့် ရောဂါလက္ခဏာတစ်စုံတစ်ရာ မပြသူများမှာ (၇၀%)အထက်တွင်ရှိနေသည်။
- (COVID-19)ရောဂါပိုးသည်အသက်ရှူထုတ်ခြင်းဖြင့်အကွာအဝေး(၅)ပေခန့်အထိ၊ ချောင်းဆိုးခြင်းဖြင့် တစ်စက္ကန့်လျှင်(၃၃)ပေနှုန်းဖြင့် (၆)ပေခွဲကျော်အထိ၊ နှာချေခြင်းဖြင့် တစ်စက္ကန့် လျှင် (၁၆၄)ပေနှုန်းဖြင့်(၁၉)ပေခွဲကျော်အထိ ရောက်ရှိနိုင်ပါသည်။
- (COVID-19)ရောဂါပိုးသည် အလုံပိတ်အခန်းများ/Air-con အခန်းများတွင် လေထဲလွင့်မျော၍ ကူးစက်ခြင်း(air borne transmission) မှတစ်ဆင့်ကူးစက်နိုင်ပါသည်။



# ကြော်ငြာ

## ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၁၈လမ်း အိမ်ရာရှိ တိုက်အမှတ် (၁၂၀/၁၂၉)၊ အခန်းအမှတ်(၀၀၆)ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်စောမူ[၁၂/အစန(နိုင်)၁၂၉၄၅၃]ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်နီနီအေး၊ မောင်ဝေယံထွန်း [၁၂/မဘန(နိုင်)၀၇၀၁၈၂]၊ [၁၂/ကတတ(နိုင်)၀၃၁၂၂၇]မှ ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစတင်၍ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများ ပြည့်စုံစွာဖြင့် တင်ပြ ကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

နိုင်ငံ
သာယာ
ဝပြောဖို့
သဘာဝ
တောတွေ
ထိန်းသိမ်း
စို့

# မိသားစုနှင့်ထပ်တူ
# အထူးဝမ်းနည်းကြေကွဲရပါကြောင်း
## ဦးလှမြင့်(ခ)ကဗျာဆရာကြီး မောင်ပန်းမွှေး
## မဟာသဒ္ဓမ္မဇောတိကဓဇ

မဟာသဒ္ဓမ္မဇောတိကဓဇ ဦးလှမြင့်(ခ)ကဗျာဆရာကြီးမောင်ပန်းမွှေး၊ အသက်(၈၁)နှစ်သည် ၁၅-၉-၂၀၂၀ ရက်၊ အင်္ဂါနေ့၊ နံနက် (၀၀:၁၅) နာရီတွင် နှလုံးရောဂါဖြင့်ရုပ်နှင့်နာမ်ကူးပြောင်းကွဲကွာသွားပါသဖြင့် သာသနာနုဂ္ဂဟအသင်းကြီးအတွက် အဖိုးမဖြတ်နိုင်သော အကြီးမားဆုံးဆုံးရှုံးမှုတစ်ရပ်ဖြစ်ခဲ့ရပါသည်။

-သာသနာနုဂ္ဂဟအသင်းကြီး မတည်ထောင်မီနှင့် စတင်တည်ထောင်ပြီးသည့်အချိန်မှစ၍ ဘာသာ၊ သာသနာအတွက် အတူလက်တွဲလုပ်ကိုင်ခဲ့ပြီး

– ဆံတော်ရှင်စေတီ (၆)ဆူ၊ ဆံတော်ကြိုစေတီတော်(၉)ဆူနှင့် ကျိုက်ထီးရိုးစေတီတော်အပါအဝင် စေတီတော်ပေါင်း (၇၉၆) ဆူတို့ကို ပြုပြင်မွမ်းမံတည်ဆောက်ခြင်းနှင့် ထီးတော်တင်လှူခြင်း၊

– စေတီတော်ပေါင်း မြောက်မြားစွာတို့၏ တန်ဖိုးမဖြတ်နိုင်သော၊ မည်သူမှ ဖော်ထုတ်ခြင်းမရှိသော သမိုင်းကြောင်းနှင့် မော်ကွန်းကမ္ပည်းစာများအား ဖော်ထုတ်ရေးသားခဲ့ခြင်း။

– ရှင်သာမဏေပေါင်း မြောက်မြားစွာတို့ကို သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ခဲ့ခြင်း၊

– သာသနိကအဆောက်အအုံပေါင်း မြောက်မြားစွာ တည်ဆောက်ခြင်းနှင့်

– သာသနာ့အလင်းဂျာနယ်အယ်ဒီတာချုပ်အဖြစ် နှစ်ပေါင်း(၁၁) နှစ်ကျော်ဘာသာ သာသနာအတွက် အသိပညာ၊ ဗဟုသုတများ ဖော်ထုတ်ရေးသားပေးခဲ့ခြင်း၊

– Covid-19 ကာလအတွင်း နိုင်ငံအနှံ့အပြားရှိ သံဃာတော်များနှင့် သီလရှင်ကျောင်းပေါင်း (၁၀၀၀၀) ကျော်တို့အတွက် ဆွမ်းကွမ်းလှူဒါန်းခြင်းအပါအဝင်လူမှုရေး၊ ဘာသာရေး ကိစ္စအဝဝတွင် ဝိုင်းဝန်းဆောင်ရွက်ခဲ့ခြင်း၊

–သာသနာ့သမိုင်းကြောင်းတွင် တစ်ခေတ်တစ်ယောက် ပေါ်ထွန်းရန် ခက်ခဲသည့်သူတစ်ဦးဖြစ်ခဲ့ပြီး ဘာသာသာသနာအတွက် မညည်းမညူ အပင်ပန်းခံကာ စွမ်းစွမ်းတမံ ဆောင်ရွက် လုပ်ကိုင်ပေးခဲ့သော ပုဂ္ဂိုလ်ကြီးဖြစ်ပြီး၊

– သာသနာနုဂ္ဂဟအသင်းကြီး(ဗဟို)အတွက် တန်ဖိုးမဖြတ်နိုင်သော သမိုင်းမှတ်တိုင်ကြီးကို စိုက်ထူပေးခဲ့သော ဗိသုကာကြီးဖြစ်ပါသည်။

ဦးလှမြင့်(ခ) ကဗျာဆရာကြီး မောင်ပန်းမွှေးသည် (၁၅-၉-၂၀၂၀) ရက်၊ အင်္ဂါနေ့တွင် ရုပ်နှင့် နာမ်ကူးပြောင်းကွဲကွာသွားသည့်အတွက် များစွာဆုံးရှုံးဝမ်းနည်းခံစားရပါသည်။ ရောက်လေရာမြင့်မားသော ဘုံဘဝမှနေ၍လည်း သာသနာနုဂ္ဂဟအသင်းကြီးကို ဆက်လက်စောင့်ရှောက်နေလိမ့်မည်ဟု ယုံကြည်ပါသည်။ မိမိနှင့်တကွ သာသနာနုဂ္ဂဟအသင်းဝင်များအားလုံးအထူး ကြေကွဲဝမ်းနည်းရပါကြောင်း အထူးမှတ်တမ်းတင်ဖော်ပြလိုက်ရပါသည်။

**မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ**
**ဝဏ္ဏကျော်ထင်ဒေါက်တာခင်ရွှေ**
**(ဥက္ကဋ္ဌ)**
**မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့်**
**နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)၊**
**ဗဟိုကော်မတီဝင်များ၊ သာသနာနုဂ္ဂဟအသင်း (ဗဟို)ရုံးအဖွဲ့။**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးအေးထွန်း
### အသက် (၆၉) နှစ်

Htet Ekari Co.,Ltd(ထက်ဧကရီစက်သုံးဆီအရောင်းဆိုင်များ)၏ Managing Director ဦးညီညီလင်း-Director ဒေါ်ကြည်စင်သန့် (ခ) ဒေါ်ဖြူဖြူခိုင်တို့၏ချစ်လှစွာသောဖခင် ဦးအေးထွန်းသည် ၁၈-၉-၂၀၂၀ (သောကြာနေ့) နံနက် ၁၀:၂၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ထက်ဧကရီစက်သုံးဆီအရောင်းဆိုင်များ၏**
**ဝန်ထမ်းမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးစိန်တင် (မြိတ်)
### အသက် (၉၀)
### ဒေါ်ရှုဟုန် (မြိတ်)
### အသက် (၉၀)

RC-1 အာစရိယပူဇော်ပွဲကျင်းပရေးအမှုဆောင်အဖွဲ့(ပဥ္စမ+ဆဋ္ဌမ)အကြိမ် ဥက္ကဋ္ဌ၊ လက်ရှိ ကျောင်းသားနာယက၊ လက်ရှိ ပညာဒါနအမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်သန်း-ဒေါက်တာဒေါ်တင်တင်လတ်တို့၏ဖခင်သည် ၁၆-၉-၂၀၂၀ ရက်နှင့် မိခင်သည် ၁၅-၉-၂၀၂၀ ရက်တို့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါ၍ မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**နာယကဆရာများ၊ လူမှုအကျိုးပြုအဖွဲ့၊ ပညာဒါနအမှုဆောင်အဖွဲ့နှင့်**
**အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီ (RC-1, BUBC, BC)**

ခရစ်တော်၌အိပ်ပျော်ခြင်း

### ဦးစန်းချိုလင်း
### အသက်(၆၁)နှစ်

ရန်ကုန်မြို့နေ (ဦးမောင်မောင်ကြည်-ဒေါက်တာဒေါ်မေရီမွှေး)တို့၏ သားကြီး၊ ဦးထင်အောင်ကြည်-ဒေါ်ခင်သန္တာဦး၊ ဦးဝင်းသိန်းဦး-ဒေါ်ခင်မေကြည်တို့၏ အစ်ကိုကြီး၊ ဒေါ်ကေသီ (အကယ်ဒမီငြိမ်းငြိမ်းအိ)၏ ချစ်လှစွာသောခင်ပွန်း ဦးစန်းချိုလင်း သည် ၁၈-၉-၂၀၂၀ (သောကြာနေ့) နံနက် ၉ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ညနေ ၄ နာရီတွင် ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဈာပနဝတ်ပြု၍ ဂူသွင်းပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
### ဦးအေးထွန်း
### အသက် (၆၉) နှစ်

Toe Tet Tharaphu Int: Co.,Ltd၏ Director ဦးညီညီလင်း-ဒေါ်ကြည်စင်သန့်တို့၏ချစ်လှစွာသောဖခင် ဦးအေးထွန်းသည် ၁၈-၉-၂၀၂၀ (သောကြာနေ့) နံနက် ၁၀:၂၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Toe Tet Tharaphu Int: Co.,Ltd မှ ဒါရိုက်တာအဖွဲ့များနှင့်**
**"သရဖူ"စက်သုံးဆီအရောင်းဆိုင် ဝန်ထမ်းမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဆရာမကြီး ဒေါ်နော်စိန်လေး
(ဦးစီးအရာရှိ၊ အခြေခံပညာဦးစီးဌာန-ငြိမ်း)
### အသက် (၇၆) နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်နေ ဦးစောသာဇေး (မြို့နယ်စာရင်းစစ်ဦးစီးမှူး-ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဒိုက်ဦးမြို့နယ်အသင်း (ရန်ကုန်)၏ကန်တော့ခံပုဂ္ဂိုလ်ဆရာမကြီးဒေါ်နော်စိန်လေး သည် ၁၇-၉-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁၁:၃၇ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့၊ ဒိုက်ဦးမြို့နယ်အသင်း (ရန်ကုန်)**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးအေးထွန်း
### အသက် (၆၉) နှစ်

Aye Nyein Thar Co.,Ltd၏ Managing Director ဦးညီညီလင်း-Director ဒေါ်ကြည်စင်သန့် (ခ) ဒေါ်ဖြူဖြူခိုင်တို့၏ချစ်လှစွာသောဖခင် ဦးအေးထွန်းသည် ၁၈-၉-၂၀၂၀ (သောကြာနေ့) နံနက် ၁၀:၂၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အေးငြိမ်းသာကုမ္ပဏီဝန်ထမ်းမိသားစု**

## Transferring Distributor for Registered Product

Distribution of following(1) Pesticides registered by Sunrise Agro Chemicals Pte.Ltd. is transferring from Farmer Favourite Trading Co.,Ltd . to Wah Wah Agricultural Chemicals Trading Co.,Ltd. Any objection regarding to this transfer can notify at Myanmar Pesticide Registration Board within(7) days.

| No | Trade Name | Active Ingredient | Registration Type | Registration Number |
|---|---|---|---|---|
| 1. | Dawn Shin 6.9EW | Fenoxaprop-P-ethyl 6.9%EW | Provisional | P2020-5032 |
| 2. | Partha 10SL | Imazethapyr 10%SL | Provisional | P2020-5031 |
| 3. | Metanil 72WP | Chlorothalonil 64%+ Metalaxyl 8%WP | Provisional | P2020-4890 |

Wah Wah Agricultural Chemicals Trading Co.,Ltd.
Contant No- 09-400 902 044, 09- 420 021 530

## မှတ်ပုံတင်ထားသော စိုက်ပျိုးရေးဆေးများ လွှဲပြောင်းဖြန့်ဖြူးခြင်း

Sunrise Agro Chemicals Pte.Ltd.မှ မှတ်ပုံတင်ထားသော ဖော်ပြပါစိုက်ပျိုးရေးဆေး အား တင်သွင်း၊ ဖြန့်ဖြူး ခြင်းကို Farmer Favourite Trading Co.,Ltd မှ Wah Wah Agricultural Chemicals Trading Co.,Ltd. သို့လွှဲပြောင်းဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။ အထက်ပါကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါကမြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့သို့ (၇)ရက်အတွင်း သွားရောက်ကန့်ကွက်နိုင်ပါ ကြောင်း အသိပေးကြေငြာအပ်ပါသည်။

| No | Trade Name | Active Ingredient | Registration Type | Registration Number |
|---|---|---|---|---|
| 1. | Dawn Shin 6.9EW | Fenoxaprop-P-ethyl 6.9%EW | Provisional | P2020-5032 |
| 2. | Partha 10SL | Imazethapyr 10%SL | Provisional | P2020-5031 |
| 3. | Metanil 72WP | Chlorothalonil 64%+ Metalaxyl 8%WP | Provisional | P2020-4890 |

Wah Wah Agricultural Chemicals Trading Co.,Ltd.
Contant No- 09-400 902 044, 09- 420 021 530

သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ဝင်းယုခိုင်
### အသက်(၇၄)နှစ်

ဒေါက်တာသန့်ဖြူစင် (အထူးကုဆရာဝန်၊ သွားနှင့်ခံတွင်း၊ မျက်နှာမေးရိုးနှင့်ခံတွင်းခွဲစိတ်ကုဌာန၊ မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး) ၏ မိခင် ဒေါ်ဝင်းယုခိုင် အသက်(၇၄)နှစ် သည် ၁၇-၉-၂၀၂၀ ရက် နံနက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မျက်နှာမေးရိုးနှင့်ခံတွင်းခွဲစိတ်ကုဌာန**
**မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၉)၊ ဗိုလ်မိုးကြိုးလမ်း၊ အမှတ်(၂၈၅)၊ ဗိုလ်မှူးအောင်သန်းဝင်း ပါမစ် အမည်ပေါက်ပါ မြေအကျယ်ပေ (၄၀x၆၀)ရှိ မြေကွက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးသက်လင်းထွန်း [၁၂/ဒဂမ(နိုင်)၀၀၉၈၇၄] မှ ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဦးသက်နိုင်ထွန်းမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ညွှန်ကြားသူ-**
**ဦးသက်နိုင်ထွန်း**

**ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေခိုင်(ခ) ဒေါ်မြမြဌေး (H.G.P,LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၆၀၅)၊ (၂၀-၇-၁၉၉၈)**
**ရုံး-(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊**
**မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉ ၅၄၀၇၂၂၉**


"ရွှေစည်"
အိမ်ပြောင်း။ အိမ်ရွှေ့နှင့်
ကုန်စည်ဝန်ဆောင်မှု
09-772355706
09-795669534



ဒဂုံမြို့သစ်
(တောင်ပိုင်း)၊(ဆိပ်ကမ်း)
မြေကွက်များဝယ်လိုသည်
ဖုန်း -0943075129


## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ကမ္ဘာအေးဂမုန်းပွင့်ကွန်ဒို၊ အခန်းအမှတ် (6-J)၊ (၆-လွှာ)၊ ဧရိယာ(၁၈၅၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်း(၁)ခန်း၊ (Full Decoration)နှင့် ယင်းကွန်ဒိုတိုက်ခန်းနှင့် ပတ်သက်ဆက်နွှယ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ပါရှိသည့် ကွန်ဒိုတိုက်ခန်းမှာ ဂမုန်းပွင့်ကုမ္ပဏီလီမိတက်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့ အကျိုးတူပူးပေါင်းဆောက်လုပ်ခဲ့သော ကွန်ဒိုတိုက်ခန်းဖြစ်ပြီး ဂမုန်းပွင့်ကုမ္ပဏီလီမိတက်ထံမှ ဒေါ်မြရွှေဝါ[၁၂/ကမတ(နိုင်)၀၀၁၇၆၉]မှ (၁၀-၅-၂၀၁၁) ရက်စွဲပါ "ကွန်ဒိုမီနီယံတိုက်ခန်း ယူနစ်အရောင်းအဝယ်သဘောတူစာချုပ်"ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ၎င်းထံမှတစ်ဆင့် ဒေါက်တာကျော်ဝင်းသိန်း[၁၂/မရက(နိုင်)၀၃၇၉၅၂]နှင့် ဒေါက်တာဇင်ဇင်[၁၂/ဒဂန(နိုင်)၀၀၇၆၂၅]တို့မှ (၂၀-၂-၂၀၁၃)ရက်စွဲပါ "တိုက်ခန်း အပြီးအပိုင်အရောင်းအဝယ် ငွေချေကတိစာချုပ်"ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လက်ရှိထားအကျိုးခံစားလျက်ရှိသော ကွန်ဒိုတိုက်ခန်းဖြစ်ကြောင်းနှင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်ဝင်းနိုင်[၁၂/တတန(နိုင်)၀၀၂၂၉၇]ထံသို့ လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းသည့်အတွက် ဦးဇော်ဝင်းနိုင်မှလည်း ဝယ်ယူရန်သဘောတူညီပြီး ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ အထက်ဖော်ပြပါ ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အထက်ပါကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်လှဲ့ဝေ(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၉၁)**
**အမှတ်(၅၇)၊ (၆-လွှာ)၊ သိပ္ပံလမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၇၄၇၅၆၅၀၆**

## အထူးကျေးဇူးတင်ရှိခြင်း

## ဦးစိုးညွန့်(တော်ဝင်နှင်းဆီ)(၇၄)နှစ်

၁၂-၉-၂၀၂၀ ရက်တွင် ကွယ်လွန်သွားသော ဦးစိုးညွန့်(တော်ဝင်နှင်းဆီ)(၇၄)နှစ်၏ နာရေးကိစ္စအဝဝတို့ကို ကူညီလမ်းညွှန်ပေးပြီး လွမ်းသူ့ပန်းခြင်းပေးပို့ပါသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ လွမ်းသူ့ပန်းခြင်း ပေးပို့ပါသော မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဦးဟံသာမြင့်၊ ဦးသိန်းဦးနှင့် CEC အဖွဲ့ဝင်များအားလည်းကောင်း၊ နှစ်ပေါင်းများစွာစေတနာအပြည့်ဖြင့် ကုသပေးခဲ့သော ဒေါက်တာနိုင်လင်း၊ နာမကျန်းဖြစ်စဉ် စိတ်စေတနာအပြည့်ဖြင့် ကူညီပေးပါသော ဒေါက်တာတင်မျိုးဝင်းနှင့်ဇနီးဒေါက်တာပြုံးမိုအိ၊ ရန်ကုန်ဆေးရုံကြီးမှ ဆရာဝန်ကြီးများ ဆရာဝန်များနှင့် ကူညီပေးခဲ့သည့် ဝန်ထမ်းများနှင့် ပုဂ္ဂိုလ်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရန်ကုန်တိုင်းဒေသကြီးအလုပ်အမှုဆောင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ နာရေးကိစ္စအဝဝကို ကူညီပေးကြသော မြန်မာနိုင်ငံပန်းဝါသနာရှင်များအသင်း၊ မြန်မာ့ငှက်နှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်း၊ တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း၊ သဘာဝခေါ်သံ ဖောင်ဒေးရှင်း၊ နာရေး ကူညီမှုအသင်း(ရန်ကုန်)မှ ကိုကျော်သူ၊ ဒေါ်သန်းမြင့်အောင်၊ ဒေါ်ရွှေဇီးကွက်နှင့်အဖွဲ့သားများ၊ ခြောက်ထပ်ကြီး ရွှေသာလျောင်း ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၊ လူမှုရေးနှင့်ပရဟိတအဖွဲ့အစည်းများအားလုံးအားလည်းကောင်း၊ ရန်ကုန်၊ မန္တလေးနှင့် အနယ်နယ်အရပ်ရပ်မှ စာပေမိတ်ဆွေများ၊ နာရေးသတင်းဖော်ပြပေးပါသော မီဒီယာများ၊ နာမကျန်းစဉ်မှနာရေး ကိစ္စအဝဝကို ကူညီပေးပါသော ဦးထွန်းမြင့် (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်-ဗဟန်း)၊ ဦးစိန်အုန်း (မြို့တော်စည်ပင်ကော်မတီဝင်)၊ အထိမ်းအမှတ် အုတ်ဂူဒီဇိုင်းရေးဆွဲပေးပါသော ဦးစိုးဝင်းငြိမ်း၊ အထူးသဖြင့် မိသားစုရင်းသဖွယ်လိုလေသေးမရှိအစမှအဆုံးတိုင် ကူညီဆောင်ရွက်ပေးခဲ့ပါသော ဦးကျော်သီဟ(အိုင်တီပညာရှင်-အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)၊ ဖုန်း၊ အီးမေး(လ်)၊ ဗိုင်ဘာ၊ မက်စင်ဂျာများဖြင့် စာနာဖေးမသတင်းမေးကြသော လုပ်ဖော်ကိုင်ဖက်များ၊ သူငယ်ချင်းများနှင့် ဆွေမျိုး မိတ်ဆွေများအားလုံးကို လှိုက်လှိုက်လှဲလှဲအထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တဇောတိက (အဂ္ဂမဟာပဏ္ဍိတ)

## သိက္ခာတော် (၅၆) ဝါ၊ သက်တော် (၇၅) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ခရမ်းမြို့၊ ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ဂဏဝါစက-စာချကထိက၊ တတိယနာယကဆရာတော်ဖြစ်တော်မူသော ဘဒ္ဒန္တဇောတိက (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ သာသနဓဇဓမ္မာစရိယ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ သာသနဓဇဓမ္မာစရိယ ဝိနယပါဠိပါရဂူ)-

(ယခင်နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်) သိက္ခာတော် (၅၆) ဝါ၊ သက်တော် (၇၅) နှစ် မဟာထေရ်မြတ်သည် (၁၃၈၂ ခုနှစ်၊ ဝါခေါင်လကွယ်) ၁၆-၉-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ဒေသစံတော်ချိန် မွန်းလွဲ ၂:၃၀ နာရီတွင် ခရမ်းမြို့၊ ပြည်သူ့ဆေးရုံ၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ကျန်းမာရေးဝန်ကြီးဌာန၏ညွှန်ကြားချက်၊ ခရမ်းမြို့နယ်၊ ကိုဗစ်(၁၉) ရောဂါထိန်းချုပ်ကာကွယ်ကုသရေးကော်မတီဥက္ကဋ္ဌ၏ လျှောက်ထားချက်တို့အရ ယင်းနေ့ ညနေ ၄:၂၀ နာရီတွင် ခရမ်းမြို့၊ အနောက်ပိုင်းသုသာန်မီးသင်္ဂြိုဟ်စက်၌ အန္တိမအဂ္ဂိဈာပနပူဇာသဘင်ကျင်းပပြီးဖြစ်ပါကြောင်းနှင့် ၂၂-၉-၂၀၂၀ ရက်တွင် ဆရာတော်အားရည်စူး၍ ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်၌ သံဃာတော် အရှင်မြတ်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကာ တရားတော်နာယူမည်ဖြစ်ပါကြောင်း ရပ်ဝေး/ရပ်နီးနေ တပည့်သံဃာတော်များနှင့် ဆွေမျိုးတပည့်ဒါယကာ/ဒါယိကာမ၊ ရဟန်းဒါယကာ/ဒါယိကာမအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကိုင်းကုန်းနိကာယအဖွဲ့**

ဘိုကလေးမြို့၊ ကံ့ကော်တစ်ထောင် ဘိုးဘွားရိပ်သာအလှူရှင်
ဘုရား၊ ကျောင်း ဒါယကာကြီး

### ဗိုလ်ချုပ်မြင့်လွင် (ငြိမ်း)

ကြည်း-၆၆၀၈

### အသက် (၈၉) နှစ်

ဘိုကလေးမြို့နေ (ဦးစံမြင့်-ဒေါ်ပု)တို့၏သားကြီး၊ အမှတ်(၇၀-ယ)၊ ငွေဝတ်မှုန်ရပ်ကွက်၊ ရွှေတောင်ကြား(၁) ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ ဒေါ်ညွန့်တင်၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်ထားမြင့်၊ (ဒေါ်စောကြည်)တို့၏ ကျေးဇူးရှင်အစ်ကိုကြီး၊ ဒေါ်ခင်မာလွင်-ဒေါက်တာဦးမျိုးလှိုင်၊ ဒေါ်ခင်စီလွင်-(ဦးမြင့်ချို)၊ ဒေါက်တာစိုးလွင်-ဒေါက်တာတင်မိုးနွယ်၊ ဗိုလ်မှူးရဲမြင့်(ငြိမ်း)-ဒေါက်တာမို့မို့ထွန်း၊ ဒေါက်တာခင်မျိုးလွင်-ဗိုလ်မှူးအေးကျော်(ငြိမ်း) တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေးကိုးယောက်၊ မြစ်ရှစ်ယောက်တို့၏ကျေးဇူးရှင်ဘိုးဘိုးကြီး ဗိုလ်ချုပ်မြင့်လွင်(ငြိမ်း)သည် ၁၇-၉-၂၀၂၀ (ကြာသပတေးနေ့) ည ၁၁:၅၀ နာရီတွင် ကန်သာယာအထူးကုဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကွယ် လွန်သူ၏ဆန္ဒအရ ၁၈-၉-၂၀၂၀ ရက်တွင် မီးသင်္ဂြိုဟ်ပြီးစီးပြီးဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### လီစောအိမ်(ခ)ဒေါ်တင်အေး

### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၂၄)လမ်း၊ အမှတ်(၇၃)၊ ပထမထပ်နေ ရှာလျန်ဟင်း(ခ)ဦးမြင့် ၏ ဇနီး၊ ဦးကြည်မြင့်-ဒေါ်ရှုကြည်၊ ဦးကြည်ဝင်း-ဒေါ်ခင်ခင်ရီ၊ ဒေါက်တာတင်တင်ဝင်း- ဒေါက်တာကြည်မောင်ဆွေ တို့၏ ချစ်လှစွာသောမိခင်၊ မဝင့်ဝါမိုး၊ မစန္ဒီနှင်းနှင်း၊ မောင်ဟိန်းထက်ဇော်၊ မောင်ဇော်မျိုးအောင်၊ မောင်ကြည်ထွတ်တို့၏ အဘွား သည် ၁၆-၉-၂၀၂၀ ရက် နံနက် ၁၁:၃၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဒေါက်တာဒေါ်ခင်ခင်အုန်း (Violet Khee)

ဆမ-၂၁၂၈

M.B.B.S (YGN)

### အသက် (၈၂) နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကုန်းမြင့်ရိပ်သာလမ်း၊ ခြံအမှတ်(1-G) နေ (ဒေါက်တာဦးသန်းဆွေ)၏ဇနီး၊ ကိုယုမောင်ဆွေ-မမာလာခိုင်၊ ဒေါက်တာကြည်မောင်ဆွေ-ဒေါက်တာတင်တင်ဝင်း၊ မအိအိဆွေ-ကိုသန်းကျော်ထွန်းတို့၏ ချစ်လှစွာသောမိခင်၊ မောင်ဝင်းသူ၊ မောင်အေးမင်း၊ မောင်ကြည်ထွတ်၊ မောင်ညဏ်လင်းထွန်း၊ မဖူးပွင့်ဖြူတို့၏အဘွားသည် ၁၅-၉-၂၀၂၀ ရက် နံနက် ၁၀:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၉-၂၀၂၀ ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေး အကြောင်းအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### အထူးဝမ်းနည်းကြေကွဲခြင်း

### ဗိုလ်ချုပ်မြင့်လွင် (ငြိမ်း)

### အသက်(၈၉)နှစ်

စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၄)မှ သူငယ်ချင်း ရဲမြင့်၏ ဖခင်ကြီး ဗိုလ်ချုပ်မြင့်လွင် (ငြိမ်း)သည် ၁၇-၉-၂၀၂၀ ရက် ည ၁၁:၅၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် သူငယ်ချင်း မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ညီနောင်(၂၄)မှ သူငယ်ချင်းများနှင့်မိသားစုများ**

### အထူးဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း C/E ဦးစိုးမိုးအေး(Lizstar Shipping)၏ ချစ်လှစွာသောမိခင် ဒေါ်မော်ကြည် အသက်(၇၈)နှစ်သည် ၁၇-၉-၂၀၂၀ ရက် နံနက် ၄ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**ရေကြောင်းသိပ္ပံအပတ်စဉ်(၂၀)မှ သူငယ်ချင်းများ**

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ်၊ လမ်း ဒါယိကာမကြီး

### ဒေါ်သောင်း

### အသက် (၉၃) နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄) ရပ်ကွက်၊ စီမံကိန်း(၂)၊ သံသုမာလမ်း၊ အမှတ်(၁၅)နေ (ဦးဖိုးစံ-ဒေါ်ရွှေပွင့်)တို့၏သမီး၊ (ဦးမင်းဆွေ)၏ဇနီး၊ (ဒေါ်ဝင်းဝင်းတင်)၊ (ဒေါ်မြင့်မြင့်ရီ)၊ (ဦးဝင်းမြင့်)၊ ဦးစန်းမြင့်ဝင်း-ဒေါ်နွယ်နွယ်ဝါ တို့၏မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၃ယောက်၊ မြစ်ကိုးယောက်တို့၏ချစ်လှစွာသောဘွားဘွားကြီးသည် ၁၇-၉-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၆:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ကျန်ရစ်သော အရိုးပြာကို လှည်းကူးမြို့နယ်၊ ရဲမွန်ကျေးရွာ၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူ အားရည်စူး၍ ၂၃-၉-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဒေါ်တင်တင်မြိုင်

ဒု-စာရင်းအင်းအရာရှိ (ငြိမ်း)၊ ဝန်ထမ်းဟောင်းဗဟိုစာရင်းရုံး

### အသက် (၈၈) နှစ်

တောင်ငူမြို့နေ စက်ရှင်တရားသူကြီး (ဦးထွန်းမြိုင်-ဒေါ်ညိန်း)တို့၏ သမီးလတ်၊ [မောင်စောဟန် (ခ) ဗိုလ်ဘညွန့်(လေထီး)]၊ [မောင်မောင်လတ် (ခ) ဗိုလ်သက်ထွန်း]၊ (ဦးစံမြိုင်)၊ (ဒေါ်ညွန့်ညွန့်မြိုင်)တို့၏ညီမ၊ (ဒေါ်ခင်မေမြိုင်)၊ (ဒေါ်ခင်ဆွေမြိုင်)တို့၏အစ်မ၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗန္ဓုလအိမ်ရာ၊ East Point Condo၊ တိုက်(အေ)၊ ခုနစ်လွှာ၊ အခန်း(၇၀၃)နေ ဦးခင်မောင်လွင် (Consultant Statistician, WHO,South East Asia Region-ငြိမ်း)၏ချစ်ဇနီး၊ ကနေဒါနိုင်ငံ၊ အော်တဝါမြို့နေ ဦးတင်အောင်လွင်-ဒေါ်နီလာအောင်ကြီးတို့၏မိခင်ကြီး၊ မောင်အာကာအောင်လွင်၊ မောင်ဟံသာအောင်လွင်တို့၏ချစ်လှစွာသောဘွားဘွားသည် ၁၇-၉-၂၀၂၀ ရက် နံနက် ၁၀:၃၅ နာရီတွင်ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၉-၉-၂၀၂၀ ရက်တွင် မိသားစုအစီအစဉ်ဖြင့် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဒေါ်မြစိန် (ရေနံချောင်း)

### အသက် (၈၀)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၇)မိုင်၊ ဦးကျော်လှလမ်း၊ အမှတ်(၁၈) နေ (ဦးပိုက်-ဒေါ်ကြင်)တို့၏သမီး၊ (ဦးချစ်ခိုင်)၏ဇနီး၊ (ဦးကျော်ငြိမ်း)-ဒေါ်ခင်ဆွေမြင့်တို့၏ညီမ၊ ဒေါ်ထားထား၏အစ်မ၊ ဦးသန်းထွန်းဝင်း-ဒေါ်သန္တာခိုင်၊ ဦးကျော်စိုးမင်း-ဒေါ်သော်တာခိုင်၊ ဦးစိန်ခိုင်သန့်-ဒေါ်အေမီအောင်၊ ဦးဝေအောင်တို့၏မွေးသမိခင်၊ မချမ်းညိမ်းသူ၊ မောင်ရှိန်းထက်တို့၏အဘွား ဒေါ်မြစိန်သည် ၁၇-၉-၂၀၂၀ (ကြာသပတေးနေ့) ၁၁:၁၅ နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒုတိယဗိုလ်မှူးကြီး ဒေါက်တာခင်အေးမြင့်ဦး

(နား၊ နှာခေါင်း၊ လည်ချောင်းကုသမှုပါရဂူ)

### အသက် (၆၅) နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ လမ်း(၃၀)၊ တိုက်(၁၃၇)၊ အခန်း(၁၂) နေ [ဗိုလ်ကြီးသူရအောင်မြင့်စိုး(ငြိမ်း)-ဒေါ်ခင်မေရီ]တို့၏ သမီးကြီး၊ [ဒုတိယဗိုလ်မှူးကြီးသိန်းမောင်(ငြိမ်း)-ဒေါ်ရင်မေ]တို့၏သမီးချွေးမ၊ဗိုလ်ကြီးသိန်းစိုး(ငြိမ်း)(DSA-20၊ လ/ထအထွေထွေမန်နေဂျာ၊ ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်)၏ချစ်လှစွာသောဇနီး၊ ဦးကျော်ကျော်စိုး-ဒေါ်နီနီသိမ်းတို့၏ညီမ၊ ဒေါ်ခင်အေးမြင့်ရီ၊ ဗိုလ်မှူးထန်ကျင်ထောင်(ငြိမ်း)-ဗိုလ်ကြီးအေးမြင့်နွယ်(ငြိမ်း)၊ ဦးမျိုးမြင့်အောင်တို့၏အစ်မ၊ ဦးအေးချမ်းမင်း၊ ဦးငြိမ်းချမ်းလင်း-ဒေါ်နီနီအောင် (KBZ Bank Day Care Center)၊ ဗိုလ်မှူးကျော်ကိုကို-ဒေါ်အေးစုစံ(Telenor Co.,Ltd)တို့၏မိခင်၊ ဒေါ်ဆုသက်စံ၏အဒေါ်၊ ဆုလဲ့ယမင်း၊ အေးမြစန္ဒီခင်၊ မေသော်တာငြိမ်းတို့၏အဘွားသည် ၁၇-၉-၂၀၂၀ ရက် ညနေ ၃:၅၀ နာရီတွင် တပ်မတော်အသည်းဆေးရုံ-မင်္ဂလာဒုံ၌ ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဒေါ်ခင်မြ

### အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ရွှေဘကုန်းလမ်း၊ အမှတ်(မ/၆) နေ ဦးသန်းငွေး(ဒု-အထွေထွေမန်နေဂျာ-ငြိမ်း၊ ဖွဲ့နှုဆီဌာနကုန်သွယ်လယ်ယာ) ၏ ချစ်လှစွာသောဇနီး၊ ကိုနေလင်းဦး-မအေးအေးခိုင်၊ မမိုးပပလင်း၊ ကိုမိုးသူအောင်-မခင်ချောစုလင်း၊ ကိုမျိုးမင်းထွန်း-မအေးချမ်းမြင့်တို့၏ မွေးသမိခင်၊ မောင်ဇာနည်မင်းထက်၊ မောင်ဝီလျံမင်းထက်တို့၏ ချစ်လှစွာသောအဘွားသည် ၁၈-၉-၂၀၂၀ ရက် နံနက် ၉:၀၅ နာရီတွင် ရန်ကုန်မြို့၊သဃ်န်းကျွန်းအထွေထွေစံပြဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုး မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အနိစ္စ

### ဦးခင်မင်း

လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
နိုင်ငံခြားရေးဝန်ကြီးဌာန

### အသက်(၇၀)

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၅၂-ဒု)ထပ်၊ (၃၁) လမ်းနေ [ဦးကာစီ (အကောက်ခွန်ဦးစီးမှူး)]-ဒေါ်ညွန့်ရွှေ တို့၏ သားကြီး၊ အမှတ်(၁၂)၊ ပုညဝမုနလမ်း၊ ငွေကြွယ်ရပ်ကွက်နေ ဒေါ်ခင်မြရွှေ (အထပြ-ငြိမ်း)၏ ခင်ပွန်း၊ ဦးစိုးအောင်၊ ဒေါ်စီစီညွန့် (အထက-၄၊ ပုဇွန်တောင်-ငြိမ်း)တို့၏ အစ်ကိုကြီး၊ မောင်အုန်းအာကာမင်း၊ မနှင်းဝေလွင်ဦး (ဒုတိယအတွင်းဝန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၊ မောင်ပြည့်စုံမင်းတို့၏ ဖခင် သည် ၁၈-၉-၂၀၂၀ ရက် နံနက် ၅:၁၅ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါ၍ ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဦးအေးထွန်း

### အသက် (၆၉) နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ခေမာလမ်း၊ အမှတ်(၂၃)၊ လေးလွှာနေ (ဦးအောင်သိန်း-ဒေါ်စန်းကြည်)တို့၏သား၊ (ဒေါ်သန်းသန်း)၏ခင်ပွန်း၊ ကိုထင်လင်းဦး-မသီတာအောင်၊ ကိုနေအောင်ဝင်း-မဇင်မာလင်း၊ ကိုကျော်ခိုင်လင်း-မခင်မျိုးသက်၊ ကိုဝင်းသူလွင်-မသန္တာလင်း၊ ကိုညီညီလင်း(Aye Nyein Thar Co.,Ltd)-ဒေါ်ကြည်စင်သန့် (ခ) ဒေါ်ဖြူဖြူခိုင်(Htet Ekari Co.,Ltd)တို့၏ဖခင်၊ မြေး ခုနစ်ယောက်တို့၏အဘိုးသည် ၁၈-၉-၂၀၂၀ (သောကြာနေ့) နံနက် ၁၀:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဒေါ်မီမီသန်း(ခ)ဒေါ်မီးမီး

### အသက်(၅၆)နှစ်

မန္တလေးမြို့၊ အမှတ်(၃၀)၊ ၂၉x၈၇ လမ်းနေ (ဦးချစ်ညွှာ)-ဒေါ်ခင်စုဝင်းတို့၏ သမီးချွေးမ၊ ပဲခူးမြို့၊ (၁၉)လမ်းနေ (ဦးလွန်းမောင်)-ဒေါ်ကျင်မြင့်တို့၏ သမီး၊ ဦးစိုးညွန့်ဟန်(ခ)ဦးစိုးစိုး ၏ ဇနီး၊ မဝင်းမီမီဟန်၊ မငြိမ်းမီမီဟန်တို့၏ မွေးသမိခင် ဒေါ်မီမီသန်း(ခ)ဒေါ်မီးမီး သည် ၁၈-၉-၂၀၂၀ (သောကြာနေ့) နံနက် ၉:၃၀ နာရီတွင် မန္တလေးမြို့၌ (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါ၍ ယင်းနေ့ ညနေ ၄ နာရီတွင် အေးရိပ်ငြိမ်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း မိတ်ဆွေအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်မြမြဝင်း

### အသက် (၇၂) နှစ်

စတသ (၁၃)မှ ဦးမြင့်ထွန်း၏ဇနီး ဒေါ်မြမြဝင်း အသက် (၇၂) နှစ်သည် ၁၇-၉-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**စတသ(၁၃)ရောင်းရင်းများ**

### မူးယစ်ကို ပစ်

### ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

### အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်မြမြဝင်း

### အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရတနာအိမ်ရာ၊ မြလမ်းသွယ်(၁)လမ်း၊ အမှတ်(၁၁၂)နေ ဗိုလ်မှူးကြီးမြင့်ထွန်း(ငြိမ်း) (မီးသတ်ဦးစီးဌာန-ညွှန်ကြားရေးမှူးချုပ်-ငြိမ်း)၏ ဇနီး ဒေါ်မြမြဝင်းသည် ၁၇-၉-၂၀၂၀ ရက် ၂:၃၆ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံမီးသတ်ဝန်ထမ်းဟောင်းများအသင်း**

# စက်တင်ဘာ ၁၈ ရက် နံနက် ၈ နာရီထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၂၅၆ ဦးတွေ့ရှိ

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၁၇-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ မှ (၁၈-၉-၂၀၂၀) နံနက် (၈:၀၀)နာရီအထိ**

၁။ (၁၇-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၈-၉-၂၀၂၀) နံနက် (၈:၀၀)နာရီအတွင်း COVID-19 ဓာတ်ခွဲစစ်ဆေးချက်များအရ -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL) မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ (၁၆၉၄) ခု၊
- ဆေးသုတေသနဦးစီးဌာန(DMR) မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ (၁၁၁)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး) မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ (၅၂၉)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်)မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ (၁၃၂)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(တောင်ကြီး)မှ ဓာတ်ခွဲနမူနာ (၉၄)ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပြည်မြို့မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ (၁)ခု၊
- ပြည်သူ့ဆေးရုံကြီး၊ တောင်ငူမြို့မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ (၇)ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့မှ ဓာတ်ခွဲနမူနာ (၁၆)ခု၊
- အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၆၈၈)ခု၊
- အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၂၈၂)ခု၊

စုစုပေါင်း ဓာတ်ခွဲနမူနာ (၃၅၅၄)ခုတို့အား ထပ်မံစစ်ဆေးပြီးစီးခဲ့ရာ

- COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် (၂၅၆)ဦး တွေ့ရှိပါသည်။

၂။ သို့ဖြစ်ရာ (၁၈-၉-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၄၂၉၉)ဦး ရှိပြီဖြစ်ပါသည်။

၃။ (၁၇-၉-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင်

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL) မှ ဓာတ်ခွဲနမူနာ (၂၂၄၆)ခု၊
- ဆေးသုတေသနဦးစီးဌာန(DMR)မှ ဓာတ်ခွဲနမူနာ (၃၆၆)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး)မှ ဓာတ်ခွဲနမူနာ (၉၆၅)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်)မှ ဓာတ်ခွဲနမူနာ (၃၈၄)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(တောင်ကြီး)မှ ဓာတ်ခွဲနမူနာ (၉၄)ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့မှ ဓာတ်ခွဲနမူနာ (၁၆)ခု၊
- နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၇၀)ခု၊
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၈၅)ခု၊
- ပြည်သူ့ဆေးရုံကြီး၊ တာချီလိတ်မြို့မှ ဓာတ်ခွဲနမူနာ (၁၇)ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၁၀)ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့မှ ဓာတ်ခွဲနမူနာ (၃)ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မူဆယ်မြို့မှ ဓာတ်ခွဲနမူနာ (၁၁)ခု၊
- ပြည်သူ့ဆေးရုံကြီး၊ တောင်ငူမြို့မှ ဓာတ်ခွဲနမူနာ (၉)ခု၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ *

## မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ မြန်မာအမျိုးသားကွန်ဂရက်ပါတီ၊ တအာင်း(ပလောင်)အမျိုးသားပါတီနှင့် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များပါရှိ

မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ မြန်မာအမျိုးသားကွန်ဂရက်ပါတီ၊ တအာင်း(ပလောင်)အမျိုးသားပါတီ နှင့် **ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ** တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆၊ ၁၇၊ ၁၈၊ ၁၉ တို့တွင် ဖော်ပြထားပါသည်။

## လမ်းမတော်မြို့နယ်၌ အခြေခံလူတန်းစား အိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်

**ရန်ကုန် စက်တင်ဘာ ၁၈**
ရန်ကုန်မြို့ လမ်းမတော်မြို့နယ်တွင် ရပ်ကွက် ၁၃ ရပ်ကွက်ရှိရာ အခြေခံလူတန်းစား အိမ်ထောင်စုများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း နိုင်ငံတော်မှ စားဝတ်နေရေး အဆင်ပြေစေရေးအတွက် စတုတ္ထအကြိမ် ထောက်ပံ့ငွေပေးအပ်ခြင်းကို ယမန်နေ့က ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခြေခံလူတန်းစား အိမ်ထောင်စုများအား အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် အိမ်ထောင်စု ၂၉၀ အတွက် စုစုပေါင်း ငွေကျပ် ၅၈ သိန်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ကျော်ဆန်းမြင့်



## ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ကို မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

နေပြည်တော် စက်တင်ဘာ ၁၈
**ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ** ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ကို စက်တင်ဘာ ၁၉ ရက် ည ၇ နာရီတွင် **မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ မြန်မာ့အသံရေဒီယို** နှင့် **MRTV Facebook Page** တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၂၀ ရက်တွင် နိုင်ငံပိုင်သတင်းစာများဖြစ်သော **မြန်မာ့အလင်းသတင်းစာ၊ ကြေးမုံသတင်းစာ**နှင့် **The Global New Light of Myanmar** သတင်းစာတို့တွင် ဖော်ပြသွားမည်ဖြစ်ပါသည်။

သတင်းစဉ်

## နေရပ်ပြန်မြန်မာသင်္ဘောသားများအား ကော့သောင်းမြို့၌ အသွားအလာကန့်သတ်စောင့်ကြည့်ထားရှိ

**ကော့သောင်း စက်တင်ဘာ ၁၈**
ကော့သောင်းမြို့အနီး အက်ဒမန်ပင်လယ်အတွင်း သင်္ဘောသားအလဲအလှယ်ပြုလုပ်ရန် စင်ကာပူနိုင်ငံမှ လာရောက်သည့် MT.K K NO.3 သင်္ဘောပေါ်မှ သင်္ဘောသား ခုနစ်ဦး၊ တရုတ်နိုင်ငံမှလာရောက်သည့် M.V SUNLEAF STAR သင်္ဘောပေါ်မှ သင်္ဘောသား ၁၂ ဦး၊ စင်ကာပူနိုင်ငံမှလာရောက်သည့် MT DAEHO SUNSTAR သင်္ဘောပေါ်မှ သင်္ဘောသား ငါးဦး၊ မိုဇမ်ဗစ်နိုင်ငံမှ လာရောက်သည့် MT MELATI-4 သင်္ဘောပေါ်မှ သင်္ဘောသား ၁၈ ဦး၊ စင်ကာပူနိုင်ငံမှလာရောက်သည့် MV GRAND EAGLE သင်္ဘောပေါ်မှ သင်္ဘောသား ၁၀ ဦး စုစုပေါင်း သင်္ဘောငါးစင်းပေါ်မှ သင်္ဘောသား ၅၂ ဦး ထွက်လာရာ ယမန်နေ့ ညနေပိုင်းက မြို့မဆိပ်ကမ်းမှတစ်ဆင့် ကော့သောင်းမြို့သို့ ဝင်ရောက်လာပြီး ဟိုတယ်၌ ကန့်သတ်စောင့်ကြည့်မှုခံယူလျက်ရှိကြောင်း သိရသည်။

သင်္ဘောများပေါ်မှ ထွက်လာသည့် အဆိုပါ မြန်မာသင်္ဘောသား ၅၂ ဦးမှာ ကော့သောင်းမြို့တွင် ကြိုတင်ရောက်ရှိနေသည့် MT.K K NO.3 သင်္ဘောပေါ်သို့ တက်ရောက်မည့် အင်ဂျင်နီယာ ဦးအောင်နေဇော်ပါ သင်္ဘောသား ခုနစ်ဦး၊ M.V SUNLEAF STAR သင်္ဘောပေါ်သို့ တက်ရောက်မည့် စာမျက်နှာ ၈ ကော်လံ ၅ သို့ ❂

ကြေးမုံ ယနေ့ ဖတ်စရာ

**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ သန်း ၃၀ ကျော် ရှိလာ**

စာမျက်နှာ » ၁၁

**ယီမင်ပဋိပက္ခအား ငြိမ်းချမ်းစွာ အဖြေရှာရန်လိုအပ်ဟု ကုလသမဂ္ဂ အကြီးအကဲ ဂူတာရက်စ် ပြောကြား**

စာမျက်နှာ » ၁၂



**မွန်ပြည်နယ် မုဒုံမြို့ မီတာ ၄၀၀ ဘောလုံးကွင်း အဆင့်မြှင့်ပြင်ဆင်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး**

စာမျက်နှာ » ၂၃

## ယခုနှစ်အတွင်း ကျင်းပမည့်ပြိုင်ပွဲများအတွက် မြန်မာနေရှင်နယ်လိဂ် ထပ်မံထုတ်ပြန်ဖွယ်ရှိ

**ရန်ကုန် စက်တင်ဘာ ၁၈**
မြန်မာနေရှင်နယ်လိဂ်သည် ယခုနှစ်အတွင်း ကျင်းပမည့်ပြိုင်ပွဲများနှင့်ပတ်သက်၍ ထပ်မံထုတ်ပြန်ဖွယ်ရှိနေပြီး ပြိုင်ပွဲအချို့ ကျင်းပရန်ကျန်ရှိနေသည်။

**ကျင်းပလျက်ရှိ**

မြန်မာနေရှင်နယ်လိဂ်သည် ကိုဗစ်-၁၉ ရောဂါကြောင့် ရပ်နားထားသည့် ပြည်တွင်းပြိုင်ပွဲများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များအတိုင်း ပြန်လည်ကျင်းပနေရပြီး ပထမဆုံးပြိုင်ပွဲအဖြစ် MNL အမှတ်ပေးပြိုင်ပွဲကို ဇူလိုင် ၂၂ ရက်မှ အောက်တိုဘာ ၃ ရက်အထိ ကျင်းပလျက်ရှိသည်။

မြန်မာနေရှင်နယ်လိဂ် အနေဖြင့် ယခုနှစ်တွင် MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ၊ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲနှင့် အမျိုးသမီးလိဂ်ပြိုင်ပွဲတို့ ကျင်းပရန် ကျန်ရှိနေပြီး လက်ရှိကျင်းပနေသည့် MNL ပြိုင်ပွဲအပြီးတွင် MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ဆက်လက်ကျင်းပရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ MNL ပြိုင်ပွဲတွင် တန်းတက်၊ တန်းဆင်းပြုလုပ်နိုင်ရန် MNL-2(ပထမတန်း)အမှတ်ပေးပြိုင်ပွဲကို မဖြစ်မနေကျင်းပရမည်ဖြစ်ပြီး လိုအပ်သည့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

မြန်မာနေရှင်နယ်လိဂ်သည် ထပ်မံကျင်းပမည့်ပြိုင်ပွဲများနှင့်ပတ်သက်၍ သတင်းထုတ်ပြန်မည်ဖြစ်ပြီး MNL-2(ပထမတန်း) အမှတ်ပေးပြိုင်ပွဲကို ဦးစားပေးအဖြစ် ကျင်းပဖွယ်ရှိနေသည်။

**စီစဉ်ဆောင်ရွက်ထား**

MNL-2(ပထမတန်း) အမှတ်ပေးပြိုင်ပွဲမှာ ပထမအကျော့အပြီးတွင် ရပ်နားထားရခြင်းဖြစ်ပြီး ဒုတိယအကျော့ ၂၈ ပွဲသာ ကျင်းပရန် ကျန်ရှိသောကြောင့် ကျင်းပဖြစ်ပါက သုံးပတ်အတွင်း ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

ရှိုင်းထက်ဇော်